# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)


၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက် ၂၀၂၁ ခုနှစ်၊ မတ် ၂၁ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၀)၊ အမှတ် (၁၇၂)


# တပ်မတော်၊ တိုင်းပြည်နှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၂၀**

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်၏ တာဝန်များအား ပုဒ်မ ၄၁၇ နှင့် ၄၁၈ တို့အရ ဆောင်ရွက်ခဲ့ပြီး ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်းနှင့် တပ်မတော်သားများအနေဖြင့် တစ်ဦးချင်းအသိစိတ်ဓာတ် ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်ပြီး မိမိတို့တစ်ဦးချင်းမှ မိမိကိုယ်ကိုယ်နှင့် မိမိတပ်ကို ကောင်းအောင်ကြိုးစားပြီး *စာမျက်နှာ ၃ ကော်လံ ၁* ✻

## မြန်မာ့မီးရထားမှ မန္တလေး - နေပြည်တော် - ရွာသာကြီး အမှတ် (၈၂၄) အစုန် ကုန်သေတ္တာတင် ရထားခရီးစဉ်ပြေးဆွဲ

**နေပြည်တော် မတ် ၂၀**

လမ်းပန်းဆက်သွယ်ရေး လုပ်ငန်း၏ ပို့ဆောင်ရေးကဏ္ဍတွင် မြန်မာ့မီးရထားသည် ခရီးသည်နှင့် ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် အရေအတွက်များများ သယ်ယူပို့ဆောင်ပေးနိုင်သဖြင့် မဖြစ်မနေ ပြေးဆွဲပေးရမည့် လုပ်ငန်းတစ်ခုပင် ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ ချောမွေ့ဖြောင့်တန်းစွာ သွားလာနိုင်ရေးမှာ ပြည်သူများ *စာမျက်နှာ ၇ ကော်လံ ၁* ○



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၃ / ၂၀၂၁) ကျင်းပမည်

**နေပြည်တော် မတ် ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၃/၂၀၂၁) ကို မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ယခုထက်ပိုပြီး ဆတက်ထမ်းပိုးတိုးပြီး လုပ်ကြဖို့လို



ယခုတိုင်းပြည်မှာ မငြိမ်မသက်ဖြစ်နေတဲ့ ကိစ္စ၊ ဆူဆူပူပူဖြစ်နေတဲ့ ကိစ္စတွေဟာ တိုင်းပြည်အတွက် အကျိုးရှိသလား၊ အကျိုးမရှိဘူးလားဆိုတာ ခင်ဗျားတို့ ထပ်စဉ်းစားဖို့လိုတယ်။ ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့ လူတွေမှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့ လိုတယ်။ ဘယ်သူ့ကိုမှ အားပေးဖို့မလိုဘူး။ တိုင်းသူပြည်သား ညီညွတ်ရေး၊ လူထုရဲ့ညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ယခုထက်ပိုပြီး ဆတက်ထမ်းပိုးတိုးပြီးလုပ်ကြဖို့ လိုတယ်။

(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေး၌ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းမှကောက်နုတ်ချက်)

# (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

# ပြည်တွင်းခရီးသွားများအတွက် ခရီးစဉ်များ ပြန်လည်ဖွင့်လှစ်

ကိုဗစ်-၁၉ ကပ်ရောဂါ မိမိတို့နိုင်ငံအတွင်း ကူးစက်ပျံ့နှံ့မှုနှုန်းမှာ အတိုင်းအတာတစ်ရပ်အထိ တည်ငြိမ်အောင် ထိန်းချုပ်ထားနိုင်နေပြီဟု ယုံကြည်ရသည်။ ရောဂါအတည်ပြုစာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်သည့်အရေအတွက်အားဖြင့် နည်းပါးနေသည်ဟု ဆိုနိုင်သော်လည်း ရောဂါရှာဖွေစစ်ဆေးမှုနှင့် တွေ့ရှိမှု အချိုးအစားအရ ရောဂါကူးစက်မှုလျော့ကျလာသည့် လက္ခဏာများဟု ဆိုနိုင်သည်။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှုများ ပိုမို၍လွှမ်းခြုံပေးလာနိုင်သည်နှင့်အမျှ ရောဂါကူးစက်ပျံ့နှံ့မှု ပို၍ပို၍ ကျဆင်းသွားမှာလည်းဖြစ်သည်။ ရောဂါကို ထိန်းချုပ်လာနိုင်သည်နှင့်အမျှ လပေါင်းများစွာကြာမြင့်အောင် ရပ်ဆိုင်းထားခဲ့ရသည့် ပညာရေး၊ စီးပွားရေးကဏ္ဍအသီးသီးတို့ ပြန်လည်စတင်နိုင်ရန် ကြိုးပမ်းရတော့မည် ဖြစ်သည်။

ကိုဗစ်-၁၉ ကြောင့် ထိခိုက်နစ်နာမှုကြီးမားသည့် စီးပွားရေးလုပ်ငန်းများအနက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများက ထိပ်ဆုံးထဲမှာပါဝင်သည်။ လုပ်ငန်းအားလုံးနီးနီး ရပ်ဆိုင်းသွားခဲ့ရပြီး ဆုံးရှုံး မှုများ၏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ ခန့်ရှိသည်ဟုလည်း ခန့်မှန်းထားသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများထိုးနှံမှုနှင့် ရောဂါကူးစက်မှုကို ထိန်းချုပ်မှုတို့ ပြုလုပ်နိုင်မှုအပေါ် မူတည်ပြီး ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ပြင်ဆင်နေ ပြီလည်းဖြစ်သည်။ ကိုဗစ်-၁၉ အလွန် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ရာတွင် ပြည်တွင်းခရီးသွားလုပ်ငန်းများမှ စတင် ကြရမှာဖြစ်သည်။ နိုင်ငံတကာတွင်လည်း ဤနည်းနှင်နှင် ပြည်တွင်းခရီးသည်များနှင့် ပြည်တွင်းခရီးစဉ်များဖြင့်ပင် ခရီးသွားလုပ်ငန်းကို စတင်မောင်းနှင်ကြခြင်း ဖြစ်သည်ဟု သိရသည်။

နိုင်ငံတော်အစိုးရက ပြည်တွင်းခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုပေးထားပြီးဖြစ်သကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ခရီးသွားလာအပန်းဖြေနိုင်ရေးအတွက် ခရီးသွားကန့်သတ်ချက်များ တစ်ပြေးညီဖြေလျှော့ပေးခြင်း၊ ဟိုတယ်၊ မိုတယ်များ ဖွင့်လှစ်ပေးခြင်းနှင့် အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းများ ပြန်လည်ဖွင့်လှစ်ထားရှိပြီးဖြစ်သည်ဟုလည်း သတင်းအရ သိရသည်။

ခရီးသွားလုပ်ငန်းကို ပြည်တွင်းဈေးကွက်မှ ပြန်လည်စတင်ခြင်းက အချိန်တန်လျှင် မလွဲမသွေ ပြန်လည်ဖြစ်ပေါ်လာမည့် နိုင်ငံတကာခရီးသွားဈေးကွက်အတွက် ကြိုတင်ပြင်ဆင်ခြင်းဟုလည်း ဆိုနိုင်သည်။ ယခုအခါ ဒေသအလိုက် ခရီးစဉ်စီမံခန့်ခွဲမှုအဖွဲ့ (Destination Management Organization – DMO) များဖွဲ့စည်းထားရှိပြီး ခရီးစဉ်အသစ်များ ရှာဖွေဖော်ထုတ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများမြှင့်တင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ဒေသအလိုက်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဖော်ထုတ်ခြင်းတို့ပြုလုပ်လျက်ရှိသည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ စတင်လည်ပတ်နိုင်ပါက ပြည်တွင်းခရီးသွားဧည့်သည်များ စိတ်အပန်းဖြေရေးနှင့် ပျော်ရွှင်ချမ်းမြေ့ရေးအတွက်ကိုသာမက ယင်းလုပ်ငန်းနှင့် ဆက်စပ်နေသည့် အခြားစီးပွားရေးလုပ်ငန်းများကိုလည်း ပြန်လည်နိုးထလာစေမည်ဖြစ်သည်။ ခရီးသွားဧည့်သည်များ သုံးစွဲမှုနှင့် ထိုက်တန်သည့် ဝန်ဆောင်မှုနှင့် စိတ်ကျေနပ်မှုတို့ ရရှိရန် အရေးကြီးသလို ဘေးအန္တရာယ်ဆိုင်ရာ၊ ကူးစက်ရောဂါဆိုင်ရာ၊ အစားအသောက်ဆိုင်ရာ လုံခြုံစိတ်ချရေးတို့အတွက်လည်း ပြည့်စုံသည့်ဝန်ဆောင်မှုများ ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားကြရမှာ ဖြစ်သည်။ ပြည်တွင်းခရီးသွားလုပ်ငန်းများ အောင်မြင်မှုရရှိလာသည်နှင့်အမျှ ဒေသများ အေးချမ်းတည်ငြိမ်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း။ ။

## ပင်စင်စား မိဘပြည်သူများသို့ ပန်ကြားချက်

မြန်မာ့စီးပွားရေးဘဏ်တွင် Wave Pay ၊ MPT Pay တို့ဖြင့် ပင်စင်လစာထုတ်ယူနေသော မိဘပင်စင်စားများအနေဖြင့် လတ်တလောအခြေအနေအရ ၂၀၂၁ ခုနှစ် မတ်လအတွက် အငြိမ်းစားလစာငွေများကို Mobile Agents များတွင် ထုတ်ယူခြင်းအစား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် E-Pension ကတ်အသုံးပြု၍ ထုတ်ယူနိုင်ပါရန်နှင့် COVID-19 ကူးစက်ရောဂါ ကာကွယ်နိုင်ရေးအတွက် ၂၂-၃-၂၀၂၁ ရက်နေ့ တစ်ရက်တည်း ထုတ်ယူခြင်းအစား ယင်းနေ့နောက်ပိုင်း ဘဏ်ဖွင့်ရက်များတွင် ဘဏ်လုပ်ငန်းချိန်အတွင်း လွယ်ကူစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

## တောင်ကုတ်မြို့နယ်တွင် ကျေးလက်အိမ်ရာတည်ဆောက်

မအီ မတ် ၂၀

ရခိုင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးညီညီဆွေ တောင်ကုတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ် ဦးစီးမှူးဦးညီညီနှင့် အဖွဲ့သည် တောင်ကုတ်မြို့နယ် ငှက်ပျောတောကျေးရွာတွင် တည်ဆောက်လျက်ရှိသည့် ကျေးလက်အိမ်ရာ ခုနစ်လုံး တည်ဆောက်နေမှုလုပ်ငန်းပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါကျေးလက်အိမ်ရာများကို ၂၀၂၀-၂၀၂၁ ခုနှစ်၊ ဘဏ္ဍာရေးနှစ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၆၀ ဒသမ ၅၅ သန်းဖြင့် စစ်တွေမြို့နယ် အခြေစိုက် စောဝတီကုမ္ပဏီက ပြီးခဲ့သည့်ငါးပတ်အကြာက တာဝန်ယူစတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မောင်မောင်ဌေး(ပြန်/ဆက်)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျွန်းစုတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။

✪ **ဒီမိုကရေစီဆိုသည်မှာ အများ၏ဆန္ဒနှင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အများ၏ဆန္ဒနှင့် ဆောင်ရွက်သည်ဆိုသော်လည်း အများ၏ ဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်လို၊ အများဆန္ဒသည် ရိုးသားမှုမရှိပါက ယင်းနိုင်ငံရေးသည် ဒီမိုကရေစီဟု ပြောနိုင်ရန် ခဲယဉ်း**

✪ **၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်သည် COVID-19 ရောဂါ ဖြစ်ပွားနေချိန်ဖြစ်ပြီး social distancing နှင့်အညီ မဲပေးမှုများ ဆောင်ရွက်ခဲ့ရ၊ မဲပေးမှုမှာ ၇၁ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရ၊ မဲစာရင်းရလဒ်များကို စစ်ဆေးခဲ့ရာတွင်လည်း ကွာဟမှုများစွာတွေ့ရှိခဲ့ရပြီး တွေ့ရှိချက်များကိုလည်း ထုတ်ပြန်ကြေညာခဲ့၊ မဲစာရင်းလွဲမှားနေမှုများကို ပြန်လည်စိစစ်ပေးရန် အကြိမ်ကြိမ်ပြောဆိုခဲ့**

*❊ရှေ့ဖုံးမှ*

တပ်မတော်၊ တိုင်းပြည်နှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်း တပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုများအား သီးခြားစီတွေ့ဆုံ၍ အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် စောသန်းလှိုင်၊ မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်း တပ်နယ်တို့မှ တပ်နယ်မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ မဲစာရင်းများမှားယွင်းသည့် ကိစ္စရပ်များကို ဒီမိုကရေစီ နည်းလမ်းနှင့်အညီ ဥပဒေကြောင်းအရ ဖြေရှင်းနိုင်ရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့ကြောင်း၊ မဲစာရင်းများတွင် ကြီးမားသည့်လွဲမှားမှုများ ဖြစ်ခဲ့ပြီး သာမန်လွဲမှားမှုများ မဟုတ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် မဲစာရင်းမှားယွင်းမှုများကို ဒီမိုကရေစီနည်းလမ်းများနှင့်အညီ အတတ်နိုင်ဆုံး ဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မည်သို့မျှ ဆွေးနွေးညှိနှိုင်း ဖြေရှင်းမရသည့်အတွက် ယခုအဆင့်ထိ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍ မိမိတို့နိုင်ငံသည် အတွေ့အကြုံအားနည်းပြီး ၁၉၉၀ ပြည့်နှစ်မှစ၍ ရွေးကောက်ပွဲအတွေ့အကြုံရှိခဲ့ခြင်းဖြစ်ကာ ထိုစဉ်ကတည်းကပင် ရွေးကောက်ပွဲတစ်ခုသည် ဖိအားများရှိနေပါက ရိုးသားသော ရွေးကောက်ပွဲနှင့် မှန်ကန်သောရလဒ်ထွက်ပေါ်သည့် ရွေးကောက်ပွဲ မဖြစ်လာနိုင်သည်ကို အတွေ့အကြုံ ရရှိခဲ့ကြောင်း။

**ဒီမိုကရေစီဆိုသည်မှာ အများ၏ဆန္ဒနှင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အများ၏ဆန္ဒနှင့် ဆောင်ရွက်သည်ဆိုသော်လည်း အများ၏ဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်လိုကြောင်း၊ အများဆန္ဒသည် ရိုးသားမှုမရှိပါက ယင်းနိုင်ငံရေးသည် ဒီမိုကရေစီဟု ပြောနိုင်ရန်ခဲယဉ်း**ကြောင်း၊ တက်လာသည့် အစိုးရများသည် ဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အမှန်တကယ် အလုပ်လုပ်နိုင်မည့် အစိုးရဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ၏ ၇၇ ရာခိုင်နှုန်း မဲပေးခဲ့ကြကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ၇၀ ရာခိုင်နှုန်းနီးပါး မဲပေးခဲ့ကြသည်ကို တွေ့ရကြောင်း၊ ၂၀၁၆ ခုနှစ်တွင် တက်လာသည့် အစိုးရ၏ လုပ်ဆောင်ချက်များအပေါ် ပြည်သူများအနေဖြင့် အားမလိုအားမရ ဖြစ်လာကြသည်ကို တွေ့ရကြောင်း၊ ပြည်သူများကငင်းတို့၏ ဆန္ဒအလျောက် အလွှာအသီးသီး၏ ခံစားချက်များကိုမှုတည်၍ အစိုးရလုပ်ဆောင်ချက်များအပေါ် အားမလိုအားမရ ဖြစ်လာသည့်အတွက် ရွေးကောက်ပွဲလုပ်ရန်ရှိလာသည့်အခါ ရွေးကောက်ပွဲအပေါ် စိတ်ပျက်ပြီး မဲမပေးချင်သော စိတ်များဖြစ်လာကြသည်ကို တွေ့ရပြီး No Vote လှုပ်ရှားမှုများ ဖြစ်လာသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲလုပ်သည့်အခါတွင် ရန်ကုန် တစ်မြို့နယ်လုံး၌ ဆန္ဒမဲပေးသူ ၁၄ ရာခိုင်နှုန်းခန့်သာရှိသည်ကို သိရှိရကြောင်း။

**ဥပဒေကို ကျော်လွန်၍မဖြစ်**

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲပြုလုပ်ခြင်း၊ **ဆန္ဒမဲပေးခြင်းသည် အနှစ်သာရပင်ဖြစ်သောကြောင့် မိမိအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ ရောက်သည့် နေရာတိုင်းတွင် နှစ်သက်ရာကို မဲပေးရန်၊ တိုင်းပြည်နှင့် လူမျိုးအကျိုး သယ်ပိုးနိုင်မည့်သူ၊ ဒေသအကျိုးကို ဖော်ဆောင်နိုင်မည့်သူများကို ရွေးချယ်မဲပေးကြရန် တိုက်တွန်းခဲ့ကြောင်း၊ ဖြစ်သင့်သည်ကိုသာ** တိုက်တွန်းပြောပြခဲ့ကြောင်း၊ **တပ်မတော်ကို တပ်တွင်းမဲရုံများတွင် မဲပေးခြင်းမှ အပြင်တွင် မဲပေးရမည်၊ ပြည်သူနှင့်အတူ မဲပေးရမည်ဟု ပြောလာသည့်အခါ မိမိအနေဖြင့် ချက်ချင်းပင် သဘောတူခဲ့ကြောင်း၊ ပြည်သူနှင့်အတူ လွတ်လွတ်လပ်လပ်မဲပေးရန် ဆောင်ရွက်ခဲ့ကြောင်း၊** မဲပေးသည့်ကာလ၊ မဲပေးသည့်အချိန်တွင် မဲရုံများနှင့် ပတ်သက်၍ ကြိုတင်မဲပြဿနာများ ရှိကြောင်း၊ ကြိုတင်မဲများနှင့်စပ်လျဉ်း၍ အမိန့်၊ ညွှန်ကြားချက်များနှင့် ပြင်ဆင်ချက်များပေး၍ မဲပေးခိုင်းသည်ကို တွေ့ရကြောင်း၊ ဥပဒေကို ကျော်လွန်၍ မဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ဥပဒေကို ကျော်လွန်သည့် အမိန့်များကို ထုတ်ပြန်မှု မပြုသင့်ကြောင်း၊ သို့သော် အဆိုပါအချက်များကို မျက်ကွယ်ပြု၍ ကိုဗစ်ဖြစ်သည်ကို အကြောင်းပြကာ ထုတ်ပြန်ထားသည့် အမိန့်များကို တွေ့ရကြောင်း။

**သံသယဖြစ်စရာများ တွေ့ရှိ**

ရွေးကောက်ပွဲမတိုင်မီ ဆောင်ရွက်သည့် ပါတီမဲဆွယ်စည်းရုံးရေးများတွင်လည်း ပါတီများ၏ ပြောဆိုလုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ တရားမျှတမှု သံသယဖြစ်စရာများ တွေ့ရှိရကြောင်း၊ ပါတီ၏ မူဝါဒများ ကြေညာ၍ မဲဆွယ်စည်းရုံးရာ၌ပင် ဆင်ဆာဖြတ်တောက်မှုများ ရှိလာကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး ဆောင်ရွက်ပေးရန် ကြုံသည့်နေရာတိုင်းတွင် ထည့်သွင်းပြောကြားခဲ့ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်စေရေး လုပ်ဆောင်ပေးရန် အဓိကထား ဦးတည်၍ ပြောခဲ့ကြောင်း။

**မဲစာရင်းရလဒ်ကွာဟမှု များစွာတွေ့ရှိ**

**၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်သည် COVID-19 ရောဂါ ဖြစ်ပွားနေချိန်ဖြစ်ပြီး social distancing နှင့်အညီ မဲပေးမှုများ ဆောင်ရွက်ခဲ့ရ**ကြောင်း၊ **မဲပေးမှုမှာ ၇၁ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရ**ကြောင်း၊ **မဲစာရင်းရလဒ်များကို စစ်ဆေးခဲ့ရာတွင်လည်း ကွာဟမှုများစွာ တွေ့ရှိခဲ့ရပြီး တွေ့ရှိချက်များကိုလည်း ထုတ်ပြန်ကြေညာခဲ့**ကြောင်း၊ ထိုသို့ **မဲစာရင်းလွဲမှားနေမှုများကို ပြန်လည်စိစစ်ပေးရန် အကြိမ်ကြိမ်ပြောဆိုခဲ့**ကြောင်း၊ မြိတ်မြို့နယ်တွင် မဲမသမာမှုပေါင်း ၅ သောင်းကျော်နှင့် ကျွန်းစုမြို့နယ်တွင် မဲမသမာမှုပေါင်း ၃ သောင်းကျော်ရှိပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ဆိုပါက ၁၀ သန်းကျော် ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ မဲစာရင်းလိမ်လည်မှုသည် ဆိုးရွားသည့် လုပ်ရပ်ဖြစ်ပြီး ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင် မဲနိုင်မည်ဖြစ်သော်လည်း ရိုးရိုးဖြေပါက အောင်မြင်မည့် စာမေးပွဲကို မတန်တဆအမှတ်လိုချင်သဖြင့် မသမာသည့်နည်းဖြင့် လုပ်ဆောင်သည်နှင့် တူနေကြောင်း၊ ထိုသို့ **မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မကြံစည်ကြိုးပမ်းလာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်၏ တာဝန်များအား ပုဒ်မ ၄၁၇ နှင့် ၄၁၈ တို့အရ ဆောင်ရွက်ခဲ့ပြီး ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရ**ခြင်းဖြစ်ကြောင်း၊ ထိုသို့ **ဖွဲ့စည်းရာတွင်လည်း တပ်ဘက်၊ အရပ်ဘက် မျှတအောင် ဖွဲ့စည်းထားခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ကောင်စီဥက္ကဋ္ဌများကို အရပ်သားများဖြင့်သာ ဖွဲ့စည်းပေးခဲ့**ကြောင်း၊ **တပ်မတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်**ကြောင်း။

စတင်တာဝန်ယူသည့် ပထမရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှစတင်၍ ဆူပူမှု၊ ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ ဆန္ဒပြမှုများမှာ ကိုဗစ်ကာလ အကျပ်အတည်း ထိန်းချုပ်မှု၊ အခြားတစ်ဖက်ကလည်း ရွေးကောက်ပွဲ မဲမသမာမှုအပေါ် ယခုလို ဆောင်ရွက်ခြင်းကြောင့် မခံမရပ်နိုင်သူများကြောင့် ဖြစ်ပွားနေခြင်းဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုဖြစ်စဉ်များအားလုံးကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များဖြင့် အင်အား

*စာမျက်နှာ ၄ သို့*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

---

*စာမျက်နှာ ၃ မှ*

အနည်းဆုံးနှင့် အသက်သာဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ ယခုအခါ ဆူပူဆန္ဒပြသည့်အဆင့်မှ မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုအဆင့်များမှတစ်ဆင့် ပို့ဂွင့် ၂၂ သေနတ်၊ တူမီးသေနတ်၊ လေသေနတ်၊ လက်လုပ်သေနတ်၊ လက်လုပ်လက်ပစ်ဗုံးများ၊ မီးပုလင်း၊ မီးကွင်းကဲ့သို့သော အဖျက်အမှောင့်လက်နက်များကို ကိုင်စွဲ၍ နိုင်ငံတော်အုပ်ချုပ်ရေးအဆောက်အဦများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာအဆောက်အဦများအပြင် ရိုးသားအေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းများ၊ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်မှုများ စသည့်လက်နက်ကိုင် အကြမ်းဖက်သည့်အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိလာရကြောင်း၊ ထို့ပြင် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်ထားသော စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်လာခြင်းတို့ ပြုလုပ်လာကြောင်း၊ ထို့ကြောင့် မည်သို့မျှ မတတ်သာသည့်အဆုံး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန်ဆောင်ရွက်ခဲ့ရကြောင်း၊ လူငယ်လူရွယ်များကို အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကင်းမဲ့စေသည့် လုပ်ဆောင်ချက်များ လုပ်ဆောင်လာစေရန်၊ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်လာစေရန် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများ လုပ်ဆောင်နေသည်ကို တွေ့မြင်ရပြီး နိုင်ငံတော်အတွက် အန္တရာယ်ရှိသည့် လုပ်ရပ်များပင်ဖြစ်ကြောင်း။

**နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်**

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပထမဦးစားပေးအနေဖြင့် မဲစာရင်းများကို စိစစ်လျက်ရှိပြီး တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလျက်ရှိကာ အလုံးစုံပြီးစီးပါက ပေါင်းချုပ်စာရင်းများကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် စစ်ဆေးရန်လိုအပ်သည်များကို စစ်ဆေးလျက်ရှိပြီး အဂတိလိုက်စားမှုဆိုင်ရာ တွေ့ရှိချက်များကိုလည်း သတင်းများ ထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ပြီး COVID–19 ရောဂါဖြစ်ပွားမှုကြောင့် ကျောင်းများပိတ်ထားရခြင်းသည် ကျောင်းသား ကျောင်းသူများနှင့် မိဘတစ်ဦးချင်းစီ၏ နစ်နာဆုံးရှုံးမှုအပြင် တိုင်းပြည်အတွက်လည်း နစ်နာဆုံးရှုံးမှုပင် ဖြစ်သောကြောင့် ကျောင်းများစနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လူစုလူဝေးမဖြစ်စေရန်၊ မသမာသူများက လှုံ့ဆော်မှုမရှိစေရန်၊ ကျောင်းများကို ယခင်အတိုင်း ပင် ထားရန် အကြံပြုမှုများရှိသော်လည်း မိမိ၏ ခံယူချက်မှာ ကျောင်းတစ်နှစ်ပိတ်ထားလျှင် တစ်နှစ်နစ်နာမည်ဖြစ်၍ ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ဆက်လက်လုပ်ဆောင်လျက်

**"နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ပြီး COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ကျောင်းများပိတ်ထားရခြင်းသည် ကျောင်းသား ကျောင်းသူများနှင့် မိဘတစ်ဦးချင်းစီ၏ နစ်နာဆုံးရှုံးမှုအပြင် တိုင်းပြည်အတွက်လည်း နစ်နာဆုံးရှုံးမှုပင် ဖြစ်သောကြောင့် ကျောင်းများစနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ၊ လူစုလူဝေးမဖြစ်စေရန်၊ မသမာသူများက လှုံ့ဆော်မှုမရှိစေရန်၊ ကျောင်းများကို ယခင်အတိုင်းပင်ထားရန် အကြံပြုမှုများရှိသော်လည်း မိမိ၏ခံယူချက်မှာ ကျောင်းတစ်နှစ်ပိတ်ထားလျှင် တစ်နှစ်နစ်နာမည်ဖြစ်၍ ကြိုးပမ်းဆောင်ရွက်မည်"**

**"မဲစာရင်းများယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မကြံစည်ကြိုးပမ်းလာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်၏ တာဝန်များအား ပုဒ်မ ၄၁၇ နှင့် ၄၁၈ တို့အရ ဆောင်ရွက်ခဲ့ပြီး ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရခြင်းဖြစ်၊ တပ်ဘက်၊ အရပ်ဘက် မျှတအောင် ဖွဲ့စည်းထားခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ကောင်စီဥက္ကဋ္ဌများကို အရပ်သားများဖြင့်သာ ဖွဲ့စည်းပေးခဲ့၊ တပ်မတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်"**

ရှိကြောင်း၊ ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများဖြင့် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ခိုင်ခိုင်မာမာ တည်ဆောက်ရန်ဖြစ်ကြောင်း။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ပြည်ပအန္တရာယ်ကို ကာကွယ်ရန် အဓိကတာဝန်ရှိကြောင်း၊ သို့သော်လည်း ခေတ်အဆက်ဆက် ပြည်တွင်းသောင်းကျန်းမှုများကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ယနေ့ထက်တိုင် ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ပြည်တွင်းလုံခြုံရေးတွင် အဓိကတာဝန်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်စွမ်းအားကို မြှင့်တင်ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

**တိုင်းပြည်နှင့်လူမျိုးဂုဏ်မြှင့်တင်**

မိမိတို့အနေဖြင့် တပ်မတော်ကို စွမ်းရည်စွမ်းအားမြင့်မားသည့်၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအားကောင်းမွန်သည့် တပ်မတော်ဖြစ်အောင် အမြဲတမ်းလေ့လာ၊ လေ့ကျင့်၊ လိုက်နာကြရမည်ဖြစ်ကြောင်း၊ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ စွမ်းဆောင်ရည် ကောင်းမွန်မှသာလျှင် Team work ရရှိပြီး အဖွဲ့လိုက် စွမ်းဆောင်ရည်များလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိတာဝန်ကို ရိုးရိုးသားသားနှင့် ကျေပွန်အောင်ထမ်းဆောင်ကြရန်လိုကြောင်း၊ တစ်ဦးချင်း အသိစိတ်ဓာတ်ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်ပြီး မိမိတို့တစ်ဦးချင်းမှ မိမိကိုယ်ကိုယ်နှင့် မိမိတပ်ကိုကောင်းအောင် ကြိုးစားပြီး တပ်မတော်၊ တိုင်းပြည်နှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်တို့က အားကစားပစ္စည်းများ၊ သုတရသစာအုပ်စာစောင်များနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း အသီးသီးပေးအပ်ကြရာ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် စောသန်းလှိုင်နှင့် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနချုပ်မှူးများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တပ်နယ်အသီးသီးရှိ တပ်ရင်း၊တပ်ဖွဲ့များ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ တပ်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆူပူဆန္ဒပြမှုအဆင့်မှ အကြမ်းဖက်မှုအဆင့်သို့ ရောက်ရှိလာ

ဆူပူဆန္ဒပြမှုဖြစ်စဉ်များ ဖြစ်ပွားမှု နည်းပါးလာသော်လည်း အချို့နေရာများတွင် ဆူပူမှုများသာမက လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အကြမ်းဖက်မှုများနှင့် ပြည်သူပိုင်ပစ္စည်းများ၊ စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ခက်ခဲစွာဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ရကြောင်း၊ ဆူပူဆန္ဒပြသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းများကို အကြမ်းဖက် ဝင်ရောက်စီးနင်းခြင်း၊ အုပ်ချုပ်မှုရုံးများကို ဝင်ရောက် စီးနင်းခြင်းနှင့် စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးချိန်တို့တွင် လူစုကွဲစေရန်အတွက် ပစ်ခတ်ရှင်းလင်းမှုများ ပြုလုပ်ချိန်၌ လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ဆူပူဆန္ဒပြသူ တချို့သေဆုံးပြီး တချို့ဒဏ်ရာရရှိခြင်းများ ရှိခြင်းကြောင့် မတ်လ ၁၄ ရက် ညပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့အား စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန်ခဲ့ရကြောင်း၊ ယနေ့ နံနက်ပိုင်းတွင် ဒဂုံမြို့သစ်မြို့နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)၊ မြောက်ဥက္ကလာပနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့တွင်လည်း ဆက်လက်ထုတ်ပြန် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီနည်းလမ်းအရသာ ဆောင်ရွက်နေခြင်းဖြစ်သဖြင့် တတ်နိုင်သမျှ စိတ်ရှည်သည်းခံ၍ ထိန်းသိမ်းဆောင်ရွက်ခဲ့သော်လည်း ရဟန်းသံဃာတော်များကိုပင် ထိခိုက်စော်ကားလာမှုများရှိကြောင်း၊ ဆူပူဆန္ဒပြမှုများသည် မြှောက်ထိုးပင့်ကော် ပြုလုပ်နေသူများနှင့် ငွေကြေးထောက်ပံ့နေမှုများရှိခြင်းကြောင့် ယခုကဲ့သို့ ဆူပူဆန္ဒပြမှုအဆင့်မှ အကြမ်းဖက်မှုအဆင့်သို့ ရောက်ရှိလာခြင်း ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၆/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြည်တွင်းမြစ်ကြောင်းအပျော်စီးသင်္ဘောနှင့် ဟိုတယ်များ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၂၀**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင် ဆိပ်ကမ်းသို့ ရောက်ရှိပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့် ရန်ကုန်မြစ်အတွင်း ပြေးဆွဲလျက်ရှိသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တိုးပွားအပျော်စီးသင်္ဘောဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လိုက်ပါစီးနင်းကာ တာဝန်ရှိသူများကို ပြည်သူများ စျေးနှုန်းသက်သာစွာဖြင့် လာရောက်အပန်းဖြေစီးနင်းနိုင်ရေးနှင့် စီးနင်းလိုက်ပါမည့်ပြည်သူများ၏ဘေးအန္တရာယ်ကင်းရှင်းရေးကိုလည်း အထူးအလေးထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

### စိတ်ကြည်နူးစွာ တွေ့ရှိနိုင်

အဆိုပါအပျော်စီးသင်္ဘောဖြင့် လိုက်ပါစီးနင်းရာတွင် ရန်ကုန်မြစ်အတွင်းရှိ ရှုခင်းအလှအပမြင်ကွင်းများ ကြည့်ရှုနိုင်ခြင်း၊ ရန်ကုန်မြို့ရှိ ကိုလိုနီခေတ်အဆောက်အဦများ၊ ငှက်မျိုးစိတ်များ၊ ဒလသင်္ဘောကျင်း၊ စိတ်ဝင်စားဖွယ် မြင်ကွင်းများကို စိတ်ကြည်နူးစွာ တွေ့ရှိနိုင်မည်ဖြစ်သည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒေါပုံမြို့နယ်ရှိ Yangon Waterboom သို့ ရောက်ရှိပြီး တာဝန်ရှိသူများက ရေကစားကွင်းနှင့် ပတ်သက်သည့် QR-Code စနစ်ဖြင့် စာရင်းပေးသွင်းနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ကစားကွင်းများ၊ စားသောက်ဆိုင်များနှင့် နားနေခန်းများကို ကိုဗစ်-၁၉ ဆိုင်ရာ သတ်မှတ်စည်းမျဉ်း စည်းကမ်းများအတိုင်း ပြင်ဆင်ထားရှိမှုနှင့် မကြာမီဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အပန်းဖြေလာရောက်သူများ ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် ရေသန့်စင်စနစ် ဆောင်ရွက်မှု ကောင်းမွန်စေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တာဝန်ကျဝန်ထမ်းများက ကူညီဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ရေကစားကွင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗိုလ်ဆွန်ပက်လမ်းရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနသို့ ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး ရုံးခွဲရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည့်အတွက် လုပ်ငန်းတာဝန်များကို လစ်ဟင်းမှုမရှိစေဘဲ နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ လိုက်နာလုပ်ဆောင်ရန် အလေးအနက်ထား ပြောကြားလိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်သည့်အလျောက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေတွင် ပါရှိသည့်အတိုင်း ပါတီနိုင်ငံရေးကင်းရှင်းပြီး ဥပဒေဘောင်အတွင်း နေထိုင်ရန်နှင့် ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ အမိန့်နှင့်ညွှန်ကြားချက်ကို လိုက်နာရန် လိုအပ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများအားလုံးအထက်၊ အောက် နားလည်ယုံကြည်မှု တည်ဆောက်ပြီး အားသွန်ခွန်စိုက် ညီညီညွတ်ညွတ် ပူးပေါင်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်နှင့် အခက်အခဲများကို တင်ပြဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

### ဆွေးနွေးမှာကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကန်တော်ကြီးဥယျာဉ်အတွင်းရှိ ကရဝိက်ခန်းမသို့ ရောက်ရှိရာ တာဝန်ရှိသူက ခန်းမနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုအပေါ် သန့်ရှင်းသာယာလှပရေးအတွက် လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ပြီး ကရဝိက်ခန်းမအား လှည့်လည်ကြည့်ရှုသည်။ ထို့နောက် ကိုဗစ်-၁၉ ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ဖွင့်လှစ်လျက်ရှိသည့် Chatrium Hotel၊ Sedona Hotel နှင့် Lotte Hotel များသို့ သွားရောက်ခဲ့ပြီး ဟိုတယ်များမှ တာဝန်ရှိသူများက ဟိုတယ်ဆိုင်ရာ ကိစ္စရပ်များနှင့် ကိုဗစ်-၁၉ နှင့်အညီ ဧည့်သည်များကို ဝန်ဆောင်မှုပေးသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ သတ်မှတ်ချက်များကို အထူးအလေးအနက်ထား လိုက်နာဆောင်ရွက်သွားရန်၊ ခရီးသွားဧည့်သည်များနှင့် အဓိကထိတွေ့သည့် ဟိုတယ်ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ဦးစားပေး ထိုးနှံပေးနိုင်ရေးအတွက် ဝန်ထမ်းအင်အားစာရင်း ကြိုတင်ပြုစုထားရှိရန်၊ ခရီးသွားလုပ်ငန်းများ စတင်ပြီဖြစ်သည့်အတွက် လာရောက်တည်းခိုသည့် ခရီးသွားဧည့်သည်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာများကို အထူးအလေးထား လိုက်နာနိုင်ရေး အသိပေးဆောင်ရွက်သွားရန်နှင့် ဟိုတယ်ဝန်ထမ်းများအနေဖြင့်လည်း ခရီးသွားဧည့်သည်များကို ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရေး အလေးထား ဆောင်ရွက်သွားရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုက်ယူစရာမလိုတဲ့ ဖော်ဆောင်ပြီးသား ဒီမိုကရေစီ

## --- ကနောင် ---

**နိုင်ငံသားတိုင်းမျှော်လင့်တောင့်တနေတဲ့ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေခဲ့တာ ဆယ်စုနှစ်တစ်ခု ကျော်လာခဲ့ပါပြီ။ မဲမသမာမှုတွေ ရှိနေပါတယ်လို့ ပြည်သူက ပြောခဲ့ဖူးပါတယ်။ နိုင်ငံရေးပါတီအချို့က ထောက်ပြခဲ့ပါတယ်။ တပ်မတော်က သတိပေးခဲ့ပါတယ်။ ပြည်သူရွေးချယ်တင်မြှောက်ထားတဲ့ ဒီမိုကရေစီအစိုးရက အာဏာရှင်ဆန်စွာနဲ့ လျစ်လျူရှုခဲ့ကြတာကို အားလုံးအသိပဲဖြစ်မှာပါ။ အကြိမ်ကြိမ်အသိပေးတာ၊ တောင်းဆိုတာ၊ ထောက်ပြဝေဖန်တာတွေကို တပ်မတော်ဘက်ကနေ ထပ်တလဲလဲပြုလုပ်ပြီး တောင်းဆိုခဲ့ပေမယ့် အချည်းနှီးဖြစ်ခဲ့ရတာကိုလည်း ပြည်သူအားလုံးတွေ့မြင်ကြရမှာဖြစ်ပါတယ်။**

လက်ရှိအချိန်ဟာ လွဲမှားနေတဲ့အရာတွေကို တည့်မတ်၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အားလုံးက မျှော်လင့်တကြီး ကြိုးစားလျှောက်လှမ်းနေကြတဲ့ ဒီမိုကရေစီလမ်းကြောင်း မချွတ်ယွင်းစေဖို့ တည့်မတ်ပေးဖို့ နိုင်ငံတော်ကို အရေးပေါ်ကာလ ကြေညာပြီး တရားဥပဒေနဲ့အညီ ဆောင်ရွက်နေချိန် ဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းကနေ သွေဖည်မည်မဟုတ်ပါလို့ အကြိမ်ကြိမ် ပြောကြားထားပြီးသားလည်း ဖြစ်ပါတယ်။ ဒါကို လမ်းပေါ်ထွက်ဆန္ဒထုတ်ဖော်ရုံသာမက အေးချမ်းသာယာတဲ့ လူ့ဘောင် အဖွဲ့အစည်း ပျက်စီးယိုယွင်းအောင် ရည်ရွယ်ချက်အပြည့်နဲ့ သွေးထိုးလှုံ့ဆော်မှုတွေ ပြုလုပ်နေခြင်းဟာ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်လိုတဲ့စိတ် မရှိဘူးလို့ ယူဆရမှာဖြစ်ပါတယ်။

တိုင်းပြည်မငြိမ်မသက်ဖြစ်လာတဲ့အခါ ထိခိုက်ခံစားကြရမှာက ပြည်သူအားလုံး ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နိုင်ငံအတွင်းမှာ စီးပွားရေးလုပ်ငန်းတွေ ယိမ်းယိုင်၊ ကျောင်းတွေ မဖွင့်နိုင်၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွေ နှောင့်နှေးနဲ့ ပြည်သူတွေ ပင်ပန်းခဲ့ကြရပါတယ်။ နိုင်ငံရေးစနစ်တစ်ခုကို လျှောက်လှမ်းတဲ့အခါ အထိအခိုက်၊ အပွတ်အတိုက်တွေဟာ ရှိစမြဲဖြစ်ပါတယ်။ ဒါပေမယ့် ပြည်သူထိခိုက်မှု အနည်းဆုံးဖြစ်အောင် နည်းလမ်းဖော်ဆောင်ကြရဖို့ လိုအပ်တာကို တိုင်းရင်းသားပြည်သူအားလုံး နိုင်ငံချစ်စိတ်ရှိသူတိုင်း နားလည်ခံစားနိုင်မှာဖြစ်ပါတယ်။

### သာယာလှပတဲ့အနာဂတ်နဲ့ ငြိမ်းချမ်းရေး

အယူအဆမတူပေမယ့် တိုင်းရင်းသားပြည်သူအားလုံးရဲ့ အိပ်မက်နဲ့ ရည်မှန်းချက်က လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကြီးတွေကို ငါးနှစ်တစ်ကြိမ်ကျင်းပကြမယ်။ ပြည်သူလူထုက စိတ်ကြိုက်ရွေးချယ်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေကနေ ဒီမိုကရေစီအစိုးရအဖွဲ့ဖြစ်လာမယ်။ သူတို့ဟာ နိုင်ငံတော်အတွက် ကိုယ်ကျိုးမဖက် ကြိုးပမ်းဆောင်ရွက်ကြမယ်။ ပြည်သူလူထုကလည်း ပံ့ပိုးကြသလို၊ လွှတ်တော်တွေကလည်း ပြည်သူ့အကျိုးကို ဖော်ဆောင်မယ်။ တစ်နိုင်ငံလုံး သာယာလှပတဲ့အနာဂတ်နဲ့ ငြိမ်းချမ်းရေးသီချင်းတွေ သံပြိုင်ဆိုကြမယ်ဆိုတဲ့ စိတ်ကူးရှိကြပါတယ်။

ဒါပေမယ့် ပြီးခဲ့တဲ့ NLD အစိုးရလက်ထက်မှာတော့ ပြည်သူတွေရဲ့မျှော်လင့်ချက်၊ ပြည်သူတွေရဲ့ အိပ်မက်တွေဟာ ဝေဝါးလာခဲ့ရပါတယ်။ တိုင်းရင်းသားတွေရဲ့ NCA ပန်းတိုင်ဟာလည်း ပျောက်ကွယ်လုနီးနီး ဖြစ်လာခဲ့ရသလို၊ ဘာသာ၊ သာသနာရောင်ဝါဟာလည်း မှေးမှိန်ခဲ့ရပါတယ်။ နိုင်ငံရဲ့စီးပွားရေးဟာ ဦးသိန်းစိန် အစိုးရလက်ထက်က အညွှန်းကိန်းတွေအောက် ရောက်လာနေတာကိုလည်း မြင်တွေ့ခဲ့ရသလို၊ တကယ့် Real Power ရှိတဲ့ တပ်မတော်နဲ့ ဆက်ဆံရေးကိုလည်း ကောင်းမွန်အောင်မကြိုးစားခဲ့ဘဲ တင်းမာမှုတွေကိုသာ ဖန်တီးခဲ့ပါတယ်။ ငါးနှစ်တာခရီးမှာ ဝန်ကြီးဌာနအသီးသီးရဲ့ ဆောင်ရွက်ပြုမူခြင်းများမှာလည်း ယခင်အဆက်ဆက် ကြိုးစားတည်ဆောက်ထားကြတဲ့ အသီးအပွင့်လောက်ကိုပဲ တိုးတက်မှုဖြစ်စဉ်အဖြစ် မြင်တွေ့ရပြီး အတွေးသစ်၊ အမြင်သစ်နဲ့ ဆောင်ရွက်မှုကနေ အောင်မြင်တယ်ဆိုတဲ့ဖြစ်စဉ်မျိုး ရှားပါးခဲ့တာကိုလည်း ပြည်သူတစ်ဦးအနေနဲ့ သတိပြုမိခဲ့ပါတယ်။

ရုတ်တရက် အပြောင်းအလဲကို ကြုံလိုက်ရတဲ့ ပြည်သူများအဖို့ စိတ်ပူပန်မှုမြင့်တက်လာခဲ့ကြတာကလည်း နိုင်ငံအပြောင်းအလဲဖြစ်ရိုးဖြစ်စဉ် ဓမ္မတာတစ်ခုပဲဖြစ်ပါတယ်။ သို့သော် အပြုနှင့် အဖျက်၊ ဓမ္မနှင့် အဓမ္မ၊ မတရားမှုနှင့် တရားမျှတမှုတို့ကို ကွဲပြားအောင် နိုင်ငံတော်အကြီးအကဲတွေက ဖော်ဆောင်နေတာကိုလည်း တစ်လတာအတွင်း မြင်တွေ့ခဲ့ကြရမှာ ဖြစ်ပါတယ်။ တပ်မတော်ဟာ မှန်ကန်ပြီး ပြည်သူအားလုံး မထိခိုက်စေမယ့် နည်းလမ်းတွေကိုသာ ပထမဦးစားပေးအဖြစ် ဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့သလို တစ်ဖက်မှာ ပြည်သူတွေရဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ ကဏ္ဍအသီးသီးမှာ မူလရည်မှန်းချက်တွေ မပျောက်ပျက်အောင်နဲ့ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတာကိုလည်း မြင်တွေ့ရပါတယ်။

> **"မဲစာရင်းရလဒ်တွေကို အချိန်နဲ့တစ်ပြေးညီ ပြန်လည်စစ်ဆေးရင်းကနေ NLD အစိုးရရဲ့ နောက်ကွယ်က အဂတိလိုက်စားမှု၊ သပ်လျှိုသင်းခွဲမှုတွေနဲ့ နိုင်ငံတော် ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်နေမှု စတာတွေက တစ်စတစ်စနဲ့ ထွက်ပေါ်လာနေတာကိုလည်း မြင်တွေ့နေရပါတယ်။ အရေးပေါ်ကာလကို တာဝန်ယူထားရတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ ကဏ္ဍအသီးသီးမှာ ဆောင်ရွက်မယ့် ဦးတည်ချက်၊ ရည်မှန်းချက်တွေကို အမြန်ဆုံးချမှတ်ပြီး မမှိတ်မသုန်ဆောင်ရွက်နေပြီလည်း ဖြစ်ပါတယ်"**

မဲစာရင်းရလဒ်တွေကို အချိန်နဲ့တစ်ပြေးညီ ပြန်လည်စစ်ဆေးရင်းကနေ NLD အစိုးရရဲ့ နောက်ကွယ်က အဂတိလိုက်စားမှု၊ သပ်လျှိုသင်းခွဲမှုတွေနဲ့ နိုင်ငံတော်ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်နေမှုစတာတွေက တစ်စတစ်စနဲ့ ထွက်ပေါ်လာနေတာကိုလည်း မြင်တွေ့နေရပါတယ်။ အရေးပေါ်ကာလကို တာဝန်ယူထားရတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ ကဏ္ဍအသီးသီးမှာ ဆောင်ရွက်မယ့် ဦးတည်ချက်၊ ရည်မှန်းချက်တွေကို အမြန်ဆုံးချမှတ်ပြီး မမှိတ်မသုန်ဆောင်ရွက်နေပြီလည်းဖြစ်ပါတယ်။

အဲဒီလိုအချိန်မှာ စိတ်ပူပန်နေတဲ့ပြည်သူတွေ လမ်းပေါ်ကို မရောက်ရောက်အောင် တွန်းပို့ကြသူတွေ ထွက်ပေါ်လာခဲ့ပါတယ်။ တရားမဝင်အစိုးရအဖွဲ့ကို အွန်လိုင်းကနေ ဖွဲ့စည်းတာ၊ နိုင်ငံ့ဝန်ထမ်းတွေကို ရုံးမတက်စေဘဲ CDM လုပ်ဖို့ ဖိအားပေးဖော်ဆောင်တာတွေနဲ့ ကိုယ့်ပြည်တွင်းရေးကို နိုင်ငံတကာမျက်နှာစာမှာ အလွဲအမှားပုံဖော်နေတာတွေကိုလည်း ဆောင်ရွက်လာကြပါတယ်။ သွေးမဆူတဲ့ ပြည်သူတွေကို သွေးဆူလာအောင် အကြမ်းဖက်မှု၊ ဆူပူသောင်းကျန်းမှုတွေ ပြုလုပ်လာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆန္ဒပြခြင်းက အစပြုပြီး အဖျက်အမှောင့်လုပ်ရပ်တွေအထိ ဖြစ်ပေါ်လာအောင် လုပ်ဆောင်လျက်ရှိပါတယ်။

ရှိနှင့်ပြီးသားအရာကို ပိုပြီးကောင်းမွန်အောင်၊ လမ်းကြောင်းမလွဲအောင် ထိန်းညှိပေး၊ မြှင့်တင်ပေးနေတဲ့အစိုးရဟာ တစ်ဖက်မှာ ဆူပူသောင်းကျန်းမှု၊ မင်းမဲ့စရိုက်ဆန်ဆန် ပြုမူမှုတွေကိုလည်း အညင်သာဆုံး ကိုင်တွယ်ဖြေရှင်းခဲ့တာကို မြင်တွေ့ခဲ့ရသလို ဥပဒေနဲ့အညီ ဆောင်ရွက်နေခြင်းကြောင့် ပျက်စီးလိုသူတွေရဲ့ ထောင်ချောက်အတွင်း မရောက်ရှိခဲ့ပေမယ့် အကြမ်းဖက်မှုတွေဖြစ်အောင် လူငယ်တွေကို လှုံ့ဆော်မှုတွေ တိုးပွားလာနေပါတော့တယ်။ လုံခြုံရေးတာဝန်ယူထားရတဲ့ တပ်ဖွဲ့ဝင်တွေကို တိုက်ခိုက်လာခြင်း၊ သူတစ်ပါး၏ လွတ်လပ်မှုကို ခြိမ်းခြောက်လာခြင်းနှင့် အဖျက်အမှောင့်လုပ်ရပ်တွေအထိ လုပ်ကိုင်လာခြင်းကြောင့်လည်း တင်းကျပ်စွာနဲ့ ကိုင်တွယ် ဖြေရှင်းနိုင်ဖွယ်ရှိပါတယ်။

> **"ရှိနှင့်ပြီးသားအရာကို ပိုပြီးကောင်းမွန်အောင်၊ လမ်းကြောင်းမလွဲအောင် ထိန်းညှိပေး၊ မြှင့်တင်ပေးနေတဲ့အစိုးရဟာ တစ်ဖက်မှာ ဆူပူသောင်းကျန်းမှု၊ မင်းမဲ့စရိုက်ဆန်ဆန် ပြုမူမှုတွေကိုလည်း အညင်သာဆုံးကိုင်တွယ်ဖြေရှင်းခဲ့တာကို မြင်တွေ့ခဲ့ရသလို ဥပဒေနဲ့အညီ ဆောင်ရွက်နေခြင်းကြောင့် ပျက်စီးလိုသူတွေရဲ့ ထောင်ချောက်အတွင်း မရောက်ရှိခဲ့ပေမယ့် အကြမ်းဖက်မှုတွေဖြစ်အောင် လူငယ်တွေကို လှုံ့ဆော်မှုတွေ တိုးပွားလာနေပါတော့တယ်။ လုံခြုံရေး တာဝန်ယူထားရတဲ့ တပ်ဖွဲ့ဝင်တွေကို တိုက်ခိုက်လာခြင်း၊ သူတစ်ပါး၏ လွတ်လပ်မှုကို ခြိမ်းခြောက်လာခြင်းနှင့် အဖျက်အမှောင့်လုပ်ရပ်တွေအထိ လုပ်ကိုင်လာခြင်းကြောင့်လည်း တင်းကျပ်စွာနဲ့ ကိုင်တွယ်ဖြေရှင်းနိုင်ဖွယ်ရှိပါတယ်"**

တိုင်းပြည်ကို Collapsed State အစိတ်စိတ်အမြွှာမြွှာဖြစ်အောင်ဆိုတဲ့ မမှန်ကန်တဲ့ အတွေးအခေါ်အယူအဆတွေနဲ့ အနောက်မျှော်ဝါဒကို အသက်သွင်းတဲ့ ဖျက်ဆီးရေးသမားတွေကို ဖော်ထုတ်အရေးယူတာတွေကို စတင်ပြုလုပ်နေတာကိုလည်း တွေ့ရှိရပါတယ်။ မရိုးဖြောင့်တဲ့ လမ်းကြောင်းတွေကနေ ငွေကြေးထောက်ပံ့ပြီး နိုင်ငံတော်မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်သူတွေအားလုံးကိုလည်း ဖော်ထုတ်အရေးယူလျက်ရှိနေပြီ ဖြစ်ပါတယ်။ ရိုးသားတဲ့ ပြည်သူတွေကို သတင်းအမှားတွေ၊ ကောလာဟလတွေ ရိုက်သွင်းပြီး ပကတိနိုင်ငံရေးအခြေအနေကို မှန်မှန်ကန်ကန် မသုံးသပ်နိုင်အောင် လုပ်ဆောင်တဲ့သူတွေဟာ တိုင်းပြည်ရဲ့တကယ့်ရန်သူစစ်စစ်တွေ ဖြစ်ပါတယ်။

### ရွေးကောက်ပွဲအမြန်ဆုံး ကျင်းပနိုင်ဖို့

ရနှင့်ပြီးသား ဒီမိုကရေစီလမ်းကြောင်းကို မပျက်ယွင်းအောင် ထိန်းသိမ်းပြီး ပြည်သူထိခိုက်မှုအနည်းဆုံးနည်းလမ်းတွေနဲ့ ဖော်ဆောင်နေရာမှာ နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ လုံခြုံရေးအတွက် တာဝန်ယူထားရသူတွေကို အပြစ်တင်နေမယ့်အစား နောက်ကွယ်ကနေ မြှောက်ပင့်သွေးထိုးပြီး ဇာတ်နာအောင် ဖန်တီးနေတဲ့သူတွေကို တိုက်ထုတ်ရမှာပါ။ နွေဦးတော်လှန်ရေးသပိတ်၊ သနပ်ခါးသပိတ်၊ ထိုင်သပိတ်၊ CDM သပိတ်၊ သံပုံးသပိတ်၊ မီးထွန်းသပိတ်၊ ဒေါင်းစစ်သည်သပိတ်၊ နိုင်ငံတကာက အရေးယူပေးဖို့ သပိတ်စတဲ့ ပုံစံစုံအောင်လည်း တော်လှန်နေခဲ့ကြပြီးပါပြီ။ ဒီမိုကရေစီတိုက်ပွဲဆိုပြီး ရည်မှန်းချက်မသိ၊ ရလဒ်မအောင်မြင်ဘဲ ပြည်သူတွေသာ ထိခိုက်နစ်နာနေကြတာကိုလည်း သိစေလိုလှပါပြီ။ ပြည်သူအားလုံး ရရှိပြီးသား ကိုယ့်နိုင်ငံနဲ့ အကိုက်ညီဆုံးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အမြန်ဆုံးပြန်လည်ကျင်းပနိုင်ဖို့သာ ဦးတည်လျှောက်လှမ်းကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ



နေပြည်တော် မတ် ၂၀

COVID-19 ရောဂါဖြစ်ပေါ်မှု အခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

**ဖူးမြော်ကြည်ညို**

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ` မိဘပြည်သူများသည် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညိုကုသိုလ် ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူ ဝတ်ပြုကြည်ညိုနိုင်ရေးအတွက် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာ ဘာသာဝင်များက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်အုတ်စက်ရုံ(မင်းကုန်း)၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၀

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်အုတ်စက်ရုံ (မင်းကုန်း) သို့ သွားရောက်ကာ စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



**ရှင်းလင်းတင်ပြ**

ထိုသို့ ကြည့်ရှုစဉ် ဌာနကြီးမှူး ဦးစိုးဟန်နှင့် စက်ရုံမှူး ဦးကျော်ဆန်းထွန်းတို့က နေပြည်တော်အုတ်စက်ရုံ(မင်းကုန်း)၏ ကုန်ထုတ်လုပ်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများ၊ စက်ရုံ၏ သမိုင်းအကျဉ်းနှင့် ဖွဲ့စည်းတည်ဆောက်ပုံတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်အုတ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့် ဒုတိယစက်ရုံမှူးများက အုတ်စိမ်း/အုတ်ကျက်ထုတ်လုပ်နေမှုများကို ရှင်းလင်းပြသပြီး မြို့တော်ဝန်က လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

***❍ ရှေ့ဖုံးမှ***

နေ့စဉ်နှင့်အမျှ လူမှုရေး၊ စီးပွားရေး အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး အတွက်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုလျက်ရှိသည်။ သို့ဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူတို့အားထားနိုင်သည့် ရထားလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နိုင်ရေး မန္တလေး-နေပြည်တော်-ရွှာသာကြီးလမ်းပိုင်း အမှတ်(၉၂၄) အစုန် ကုန်သေတ္တာတင်ရထားနှင့် RBE 25100, 25107 နှစ်စင်းတို့ကို မတ် ၁၇ ရက် နံနက် ၆ နာရီ ၃၅ မိနစ်တွင် မန္တလေးဘူတာကြီးမှ စတင်ပြေးဆွဲခဲ့သည်။

မန္တလေးမှ ထွက်ခွာလာသော အမှတ်(၉၂၄) အစုန် ကုန်သေတ္တာတင်ရထားသည် သာစည်ဘူတာ၌ ကုန်တွဲ (၁၉)တွဲ၊ ဘရိတ်တွဲ (၁)တွဲအား ချိတ်ဆက်ပြီး ဆက်လက်ထွက်ခွာလာရာ နေပြည်တော်သို့ ည ၉ နာရီခွဲတွင် ရောက်ရှိ ညအိပ်အခြေပြုခဲ့သည်။ ခရီးစဉ်အတွင်း မိုင်တိုင် (၃၂၀/၁)တွင် မသမာသူ အကြမ်းဖက်သမားများက သံလမ်း၏ သံလမ်းဆက်နှစ်ခု ဖြုတ်ထားခြင်းနှင့် ကွန်ကရစ်ဇလီဖား (၁၉)တုံး ၏ သံလမ်းထိန်းကလစ် (၃၈)ခု ဖြုတ်ထားကြောင်း တွေ့ရှိရသဖြင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာ့မီးရထားဝန်ထမ်းများက ပြန်လည်ပြုပြင်တပ်ဆင်ခဲ့ရသည်။ မတ် ၁၈ ရက် နံနက် ၇ နာရီတွင် နေပြည်တော်မှ ဆက်လက် ထွက်ခွာလာရာ ပြွန်တန်ဆာဘူတာသို့ ည ၉ နာရီ ၁၅ မိနစ်တွင် ရောက်ရှိ ညအိပ်အခြေပြုခဲ့သည်။

ထို့နောက် ယနေ့နံနက် ၇ နာရီတွင် ပြွန်တန်ဆာဘူတာမှ ထွက်ခွာလာရာ ခရီးဆုံးနေရာဖြစ်သည့် ရွှာသာကြီးကုန်းတွင်းဆိပ်သို့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်အတွင်း မသမာသူအကြမ်းဖက်သမားများက ရွှေလှေနှင့် ပဲခူးဘူတာကြား၌ သံလမ်းထိန်းကလစ်(၆)ဆက်အား ဖြုတ်ထားကြောင်း တွေ့ရှိရသဖြင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာ့မီးရထားဝန်ထမ်းများက ပြန်လည်ပြုပြင် တပ်ဆင်ခဲ့ရသည်။

ထိုကဲ့သို့သော မသမာသူအကြမ်းဖက်သမားများ၏ လုပ်ရပ်များနှင့် နှောင့်ယှက်ဖျက်ဆီးမှုများအတွက် မြန်မာ့မီးရထားမှ သက်ဆိုင်ရာ နယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်လှစ်၍ အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ကျောဖုံးမှ

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၅ မြို့နယ်တွင် မဲရုံပေါင်း ၇၉၆ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၈၀၂၇၀၆ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၅၂၄၂၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၃၅၀၂၈၂၊ မြေပြင်လက်ကျန် ၃၁၀၉၈၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၅၄၈၈၇ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၅၅၉၀ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပို ရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲများ သတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင်ရိုက်နှိပ်သုံးစွဲခဲ့ကြောင်း တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

## မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရန်ကင်းမြို့နယ် | ၅၃ | ၆၃၆၈၉ | ၃၆၇၀၄ | ၂၆၉၈၅ | ၂၃၁၁၁ | ၄၂၂၄ | ၃၅၀ |
| ၂ | မြောက်ဥက္ကလာပမြို့နယ် | ၂၃၈ | ၂၉၇၆၅၇ | ၁၇၇၁၇၆ | ၁၂၀၄၈၁ | ၁၀၇၆၁၇ | ၂၇၃၉၈ | ၁၄၅၃၄ |
| ၃ | ဗိုလ်တထောင်မြို့နယ် | ၃၈ | ၃၆၁၄၆ | ၂၃၂၂၉ | ၁၂၉၁၇ | ၁၂၅၃၀ | ၅၇၄ | ၁၈၇ |
| ၄ | လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် | ၂၈၇ | ၂၉၉၀၀၆ | ၁၄၆၃၂၂ | ၁၅၂၆၈၄ | ၁၃၃၆၇၂ | ၁၉၀၁၂ | |
| ၅ | ကွမ်းခြံကုန်းမြို့နယ် | ၁၈၀ | ၁၀၆၂၀၈ | ၆၈၉၉၃ | ၃၇၂၁၅ | ၃၄၀၅၅ | ၃၆၇၉ | ၅၁၉ |
| | စုစုပေါင်း | ၇၉၆ | ၈၀၂၇၀၆ | ၄၅၂၄၂၄ | ၃၅၀၂၈၂ | ၃၁၀၉၈၅ | ၅၄၈၈၇ | ၁၅၅၉၀ |

## ရန်ကင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်တွင် ရပ်ကွက် ၁၅ ရပ်ကွက်၊ မဲရုံပေါင်း ၅၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၆၃၆၈၉ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၆၇၀၄ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၆၉၈၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၂၃၁၁၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၅၇၇၄၆ | ၃၅၅၇၅ | ၂၂၁၇၁ | ၁၈၁၄၇ | ၄၂၂၄ | ၂၀၀ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၁၂၉ | ၁၁၂၉ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၈၁၄ | | ၄၈၁၄ | ၄၉၆၄ | | ၁၅၀ |
| | စုစုပေါင်း | ၆၃၆၈၉ | ၃၆၇၀၄ | ၂၆၉၈၅ | ၂၃၁၁၁ | ၄၂၂၄ | ၃၅၀ |

၆။ ရန်ကင်းမြို့နယ်၊ ရပ်ကွက် ၁၅ ရပ်ကွက်ရှိ မဲရုံ ၅၃ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၄၂၂၄ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၂၀၀ အပိုတွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၄၈၁၄ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၉၆၄ ရှိနေသဖြင့် မဲလက်မှတ် ၁၅၀ အပိုတွေ့ရှိရသည်။

၇။ ရန်ကင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေး တွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| စဉ် | ရပ်ကွက်အမည် | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက် | ၁၉၀၀ | ၁၂၉၆ | ၆၀၄ | ၆၀၄ | | |
| ၂ | အမှတ်(၂)ရပ်ကွက် | ၄၃၀၀ | ၂၆၄၆ | ၁၆၅၄ | ၁၆၁၁ | ၄၃ | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၁၇၅၀ | ၈၇၃ | ၈၇၇ | ၃၅၈ | ၅၁၉ | |
| ၄ | အမှတ်(၄)ရပ်ကွက် | ၂၁၀၀ | ၁၀၉၉ | ၁၀၀၁ | ၇၉၉ | ၂၀၂ | |
| ၅ | အမှတ်(၅)ရပ်ကွက် | ၅၀၀၀ | ၂၉၃၀ | ၂၀၇၀ | ၁၆၈၀ | ၃၉၀ | |
| ၆ | အမှတ်(၆)ရပ်ကွက် | ၂၁၀၀ | ၁၄၇၄ | ၆၂၆ | ၇၂၆ | | ၁၀၀ |
| ၇ | အမှတ်(၇)ရပ်ကွက် | ၁၆၅၀ | ၁၀၃၉ | ၆၁၁ | ၅၀၃ | ၁၀၈ | |
| ၈ | အမှတ်(၈)ရပ်ကွက် | ၅၇၇၅ | ၂၈၆၄ | ၂၉၁၁ | ၁၄၆၉ | ၁၄၄၂ | |
| ၉ | အမှတ်(၉)ရပ်ကွက် | ၃၀၀၀ | ၂၁၄၆ | ၈၅၄ | ၉၅၄ | | ၁၀၀ |
| ၁၀ | အမှတ်(၁၁)ရပ်ကွက် | ၆၁၇၁ | ၃၆၄၆ | ၂၅၂၅ | ၂၃၅၅ | ၁၇၀ | |
| ၁၁ | အမှတ်(၁၂)ရပ်ကွက် | ၈၄၅၀ | ၅၇၂၄ | ၂၇၂၆ | ၂၃၂၇ | ၃၉၉ | |
| ၁၂ | အမှတ်(၁၃)ရပ်ကွက် | ၄၈၀၀ | ၃၃၂၈ | ၁၄၇၂ | ၁၃၂၂ | ၁၅၀ | |
| ၁၃ | အမှတ်(၁၄)ရပ်ကွက် | ၃၁၀၀ | ၂၀၁၂ | ၁၀၈၈ | ၉၉၈ | ၉၀ | |
| ၁၄ | အမှတ်(၁၅)ရပ်ကွက် | ၂၆၅၀ | ၁၇၀၈ | ၉၄၂ | ၇၉၂ | ၁၅၀ | |
| ၁၅ | အမှတ်(၁၆)ရပ်ကွက် | ၅၀၀၀ | ၂၇၉၀ | ၂၂၁၀ | ၁၆၄၉ | ၅၆၁ | |
| | ရပ်ကွက်ချုပ်စုစုပေါင်း | ၅၇၇၄၆ | ၃၅၅၇၅ | ၂၂၁၇၁ | ၁၈၁၄၇ | ၄၂၂၄ | ၂၀၀ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၁၂၉ | ၁၁၂၉ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၈၁၄ | | ၄၈၁၄ | ၄၉၆၄ | | ၁၅၀ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၆၃၆၈၉ | ၃၆၇၀၄ | ၂၆၉၈၅ | ၂၃၁၁၁ | ၄၂၂၄ | ၃၅၀ |

## မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တွင် ရပ်ကွက် ၁၉ ရပ်ကွက်၊ မဲရုံပေါင်း ၂၃၈ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၉၇၆၅၇ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၇၇၁၇၆ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၁၂၀၄၈၁ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၀၇၆၁၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၈၈၉၁၂ | ၁၇၅၀၈၁ | ၁၁၃၈၃၁ | ၉၄၆၁၇ | ၂၇၃၉၈ | ၈၁၈၄ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၀၉၅ | ၂၀၉၅ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၆၆၅၀ | | ၆၆၅၀ | ၁၃၀၀၀ | | ၆၃၅၀ |
| | စုစုပေါင်း | ၂၉၇၆၅၇ | ၁၇၇၁၇၆ | ၁၂၀၄၈၁ | ၁၀၇၆၁၇ | ၂၇၃၉၈ | ၁၄၅၃၄ |

၉။ မြောက်ဥက္ကလာပမြို့နယ်၊ ရပ်ကွက် ၁၉ ရပ်ကွက်ရှိ မဲရုံ ၂၃၈ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၂၇၃၉၈ ပျောက်ဆုံးနေပြီး ၈၁၈၄ အပိုတွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၆၆၅၀ ဖြစ်သော်လည်း မြေပြင်တွင် ၁၃၀၀၀ ကျန်ရှိနေသဖြင့် ၆၃၅၀ အပိုတွေ့ရှိရသည်။

၁၀။ မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေး တွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ရပ်ကွက်အမည် | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက် | ၁၀၀၅၃ | ၆၄၄၅ | ၃၆၀၈ | ၄၀၂၆ | | ၄၁၈ |
| ၂ | အမှတ်(၂)ရပ်ကွက် | ၁၉၉၃၇ | ၁၄၁၅၇ | ၅၇၈၀ | ၄၁၇၃ | ၁၆၀၇ | |
| ၃ | (က)ရပ်ကွက် | ၁၀၈၇၅ | ၆၇၁၉ | ၄၁၅၆ | ၃၈၃၀ | ၃၂၆ | |
| ၄ | (ခ)ရပ်ကွက် | ၇၉၂၉ | ၄၈၆၇ | ၃၀၆၂ | ၂၈၈၆ | ၁၇၆ | |
| ၅ | ( ဂ)ရပ်ကွက် | ၆၂၉၆ | ၄၀၈၅ | ၂၂၁၁ | ၃၁၁၇ | | ၉၀၆ |
| ၆ | (ဃ)ရပ်ကွက် | ၈၃၄၈ | ၅၃၈၈ | ၂၉၆၀ | ၃၄၅၃ | | ၄၉၃ |
| ၇ | (င)ရပ်ကွက် | ၁၈၄၉၉ | ၉၃၉၆ | ၉၁၀၃ | ၅၇၀၂ | ၃၄၀၁ | |
| ၈ | (စ)ရပ်ကွက် | ၇၂၀၅ | ၅၄၀၃ | ၁၈၀၂ | ၃၀၁၀ | | ၁၂၀၈ |
| ၉ | (ဆ)ရပ်ကွက် | ၁၀၈၄၄ | ၆၄၁၉ | ၄၄၂၅ | ၁၇၈၁ | ၂၆၄၄ | |
| ၁၀ | (ဇ)ရပ်ကွက် | ၈၆၁၁ | ၆၁၀၃ | ၂၅၀၈ | ၂၅၉၈ | | ၉၀ |
| ၁၁ | (ဈ)ရပ်ကွက် | ၉၈၄၈ | ၈၈၈၈ | ၉၆၀ | ၄၂၅၇ | | ၃၂၉၇ |
| ၁၂ | (ည)ရပ်ကွက် | ၂၂၇၂၂ | ၁၃၄၄၄ | ၉၂၇၈ | ၄၇၁၃ | ၄၅၆၅ | |
| ၁၃ | (ဋ)ရပ်ကွက် | ၁၄၅၀၀ | ၁၁၁၄၈ | ၃၃၅၂ | ၄၉၂၄ | | ၁၅၇၂ |
| ၁၄ | (ဌ)ရပ်ကွက် | ၄၅၂၄၀ | ၂၅၈၃၆ | ၁၉၄၀၄ | ၁၀၈၉၄ | ၈၅၁၀ | |
| ၁၅ | ကျောက်ရေတွင်းရပ်ကွက် | ၇၈၉၀ | ၄၉၉၅ | ၂၈၉၅ | ၁၈၁၃ | ၁၀၈၂ | |

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

| စဉ် | ရပ်ကွက်အမည် | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁၆ | တံတားကြီးရပ်ကွက် | ၄၉၅၀ | ၃၀၉၇ | ၁၈၅၃ | ၁၆၀၃ | ၂၅၀ | |
| ၁၇ | ပုရွက်ဆိတ်ကုန်း ရပ်ကွက် | ၂၈၀၀ | ၁၈၂၈ | ၉၇၂ | ၁၁၇၂ | | ၂၀၀ |
| ၁၈ | ဝေဘာဂီမြို့သစ် ရပ်ကွက် | ၁၃၁၉၃ | ၇၂၈၉ | ၅၉၀၄ | ၂၆၂၁ | ၃၂၈၃ | |
| ၁၉ | ရွှေပေါက်ကံမြို့သစ်ရပ်ကွက် | ၅၉၁၇၂ | ၂၉၅၇၄ | ၂၉၅၉၈ | ၂၈၀၄၄ | ၁၅၅၄ | |
| | ရပ်ကွက်ချုပ်စုစုပေါင်း | ၂၈၈၉၁၂ | ၁၇၅၀၈၁ | ၁၁၃၈၃၁ | ၉၄၆၁၇ | ၂၇၃၉၈ | ၈၁၈၄ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၀၉၅ | ၂၀၉၅ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၆၆၅၀ | | ၆၆၅၀ | ၁၃၀၀၀ | | ၆၃၅၀ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၉၇၆၅၇ | ၁၇၇၁၇၆ | ၁၂၀၄၈၁ | ၁၀၇၆၁၇ | ၂၇၃၉၈ | ၁၄၅၃၄ |

## ဗိုလ်တထောင်မြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၁။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်တွင် ရပ်ကွက် ၁၂ ရပ်ကွက်၊ မဲရုံပေါင်း ၃၈ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၆၁၄၆ ၊ မဲပေး အသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၃၂၂၉ ဖြစ်ပြီး၊ ကျန်ရှိရမည့် အရေအတွက်မှာ ၁၂၉၁၇ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၂၅၃၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ် အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၃၄၂၅၀ | ၂၂၀၉၄ | ၁၂၁၅၆ | ၁၁၈၇၃ | ၄၇၀ | ၁၈၇ |
| ၂ | မြို့နယ်မဲလက်မှတ် | ၁၈၉၆ | ၁၁၃၅ | ၇၆၁ | ၆၅၇ | ၁၀၄ | |
| | စုစုပေါင်း | ၃၆၁၄၆ | ၂၃၂၂၉ | ၁၂၉၁၇ | ၁၂၅၃၀ | ၅၇၄ | ၁၈၇ |

၁၂။ ဗိုလ်တထောင်မြို့နယ်၊ ရပ်ကွက် ၃ ရပ်ကွက်ရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၄၇၀ ရှက် လျော့နည်းပျောက်ဆုံးနေပြီး ရပ်ကွက် ၈ ရပ်ကွက်ရှိ မဲရုံများတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားသည့် မဲလက်မှတ်အရေအတွက်ထက် ၁၈၇ ပိုမို အသုံးပြုထားကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၇၆၁ ဖြစ်သော်လည်း မြေပြင်တွင် ၆၅၇ ကျန်ရှိနေသဖြင့် မဲလက်မှတ်အရေအတွက် ၁၀၄ လျော့နည်းပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၁၃။ ဗိုလ်တထောင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေး တွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | ရပ်ကွက်အမည် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက် | ၁ | ၁၃၅၀ | ၈၉၉ | ၄၅၁ | ၄၅၁ | | |
| ၂ | အမှတ်(၂)ရပ်ကွက် | ၇ | ၆၄၀၀ | ၄၅၃၂ | ၁၈၆၈ | ၁၆၃၃ | ၂၃၅ | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၃ | ၂၅၅၀ | ၁၈၄၈ | ၇၀၂ | ၇၁၀ | | ၈ |
| ၄ | အမှတ်(၄)ရပ်ကွက် | ၃ | ၃၄၀၀ | ၂၂၂၀ | ၁၁၈၀ | ၁၁၈၇ | | ၇ |
| ၅ | အမှတ်(၅)ရပ်ကွက် | ၃ | ၃၂၀၀ | ၁၈၇၃ | ၁၃၂၇ | ၁၁၃၉ | ၁၈၈ | – |
| ၆ | အမှတ်(၆)ရပ်ကွက် | ၃ | ၃၀၅၀ | ၁၇၉၇ | ၁၂၅၃ | ၁၃၃၃ | | ၈၀ |
| ၇ | အမှတ်(၇)ရပ်ကွက် | ၄ | ၂၇၀၀ | ၁၄၅၇ | ၁၂၄၃ | ၁၁၉၆ | ၄၇ | |
| ၈ | အမှတ်(၈)ရပ်ကွက် | ၅ | ၃၄၅၀ | ၁၉၀၇ | ၁၅၄၃ | ၁၅၆၆ | | ၂၃ |
| ၉ | အမှတ်(၉)ရပ်ကွက် | ၂ | ၁၇၀၀ | ၁၁၀၄ | ၅၉၆ | ၆၄၉ | | ၅၃ |
| ၁၀ | အမှတ်(၁၀) ရပ်ကွက် | ၅ | ၅၃၀၀ | ၃၆၀၀ | ၁၇၀၀ | ၁၇၁၄ | | ၁၄ |
| ၁၁ | ရဲရိပ်သာရပ်ကွက် | ၁ | ၆၀၀ | ၄၄၅ | ၁၅၅ | ၁၅၆ | | ၁ |
| ၁၂ | ဆိပ်ကမ်းမိသားစု ရိပ်သာရပ်ကွက် | ၁ | ၅၅၀ | ၄၁၂ | ၁၃၈ | ၁၃၉ | | ၁ |
| | ရပ်ကွက်ချုပ် စုစုပေါင်း | ၃၈ | ၃၄၂၅၀ | ၂၂၀၉၄ | ၁၂၁၅၆ | ၁၁၈၇၃ | ၄၇၀ | ၁၈၇ |
| | မြို့နယ် မဲလက်မှတ် | | ၁၈၉၆ | ၁၁၃၅ | ၇၆၁ | ၆၅၇ | ၁၀၄ | |
| | မြို့နယ်ချုပ် စုစုပေါင်း | | ၃၆၁၄၆ | ၂၃၂၂၉ | ၁၂၉၁၇ | ၁၂၅၃၀ | ၅၇၄ | ၁၈၇ |

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၄။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တွင် ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄ အုပ်စု၊ မဲရုံစုစုပေါင်း ၂၈၇ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲ လက်မှတ် အရေအတွက်မှာ ၂၉၉၀၀၆ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၄၆၃၂၂၊ ကျန်ရှိရမည့် အရေအတွက်မှာ ၁၅၂၆၈၄ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၃၃၆၇၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် ပျောက်ဆုံးမဲလက်မှတ်များတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၉၇၅၀၀ | ၁၄၅၃၅၆ | ၁၅၂၁၄၄ | ၁၃၃၁၃၂ | ၁၉၀၁၂ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၉၆၆ | ၉၆၆ | | | | |
| ၃ | မြို့နယ်မဲလက်ကျန် | ၅၄၀ | | ၅၄၀ | ၅၄၀ | | |
| | စုစုပေါင်း | ၂၉၉၀၀၆ | ၁၄၆၃၂၂ | ၁၅၂၆၈၄ | ၁၃၃၆၇၂ | ၁၉၀၁၂ | |

၁၅။ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄ အုပ်စုရှိ မဲရုံ ၂၈၇ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၉၀၁၂ ပျောက်ဆုံးနေပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတွင် ကျန်ရှိနေသည့် မဲလက်မှတ်အရေအတွက် ၅၄၀ ကို အသစ်အတိုင်း စစ်ဆေးတွေ့ရှိရသည်။

၁၆။ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စု အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

| စဉ် | ရပ်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ် (၉) ရပ်ကွက် | ၁၉၈၇၀ | ၁၁၄၁၂ | ၈၄၅၈ | ၇၈၂၂ | ၆၃၆ | |
| ၂ | အမှတ် (၁၃) ရပ်ကွက် | ၁၀၈၀၀ | ၅၁၉၃ | ၅၆၀၇ | ၄၃၁၂ | ၁၂၉၅ | |
| ၃ | အမှတ် (၁၄) ရပ်ကွက် | ၁၈၉၅၀ | ၁၀၆၀၆ | ၈၃၄၄ | ၆၆၂၉ | ၁၇၁၅ | |
| ၄ | အမှတ် (၁၆) ရပ်ကွက် | ၂၂၁၅၀ | ၁၁၀၇၄ | ၁၁၀၇၆ | ၁၀၃၆၈ | ၇၀၈ | |
| ၅ | အမှတ် (၁၉) ရပ်ကွက် | ၂၆၉၅၀ | ၁၃၄၆၃ | ၁၃၄၈၇ | ၁၀၈၀၆ | ၂၆၈၁ | |
| ၆ | အပြင်ပဒံကျေးရွာ | ၁၄၄၅၀ | ၇၁၄၆ | ၇၃၀၄ | ၆၈၃၈ | ၄၆၆ | |
| ၇ | အတွင်းပဒံကျေးရွာ | ၁၈၀၀၀ | ၇၉၅၆ | ၁၀၀၄၄ | ၉၄၉၉ | ၅၄၅ | |
| ၈ | ကုလားကြီးစုကျေးရွာ | ၁၆၀၀၀ | ၈၃၂၄ | ၇၆၇၆ | ၆၇၈၂ | ၈၉၄ | |
| ၉ | အမှတ် (၁၀) ရပ်ကွက် | ၁၅၈၀၀ | ၈၄၅၇ | ၇၃၄၃ | ၅၉၅၂ | ၁၃၉၁ | |
| ၁၀ | အမှတ် (၁၁) ရပ်ကွက် | ၂၀၆၀၀ | ၁၀၀၈၁ | ၁၀၅၁၉ | ၉၀၁၅ | ၁၅၀၄ | |
| ၁၁ | အမှတ် (၁၂) ရပ်ကွက် | ၁၅၃၀၀ | ၈၅၀၅ | ၆၇၉၅ | ၆၄၃၀ | ၃၆၅ | |
| ၁၂ | အမှတ် (၁၇) ရပ်ကွက် | ၃၂၅၀ | ၁၆၄၆ | ၁၆၀၄ | ၁၆၀၄ | | |
| ၁၃ | အမှတ် (၁၈) ရပ်ကွက် | ၂၁၁၅၀ | ၁၁၁၁၆ | ၁၀၀၃၄ | ၇၅၅၉ | ၂၄၇၅ | |
| ၁၄ | အမှတ် (၂၀) ရပ်ကွက် | ၃၈၉၈၀ | ၁၇၃၁၁ | ၂၁၆၆၉ | ၁၉၅၆၄ | ၂၁၀၅ | |
| ၁၅ | အလယ်ကျေးရွာ | ၃၅၂၅၀ | ၁၃၀၆၆ | ၂၂၁၈၄ | ၁၉၉၅၂ | ၂၂၃၂ | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၂၉၇၅၀၀ | ၁၄၅၃၅၆ | ၁၅၂၁၄၄ | ၁၃၃၁၃၂ | ၁၉၀၁၂ | |
| | မြို့နယ်ကြိုတင်မဲ | ၉၆၆ | ၉၆၆ | | | | |
| | မြို့နယ်မဲလက်ကျန် | ၅၄၀ | | ၅၄၀ | ၅၄၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၉၉၀၀၆ | ၁၄၆၃၂၂ | ၁၅၂၆၈၄ | ၁၃၃၆၇၂ | ၁၉၀၁၂ | |

## ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၇။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်တွင် ရပ်ကွက် ၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ အုပ်စု ၊ မဲရုံပေါင်း ၁၈၀ ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲအရေအတွက်မှာ ၁၀၆၂၀၈ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၆၈၉၉၃ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၃၇၂၁၅ ဖြစ်သော်လည်း မြေပြင်လက်ကျန်မှာ ၃၄၀၅၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၉၆၉၀၀ | ၆၈၆၂၃ | ၂၈၂၇၇ | ၂၅၁၁၇ | ၃၆၇၉ | ၅၁၉ |
| ၂ | မြို့နယ်မဲလက်မှတ် | ၉၃၀၈ | ၃၇၀ | ၈၉၃၈ | ၈၉၃၈ | | |
| | စုစုပေါင်း | ၁၀၆၂၀၈ | ၆၈၉၉၃ | ၃၇၂၁၅ | ၃၄၀၅၅ | ၃၆၇၉ | ၅၁၉ |

စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ မှ

၁၈။ ကွမ်းခြံကုန်းမြို့နယ်၊ ရပ်ကွက် ၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ အုပ်စုရှိ မဲရုံပေါင်း ၁၈၀ တို့တွင် မဲလက်မှတ်အရေအတွက် ၃၆၇၉ ပျောက်ဆုံးနေပြီး ၅၁၉ ပိုနေသည်ကို စိစစ်တွေ့ရှိရသည်။ ကွမ်းခြံကုန်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့မရပ်ကွက် | ၄ | ၂၉၀၀ | ၂၂၂၃ | ၆၇၇ | ၆၈၁ | | ၄ |
| ၂ | ကံကြီး/ မကျီးရပ်ကွက် | ၅ | ၂၇၅၀ | ၂၀၃၇ | ၇၁၃ | ၆၆၃ | ၅၀ | |
| ၃ | ဈေးပိုင်း ရပ်ကွက် | ၁ | ၄၅၀ | ၃၆၅ | ၈၅ | ၈၅ | | |
| ၄ | တောင်ဘက် ပိုင်းရပ်ကွက် | ၅ | ၃၅၅၀ | ၂၄၇၀ | ၁၀၈၀ | ၉၇၆ | ၁၀၄ | |
| ၅ | မင်းပိုင်းရပ်ကွက် | ၂ | ၁၃၀၀ | ၈၃၉ | ၄၆၁ | ၄၁၁ | ၅၀ | |
| ၆ | တော်ပုလွဲ ရပ်ကွက် | ၁ | ၁၀၅၀ | ၈၃၄ | ၂၁၆ | ၂၁၆ | | |
| ၇ | စံပြရပ်ကွက် | ၃ | ၂၃၅၀ | ၁၇၀၉ | ၆၄၁ | ၆၄၁ | | |
| ၈ | ကမာပါ ကျေးရွာအုပ်စု | ၆ | ၃၈၅၀ | ၂၉၁၀ | ၉၄၀ | ၉၄၀ | | |
| ၉ | တိုက်ကြီး ကျေးရွာအုပ်စု | ၃ | ၁၆၅၀ | ၁၂၄၄ | ၄၀၆ | ၄၅၆ | | ၅၀ |
| ၁၀ | ဆူးကလပ် ကျေးရွာအုပ်စု | ၂ | ၈၅၀ | ၆၈၀ | ၁၇၀ | ၁၇၀ | | |
| ၁၁ | ဆိပ်ကြီး ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၈၀၂ | ၂၉၈ | ၂၉၆ | ၂ | |
| ၁၂ | ညောင်ငူ ကျေးရွာအုပ်စု | ၂ | ၉၀၀ | ၆၄၇ | ၂၅၃ | ၂၀၃ | ၅၀ | |
| ၁၃ | တော်ခရမ်း အနောက် ကျေးရွာအုပ်စု | ၆ | ၃၅၅၀ | ၂၇၅၉ | ၇၉၁ | ၇၉၁ | | |
| ၁၄ | တောကျောင်း ကျေးရွာအုပ်စု | ၆ | ၂၃၅၀ | ၁၆၃၇ | ၇၁၃ | ၆၀၄ | ၁၀၉ | |
| ၁၅ | တော်ခရမ်းလေး ကျေးရွာအုပ်စု | ၅ | ၃၉၀၀ | ၂၅၂၅ | ၁၃၇၅ | ၁၃၇၅ | | |
| ၁၆ | ထီဖာ ကျေးရွာအုပ်စု | ၄ | ၁၆၀၀ | ၁၀၅၆ | ၅၄၄ | ၄၉၆ | ၄၈ | |
| ၁၇ | ဒေးဒနော ကျေးရွာအုပ်စု | ၃ | ၂၀၀၀ | ၁၀၅၂ | ၉၄၈ | ၃၉၆ | ၅၅၂ | |
| ၁၈ | ပေကုန်း ကျေးရွာအုပ်စု | ၂ | ၈၀၀ | ၆၂၀ | ၁၈၀ | ၁၈၀ | | |
| ၁၉ | မန်းကလိပ် ကျေးရွာအုပ်စု | ၅ | ၂၄၀၀ | ၁၈၅၀ | ၅၅၀ | ၄၄၅ | ၁၀၅ | |
| ၂၀ | မရမ်း ကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၁၁၇၅ | ၂၂၅ | ၂၂၅ | | |
| ၂၁ | ရေတိမ်ကျေးရွာအုပ်စု | ၂ | ၇၀၀ | ၅၁၄ | ၁၈၆ | ၂၃၆ | | ၅၀ |
| ၂၂ | ဝါးကောက်တောကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၁၀၅၀ | ၄၀၀ | ၄၀၀ | | |
| ၂၃ | သုံးခွကျေးရွာအုပ်စု | ၄ | ၁၈၀၀ | ၁၂၉၁ | ၅၀၉ | ၄၀၉ | ၁၀၀ | |
| ၂၄ | သပြေစမ်းကျေးရွာအုပ်စု | ၃ | ၁၃၀၀ | ၈၁၈ | ၄၈၂ | ၃၃၂ | ၁၅၀ | |
| ၂၅ | အင်္ဂလုံးကျေးရွာအုပ်စု | ၆ | ၂၉၀၀ | ၂၀၉၉ | ၈၀၁ | ၈၀၄ | | ၃ |
| ၂၆ | ကော့ခွန်းကျေးရွာအုပ်စု | ၃ | ၁၂၅၀ | ၈၉၉ | ၃၅၁ | ၃၅၁ | | |
| ၂၇ | ကန်လျားရှည်ကျေးရွာအုပ်စု | ၅ | ၂၇၅၀ | ၂၂၀၆ | ၅၄၄ | ၅၄၄ | | |
| ၂၈ | ကရင်ချောင်ကျေးရွာအုပ်စု | ၃ | ၁၀၀၀ | ၇၈၈ | ၂၁၂ | ၂၁၂ | | |
| ၂၉ | ကညင်ကုန်းကျေးရွာအုပ်စု | ၅ | ၃၃၀၀ | ၂၃၂၄ | ၉၇၆ | ၆၇၈ | ၂၉၈ | |
| ၃၀ | ကြခတ်ကုန်းကြီးကျေးရွာအုပ်စု | ၃ | ၂၀၀၀ | ၁၄၀၇ | ၅၉၃ | ၄၄၃ | ၁၅၀ | |
| ၃၁ | ကြခတ်ကုန်းလေးကျေးရွာအုပ်စု | ၄ | ၁၇၀၀ | ၁၂၈၆ | ၄၁၄ | ၄၁၄ | | |
| ၃၂ | ကန့်မလာကျေးရွာအုပ်စု | ၃ | ၁၂၀၀ | ၅၈၇ | ၆၁၃ | ၃၆၃ | ၂၅၀ | |
| ၃၃ | ခလောက်တရာကျေးရွာအုပ်စု | ၆ | ၃၃၅၀ | ၂၂၅၁ | ၁၀၉၉ | ၈၄၈ | ၂၅၁ | |
| ၃၄ | ငှက်ကြီးဒေါင်ကျေးရွာအုပ်စု | ၃ | ၁၀၀၀ | ၇၁၈ | ၂၈၂ | ၂၈၀ | ၂ | |
| ၃၅ | တော်ခရမ်းအရှေ့ကျေးရွာအုပ်စု | ၄ | ၂၁၅၀ | ၁၄၃၉ | ၇၁၁ | ၅၁၁ | ၂၀၀ | |
| ၃၆ | တောင်ကုန်းကျေးရွာအုပ်စု | ၅ | ၂၅၅၀ | ၁၉၀၃ | ၆၄၇ | ၅၄၇ | ၁၀၀ | |
| ၃၇ | တော်ကူးအရှေ့ကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၄၈၈ | ၄၁၂ | ၄၁၀ | ၂ | |
| ၃၈ | တော်ကူးအနောက် ကျေးရွာအုပ်စု | ၆ | ၂၀၀၀ | ၁၃၅၃ | ၆၄၇ | ၆၄၇ | | |
| ၃၉ | တော်ပြာကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၈၅ | ၁၆၅ | ၁၇၇ | | ၁၂ |
| ၄၀ | တော်လန်းကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၂၈၂ | ၇၆၈ | ၅၆၄ | ၂၀၄ | |
| ၄၁ | တော်ခလူးကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၁၁၄၅ | ၂၅၅ | ၂၅၅ | | |
| ၄၂ | ဒရယ်လူးကျေးရွာအုပ်စု | ၃ | ၁၇၀၀ | ၁၂၄၂ | ၄၅၈ | ၄၀၈ | ၅၀ | |
| ၄၃ | ပီလခတ်ကျေးရွာအုပ်စု | ၅ | ၃၃၅၀ | ၂၂၈၁ | ၁၀၆၉ | ၈၆၉ | ၂၀၀ | |
| ၄၄ | ပကောက်ကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၇၈၁ | ၄၁၉ | ၂၆၉ | ၁၅၀ | |
| ၄၅ | မှော်ဘီကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၉၂၉ | ၅၂၁ | ၃၇၁ | ၁၅၀ | |
| ၄၆ | မယ်ရကုန်းကျေးရွာအုပ်စု | ၂ | ၈၀၀ | ၄၅၆ | ၃၄၄ | ၃၄၄ | | |
| ၄၇ | လက်ခုပ်ကုန်းကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၁၄၂၄ | ၁၀၇၆ | ၇၇၆ | ၃၀၀ | |
| ၄၈ | ဝက်ကိုက်ကျေးရွာအုပ်စု | ၈ | ၄၀၅၀ | ၂၈၃၉ | ၁၂၁၁ | ၁၆၁၁ | | ၄၀၀ |
| ၄၉ | သဲကုန်းတန်းကျေးရွာအုပ်စု | ၂ | ၇၅၀ | ၄၅၂ | ၂၉၈ | ၂၉၈ | | |
| ၅၀ | သောင်ခုန်ကျေးရွာအုပ်စု | ၃ | ၂၀၀၀ | ၁၄၅၂ | ၅၄၈ | ၄၉၆ | ၅၂ | |
| | **ရပ်ကွက်/ကျေးရွာချုပ်စုစုပေါင်း** | **၁၈၀** | **၉၆၉၀၀** | **၆၈၆၂၃** | **၂၈၂၇၇** | **၂၅၁၁၇** | **၃၆၇၉** | **၅၁၉** |
| | **မြို့နယ်မဲလက်ကျန်** | | **၉၃၀၈** | **၃၇၀** | **၈၉၃၈** | **၈၉၃၈** | | |
| | **မြို့နယ်ချုပ်စုစုပေါင်း** | | **၁၀၆၂၀၈** | **၆၈၉၉၃** | **၃၇၂၁၅** | **၃၄၀၅၅** | **၃၆၇၉** | **၅၁၉** |

၁၉။ ကွမ်းခြံကုန်းမြို့နယ်၊ တော်ခရမ်းလေးကျေးရွာအုပ်စု မဲရုံအမှတ်(၃)တွင် မဲဆန္ဒရှင် ၉၇၁ ဦး အနက် ၇၅၁ ဦးမှာ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေပြီး အစုလိုက်အပြုံလိုက် မဲပေးထားကြောင်း စိစစ်တွေ့ရှိရသည်။ ထိုမဲပေးထားသူများမှာ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အရည်အချင်းများနှင့် ကိုက်ညီမှုမရှိသည့်အပြင် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများဖြစ်ကြောင်း စိစစ်ထားခြင်းမရှိဘဲ မဲစာရင်းတွင်ထည့်သွင်း မဲပေးခွင့်ပြုခဲ့သည်ကို တွေ့ရှိရသည်။ (မဲပေးခွင့်ပြုခဲ့သည့် ပုံစံ(၁)မဲဆန္ဒရှင်စာရင်းများအနက် နမူနာ ၃ ရွက်ကို ပူးတွဲဖော်ပြထားပါသည်။ )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ပုံစံ(၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀၂၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
[ နည်းဥပဒေ ၄ ]
ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (ကွမ်းခြံကုန်းမြို့နယ်)

မြို့နယ်အမည် - ကွမ်းခြံကုန်းမြို့နယ်
ရပ်ကွက်/ကျေးရွာအုပ်စုအမည် - တော်ခရမ်းလေးကျေးရွာအုပ်စု
မဲရုံအမှတ် - မရ-၀၃၊ ယာယီမဲရုံ

မဲဆန္ဒရှင်ပေါင်း (၉၇၁ )ဦး - ကျား (၄၅၆ )ဦး - မ (၅၁၅ )ဦး

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့ လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၅၈၁ | ဦးဝင်းနိုင် | ကျား | ၁၉-၀၂-၁၉၉၀ | မရှိ | ဦးမုတ်ဆိတ် | ဒေါ်ဖြူဖြူဝင်း | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၅၊ ၀၀၆၂၅ | |
| ၅၈၂ | ဒေါ်နုဇီဇာ | မ | ၀၂-၀၃-၁၉၇၉ | မရှိ | ဦးဖိုးပု | ဒေါ်ရှုဇီယာ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၅၊ ၀၀၆၂၅ | |
| ၅၈၃ | ဦးကျော်ထူး | ကျား | ၃၀-၀၆-၂၀၀၀ | မရှိ | ဦးစီလရာမွတ် | ဒေါ်မညို | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၆၊ ၀၀၆၂၆ | |
| ၅၈၄ | ဦးစီလရားမွတ် | ကျား | ၁၉-၁၀-၁၉၆၇ | မရှိ | ဦးလှမြင့် | ဒေါ်အရှာဘီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၆၊ ၀၀၆၂၆ | |
| ၅၈၅ | ဒေါ်မညို | မ | ၀၆-၁၂-၁၉၇၀ | မရှိ | ဦးဝိန် | ဒေါ်မာလီကာ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၆၊ ၀၀၆၂၆ | |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၅၈၆ | ဦးဖြိုးတုတ် | ကျား | ၃၀-၀၆-၁၉၉၅ | မရှိ | ဦးရှာဘေဒါလီ | ဒေါ်နီဇာဘီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၇၊ ၀၀၆၂၇ | |
| ၅၈၇ | ဒေါ်နှင်းမိုးအေး | မ | ၃၀-၀၆-၂၀၀၁ | မရှိ | ဦးရှာဘေဒါလီ | ဒေါ်နီဇာဘီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၇၊ ၀၀၆၂၇ | |
| ၅၈၈ | ဦးဖိုးအေး | ကျား | ၃၀-၀၆-၁၉၉၈ | မရှိ | ဦးရှာဘေဒါလီ | ဒေါ်နီဇာဘီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၇၊ ၀၀၆၂၇ | |
| ၅၈၉ | ဦးမြင့်ဌေး | ကျား | ၀၆-၀၆-၁၉၈၉ | မရှိ | ဦးရှာဘေဒါလီ | ဒေါ်နီဇာဘီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၇၊ ၀၀၆၂၇ | |
| ၅၉၀ | ဒေါ်ဝါဝါ | မ | ၀၁-၀၃-၁၉၈၁ | မရှိ | ဦးရှာဘေဒါလီ | ဒေါ်နီဇာဘီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၂၇၊ ၀၀၆၂၇ | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

စာမျက်နှာ - ၅၉/၉၈

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

ပုံစံ(၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀၂၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
[ နည်းဥပဒေ ၄ ]
ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (ကွမ်းခြံကုန်းမြို့နယ်)

မြို့နယ်အမည် - ကွမ်းခြံကုန်းမြို့နယ်
ရပ်ကွက်/ကျေးရွာအုပ်စုအမည် - တော်ခရမ်းလေးကျေးရွာအုပ်စု
မဲရုံအမှတ် - မရ-၀၃၊ ယာယီမဲရုံ

မဲဆန္ဒရှင်ပေါင်း (၉၇၁ )ဦး - ကျား (၄၅၆ )ဦး - မ (၅၁၅ )ဦး

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့ လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၇၉၁ | ဒေါ်အရှာဘီ | မ | ၁၀-၀၁-၁၉၇၉ | မရှိ | ဦးခွေးပု | ဒေါ်နိုလဖားဘီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၄၊ ၀၀၆၉၄ | |
| ၇၉၂ | ဦးဇော်မျိုး | ကျား | ၃၀-၀၆-၁၉၈၀ | မရှိ | ဦးချိုတူး | ဒေါ်လှနွယ် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၄၊ ၀၀၆၉၄ | |
| ၇၉၃ | ဦးမောင်မောင်ဦး | ကျား | ၃၀-၀၆-၁၉၈၇ | မရှိ | ဦးဝါဆိုဒင်(ခ)လှဝင်း | ဒေါ်စန်းမြင့် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၅၊ ၀၀၆၉၅ | |
| ၇၉၄ | ဦးမျိုးဝင်း | ကျား | ၃၀-၀၆-၂၀၀၀ | မရှိ | ဦးဝါဆိုဒင်(ခ)လှဝင်း | ဒေါ်စန်းမြင့် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၅၊ ၀၀၆၉၅ | |
| ၇၉၅ | ဒေါ်စုလှိုင်ဝင်း | မ | ၃၀-၀၆-၁၉၉၉ | မရှိ | ဦးဝါဆိုဒင်(ခ)လှဝင်း | ဒေါ်စန်းမြင့် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၅၊ ၀၀၆၉၅ | |
| ၇၉၆ | ဦးနိုင်လှဦး | ကျား | ၃၀-၀၆-၁၉၈၉ | မရှိ | ဦးဝါဆိုဒင်(ခ)လှဝင်း | ဒေါ်စန်းမြင့် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၅၊ ၀၀၆၉၅ | |
| ၇၉၇ | ဦးဝါဆိုဒင်(ခ)လှဝင်း | ကျား | ၃၀-၀၆-၁၉၆၃ | မရှိ | ဦးအုမော်ကြီး | ဒေါ်အုန်းမြင့် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၅၊ ၀၀၆၉၅ | |
| ၇၉၈ | ဒေါ်စန်းမြင့် | မ | ၃၀-၀၆-၁၉၆၃ | မရှိ | ဦးပုတင် | ဒေါ်ဖိုင်းနွတ် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၅၊ ၀၀၆၉၅ | |
| ၇၉၉ | ဦးသူရနိုင် | ကျား | ၃၀-၀၆-၁၉၉၃ | မရှိ | ဦးအေး | ဒေါ်အေးကျင် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၆၊ ၀၀၆၉၆ | |
| ၈၀၀ | ဒေါ်ညီညီ | မ | ၀၉-၀၉-၁၉၇၉ | ၇/သနပ(နိုင်)၁၂၃၃၄၁ | ဦးသံခဲ | ဒေါ်စန်း | မရ-၀၃၊ အမှတ်(၃)၊ ၀၀၆၉၆၊ ၀၀၆၉၆ | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

စာမျက်နှာ - ၈၀/၉၈

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

ပုံစံ(၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀၂၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
[ နည်းဥပဒေ ၄ ]
ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (ကွမ်းခြံကုန်းမြို့နယ်)

မြို့နယ်အမည် - ကွမ်းခြံကုန်းမြို့နယ်
ရပ်ကွက်/ကျေးရွာအုပ်စုအမည် - တော်ခရမ်းလေးကျေးရွာအုပ်စု
မဲရုံအမှတ် - မရ-၀၃၊ ယာယီမဲရုံ

မဲဆန္ဒရှင်ပေါင်း (၉၇၁ )ဦး - ကျား (၄၅၆ )ဦး - မ (၅၁၅ )ဦး

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့ လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၈၆၁ | ဦးမျိုးမင်းထိုက် | ကျား | ၁၀-၀၂-၁၉၈၉ | ၁၂/ဒလန(နိုင်)၀၉၄၁၀၃ | ဦးမာမက်ဆလင်း | ဒေါ်ဟာမီဒါ | မရ-၀၃၊ အမှတ်(၃)၊ ပ၀၇၁၃၊ ၀၀၇၁၃ | |
| ၈၆၂ | ဒေါ်နီနီဝင်း | မ | ၁၅-၀၅-၁၉၉၆ | မရှိ | ဦးအာဘာဆလီ | ဒေါ်အမာစိန် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၃၊ ၀၀၇၁၃ | |
| ၈၆၃ | ဒေါ်ဌေးဌေးမိုး | မ | ၁၂-၀၁-၁၉၇၈ | မရှိ | ဦးအာလီ | ဒေါ်ရီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၄၊ ၀၀၇၁၄ | |
| ၈၆၄ | ဦးနိုင်ဝင်း | ကျား | ၀၇-၀၅-၂၀၀၁ | မရှိ | ဦးဟာရှင် | ဒေါ်ဌေးဌေးမိုး | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၄၊ ၀၀၇၁၄ | |
| ၈၆၅ | ဦးဟာရှင် | ကျား | ၀၇-၀၈-၁၉၇၈ | မရှိ | ဦးကာဆင် | ဒေါ်ရီမြင့် | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၄၊ ၀၀၇၁၄ | |
| ၈၆၆ | ဦးနိုင်လင်း | ကျား | ၀၈-၀၇-၁၉၉၇ | မရှိ | ဦးဟာရှင် | ဒေါ်ဌေးဌေးမိုး | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၄၊ ၀၀၇၁၄ | |
| ၈၆၇ | ဦးဖိုးတုတ် | ကျား | ၃၀-၀၆-၁၉၉၄ | မရှိ | ဦးအီလီ | ဒေါ်ဒိုင်ဇာဘီ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၅၊ ၀၀၇၁၅ | |
| ၈၆၈ | ဒေါ်သန္တာအေး | မ | ၃၀-၀၆-၁၉၉၉ | မရှိ | ဦးအဒ္ဒဇဘော် | ဒေါ်သီတာ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၅၊ ၀၀၇၁၅ | |
| ၈၆၉ | ဦးမျိုးဝင်း | ကျား | ၃၀-၀၆-၁၉၇၆ | မရှိ | ဦးတင်ဝင်း | ဒေါ်ဖြူ | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၆၊ ၀၀၇၁၆ | |
| ၈၇၀ | ဦးဝေယံမျိုး | ကျား | ၀၇-၀၅-၁၉၉၈ | မရှိ | ဦးမျိုးဝင်း | ဒေါ်နီနီဝင်း | မရ-၀၃၊ အမှတ်(၃)၊ ၀၀၇၁၆၊ ၀၀၇၁၆ | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

စာမျက်နှာ - ၈၇/၉၈

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

# စာသင်ခန်းအတွင်း လူမှုဝေးကွာသတ်မှတ်ချက်ကို စီဒီစီမှ ဖြေလျှော့ပေး

**ဝါရှင်တန် မတ် ၂၀**

စာသင်ခန်းအတွင်း လူမှုဝေးကွာအစီအစဉ် လမ်းညွှန်မှုများ ချမှတ်ထားခြင်းကို အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ) က ဖြေလျှော့ပေးခဲ့ကြောင်း သိရသည်။ စီဒီစီမှ ထုတ်ပြန်ထားသည့် အကြံပြုချက်မှာ စာသင်ခန်းအတွင်း ကျောင်းသားများ ၉၀ စင်တီမီတာအကွာတွင် နေထိုင်ရမည်ဖြစ်သည်။

ယခင်က စာသင်ခန်းအတွင်း ကျောင်းသားများ ၁၈၀ စင်တီမီတာအကွာတွင် ထိုင်ကြရန် အကြံပြုထားခြင်းဖြစ်သည်။ နောက်ထပ်လေ့လာမှုများအပေါ် အခြေခံကာ မတ် ၁၉ ရက်က လမ်းညွှန်မှုအသစ်များ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်ဟု စီဒီစီက ပြောသည်။

ကိုဗစ် – ၁၉ ကပ်ရောဂါ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သဖြင့် စာသင်ခန်းအတွင်း သင်ယူမှုပြန်လည်စတင်ရန်မှာ စိန်ခေါ်မှုတစ်ရပ်ဟု သက်သေပြလျက်ရှိသည်။

ကိုဗစ် –၁၉ ကူးစက်မှုနှုန်းနိမ့်သည့်နေရာတွင်ပင် ၁၈၀ စင်တီမီတာအကွာတွင် နေထိုင်ရန် လမ်းညွှန်ချက်ထုတ်ပြန်ခဲ့သည်။ စာသင်ကျောင်းများ အနေဖြင့် ကျောင်းသားများကို နေရာခွဲထိုင်ရန်အလို့ငှာ လုံလောက်သည့် နေရာမရှိချေ။ အသစ်ထုတ်ပြန်သည့် စည်းကမ်းချက်အသစ်များအရ ပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ကြရန် ဆက်လက်တောင်းဆိုထားဆဲဖြစ်သည်။

ပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ထားခြင်း မရှိသည့်အချိန် အထူးသဖြင့် ထမင်းစားချိန်တွင် ၁၈၀ စင်တီမီတာအကွာတွင် နေထိုင်ရန် အကြံပြုထားသည်။

ကလေးငယ်များ စာသင်ကျောင်းပြန်သွားနိုင်ရေးမှာ ကပ်ရောဂါကို ကျော်လွှားနိုင်ရေးအတွက် ပထမဆုံးအချက်ပင်ဖြစ်သည်ဟု စီဒီစီမှ ညွှန်ကြားရေးမှူးဖြစ်သူ ရိုရှဲလီ ဝီလန်စကီက ပြောသည်။

**အင်န်အိတ်ချ်ကေ**



လူမှုဝေးကွာအစီအစဉ်ဖြင့် ကျောင်းတက်နေကြသည့်ကလေးများကို တွေ့ရစဉ်။



ဘရာဇီးနိုင်ငံရှိ ကမ်းခြေတစ်ခုကို တွေ့ရစဉ်။

# ကိုဗစ် – ၁၉ ကူးစက်မှုများ များလာသဖြင့် ရီယိုဒီဂျနေးရိုးတွင် ကမ်းခြေများပိတ်

**ဆော်ပိုလို မတ် ၂၀**

ဘရာဇီးနိုင်ငံမြို့တော် ရီယိုဒီဂျနေးရိုးတွင် နောက်ထပ် ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုများကို တားမြစ်နိုင်ရေးအတွက် ကမ်းခြေများကို ပိတ်ထားလိုက်ကြောင်း ကြေညာခဲ့သည်။

ကိုဗစ် –၁၉ ကူးစက်မှုများ လာသဖြင့် ဘရာဇီးနိုင်ငံ၏ ကျန်းမာရေးစနစ် ပြိုလဲမည်ကို စိုးရိမ်သည့်အတွက် ကန့်သတ်ချက်များ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယခုသီတင်းပတ်အတွင်း တိုင်းပြည်၏ လူဦးရေ ဒုတိယအထူထပ်ဆုံးမြို့တွင် ပုဂ္ဂလိကဆေးရုံများနှင့် ပြည်သူ့ဆေးရုံများ၌ အထူးကြပ်မတ်ကုသဆောင်၏ ၉၅ ရာခိုင်နှုန်းမှာ လူနာများနှင့် ပြည့်နက်နေပြီဟု သိရသည်။ လာမည့်ရက်များအတွင်း ထိန်းချုပ်၍ မရနိုင်သည်အထိ ကိုဗစ် –၁၉ ကူးစက်မှုများပြားလာနိုင်ကြောင်း စီးပွားရေးအရ ကျပ်တည်းမှုများလည်းရှိနေ၍ ခက်ခဲသည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်ဟု ရီယိုဒီဂျနေးရိုးမြို့တော်ဝန် အက်ဒဝက်ဒိုပိုက်စ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံ၏ ခရီးသွားမြို့တော်တွင်လည်း အထင်ကရ ကမ်းခြေများနှင့် ခရီးသွားများ ဝင်ရောက်ရာနေရာများကို စနေ၊ တနင်္ဂနွေတွင် ပိတ်သွားမည်ဖြစ်ပြီး ကမ်းရိုးတန်းဧရိယာများနှင့် ဘားများကိုမူ ဆက်လက်ဖွင့်ထားဦးမည်ဟု သိရသည်။

မတ် ၁၉ ရက်အထိ ဘရာဇီးနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ခံရသူ စုစုပေါင်း ၁၁၇၈၇၆၀၀ ရှိပြီး သေဆုံးသူ ၂၈၇၇၉၅ ဦးရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# အက်စ်ထရာဇနီကာ ကာကွယ်ဆေး ဆက်လက်အသုံးပြုရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး တောင်းဆို

**ဂျီနီဗာ မတ် ၂၀**

အက်စ်ထရာဇနီကာ ကိုဗစ်–၁၉ ကာကွယ်ဆေး၏ ရရှိနိုင်သော အချက်အလက်များကို သုံးသပ်ပြီး ကာကွယ်ဆေးထိုးပြီးနောက် လူများတွင် သွေးခဲမှုဖြစ်စဉ် ဖြစ်ပွားမှုနှင့် ဆက်စပ်မှုရှိ မရှိ တပ်အပ်မပြောနိုင်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကြံပေးအဖွဲ့က ပြောကြားခဲ့သည်။

အက်စ်ထရာဇနီကာမှ ထုတ်လုပ်သည့်ကာကွယ်ဆေးနှင့်ပတ်သက်ပြီး စိုးရိမ်မှုများ များပြားလာပြီးနောက် မတ် ၁၉ ရက်တွင် အဆိုပါအကြံပေးအဖွဲ့က သတင်းထုတ်ပြန်ချက် ထုတ်ပြန်ခဲ့သည်။ ကိုဗစ် –၁၉ ကာကွယ်ဆေးအားလုံး၏ လုံခြုံစိတ်ချရမှုကို နိုင်ငံအများအပြားက ဆက်လက်စောင့်ကြည့်ကြရန်လည်း အဆိုပါအကြံပေးအဖွဲ့က ထောက်ခံချက်ပေးထားသည်။

ကိုဗစ်– ၁၉ ကပ်ရောဂါမှာ ကြောက်မက်ဖွယ်ရောဂါဖြစ်ပြီး အက်စ်ထရာဇနီကာ ကာကွယ်ဆေးမှာ အဆိုပါရောဂါကို ကာကွယ်ပေးနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့ အက်ဒဟာနွမ်ဂီဘရီယက်ဆုစ်က မတ် ၁၉ ရက်တွင် ပြောကြားခဲ့သည်။

နိုင်ငံအများအပြား၌ ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံမှုများ ဆက်လက်လုပ်ဆောင်ရန်လည်း ၎င်းက တိုက်တွန်းခဲ့သည်။ ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့်ပြုလုပ်သည့် ကိုဗက်အစီအစဉ်ဖြင့် ကာကွယ်ဆေးမျှဝေမှုများကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဟု ၎င်းကပြောသည်။ ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့သည့် ဥရောပနိုင်ငံများအနက် အက်စထရာဇနီကာ ကာကွယ်ဆေးထိုးနှံမှုကို ခေတ္တဆိုင်းငံ့သည့် နိုင်ငံများစာရင်းတွင် ပါဝင်သည်။ ဥရောပသမဂ္ဂ ဆေးဘက်ဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က အက်စ်ထရာဇနီကာ ကာကွယ်ဆေးမှာ လုံခြုံစိတ်ချရသည်ဟု မတ် ၁၈ ရက်က ကြေညာခဲ့ပြီးသည့်နောက် အချို့သောနိုင်ငံများတွင် ကာကွယ်ဆေးထိုးနှံမှုကို ပြန်လည်စတင်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**




# လစ်ဗျားနိုင်ငံ ထရီပိုလီမြို့၌ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ကလေးများသေဆုံး ဒဏ်ရာရမှုအပေါ် ယူနီဆက်က စိုးရိမ်ကြောင်းပြောဆို

**ထရီပိုလီ မတ် ၂၀**

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ယူနီဆက်ဖ်သည် လစ်ဗျားနိုင်ငံ ထရီပိုလီမြို့တွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ကလေးများ သေဆုံး ဒဏ်ရာရရှိမှုအပေါ် စိုးရိမ်ပူပန်မိကြောင်း မတ် ၁၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ မတ် ၁၈ ရက်က အင်ဇာရာဒေသတွင် ပေါက်ကွဲမှုကြောင့် ကလေးများ သေဆုံးဒဏ်ရာရရှိခဲ့သည့်အတွက် နက်နက်ရှိုင်းရှိုင်း စိုးရိမ်ပူပန်မိသည်ဟု ယူနီဆက်ဖ်က သတင်းထုတ်ပြန်ခဲ့သည်။

ပေါက်ကွဲမှုကြောင့် အသက် ၁၄ နှစ်အရွယ် ကလေးတစ်ဦး သေဆုံးခဲ့ပြီး အသက် ရှစ်နှစ်မှ ၁၄ နှစ်အကြား ၎င်း၏မွေးချင်းမောင်နှမများလည်း ဒဏ်ရာရရှိခဲ့ရာ ယခုအခါ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသည်ဟု ယူနီဆက်ဖ်က ထုတ်ဖော်ပြောကြားခဲ့သည်။ ယူနီဆက်ဖ်သည် အစိုးရအာဏာပိုင်အဖွဲ့အစည်းများနှင့်အတူ လက်တွဲလုပ်ဆောင်လျက်ရှိပြီး ဒဏ်ရာရရှိသူကလေးများ လုံလောက်သည့် အထောက်အပံ့များ ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

လစ်ဗျားနိုင်ငံအတွင်း ပြောင်းရွှေ့နေထိုင်သူ ၆၃၀၀၀၊ နေရပ်ပြန်သူ ၁၂၃၀၀၀ နှင့် လစ်ဗျားနိုင်ငံအတွင်း ရွှေ့ပြောင်းနေထိုင်ခြင်း မပြုသူ ၁၄၅၀၀၀ ၊ ရွှေ့ပြောင်းသွားလာသူ ၁၃၅၀၀၀ နှင့် ဒုက္ခသည် ၄၀၀၀၀ တို့မှာ ညစ်ညမ်းပြီး မသန့်သည့်နေရာများတွင် နေထိုင်နေရသည်ဟု ကုလသမဂ္ဂအေဂျင်စီက ခန့်မှန်းထားသည်။

ယခုကဲ့သို့ ဝမ်းနည်းကြေကွဲပြီး စိတ်မကောင်းဖွယ်ဖြစ်ရပ်မျိုးတွင် ကလေးများ ထိခိုက်မှုတိုးလာမည်ကို ယူနီဆက်ဖ်က စိုးရိမ်လျက်ရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# နိုင်ငံရပ်ခြားပွဲကြည့်ပရိသတ်များကို တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲလာရောက်ကြည့်ရှုခြင်းမှ ဂျပန်တားမြစ်

**တိုကျို မတ် ၂၀**

မမျှော်မှန်းနိုင်သော အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးကွဲ ကူးစက်နိုင်ခြေများကြောင့် ပင်လယ်ရပ်ခြားတိုင်းပြည်များမှ ပွဲကြည့်ပရိသတ်များကို တိုကျိုအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲများကြည့်ရှုခြင်းကို တားဆီးရန် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၂၀ ရက်က ဖော်ပြလိုက်သည်။

အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲကော်မတီ၊ တိုကျိုအားကစားပြိုင်ပွဲများ ကျင်းပရေးကော်မတီ၊ ဂျပန်အစိုးရနှင့် တိုကျိုမြို့တော်အစိုးရများပါဝင်သော ငါးဖွဲ့ဆိုင်အစည်းအဝေးကို မတ် ၂၀ ရက်က ကျင်းပခဲ့သည်။




တိုကျိုအားကစားပြိုင်ပွဲကျင်းပရေးကော်မတီအကြီးအကဲ ဟာရှီမိုတိုဆီကို ကိုတွေ့ရစဉ်။

အရေးပေါ်အခြေအနေများအောက်တွင် ပင်လယ်ရပ်ခြားပွဲကြည့်ပရိသတ်များကို နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုရန် ခက်ခဲကြောင်း ဂျပန်နိုင်ငံ ဘက်က ပြောကြားလိုက်သည်။

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲကော်မတီတို့က ဂျပန်နိုင်ငံ၏ ဆုံးဖြတ်ချက်ကို လေးစားလက်ခံကြောင်း ပြောကြားခဲ့သည်။

တိုကျိုအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီအကြီးအကဲ ဟာရှီမိုတိုဆီကိုက ဂျပန်နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများသည် နယ်စပ်ဖြတ်ကျော်ခရီးသွားလာခြင်းများကို တင်းကျပ်စွာကန့်သတ်ထားကြောင်းနှင့် လက်ရှိအခြေအနေသည် နိုင်ငံရပ်ခြားတိုင်းပြည်များမှ ဂျပန်နိုင်ငံသို့ လွတ်လပ်စွာဝင်ထွက်သွားလာခြင်းများကို အာမခံနိုင်ရန် အလွန်ခက်ခဲကြောင်း ပြောကြားလိုက်သည်။

ပွဲကြည့်ပရိသတ်အရေအတွက်ကို နောက်လတွင် ဆုံးဖြတ်ချက်ချသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆုံးဖြတ်ချက်ချရာတွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် ကျွမ်းကျင်အားကစားသမားများ ပါဝင်သည့် အားကစားပွဲစဉ်များနှင့် အဆိုပါပွဲစဉ်များသို့ လာရောက်ကြမည့် ပွဲကြည့်ပရိသတ်ဆိုင်ရာ အစိုးရ၏လမ်းညွှန်ချက်များကိုလည်း ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အားကစားပွဲတော်သမိုင်းတွင် ပထမဆုံးအကြိမ် တစ်နှစ်ကြာရွှေ့ဆိုင်းခဲ့ရသော အဆိုပါအားကစားပြိုင်ပွဲကြီးကို ပြန်လည်ကျင်းပရန် ငါးဖွဲ့ဆိုင်အဖွဲ့က ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အိုလံပစ်အားကစားပြိုင်ပွဲများကို ဇူလိုင် ၂၃ ရက်တွင် ကျင်းပရန်စီစဉ်ထားပြီး မသန်စွမ်းအားကစားပြိုင်ပွဲများကို ဩဂုတ် ၂၄ ရက်တွင် ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ လူနာသစ် ၅၆၅၆ ဦးရှိလာပြီး ထပ်မံသေဆုံးသူ ၁၀၈ ဦးရှိလာ

**ဂျကာတာ မတ် ၂၀**

အင်ဒိုနီးရှားနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၆၅၆ ဦး ရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၄၅၅၇၈၈ ဦး တိုးလာခဲ့သည်။ တစ်နေ့အတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထပ်မံသေဆုံးသူ ၁၀၈ ဦး ထပ်တိုးလာမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းသည် ၃၉၄၄၇ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မတ် ၂၀ ရက်တွင် ပြောကြားလိုက်သည်။

အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ နောက်ထပ် ၅၇၆၀ ရှိလာမှုနှင့်အတူ စုစုပေါင်း ဆေးရုံမှ ဆင်းလာသူပေါင်း ၁၂၈၇၇၂၅ ဦးရှိလာပြီဖြစ်ကြောင်း သိရသည်။



အင်ဒိုနီးရှားနိုင်ငံ ဆူရာ့ခ်ကာတာမြို့တွင် အမျိုးသားတစ်ဦးကို ဆေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရန် ဆောင်ရွက်နေသည်ကိုတွေ့ရစဉ်။

ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုသည် အင်ဒိုနီးရှားနိုင်ငံ၏ ပြည်နယ်ပေါင်း ၃၄ ပြည်နယ်သို့ ကူးစက်ဖြစ်ပွားခဲ့ပြီးဖြစ်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ဂျကာတာတွင် ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ဖြစ်ပွားသူ ၁၉၃၇ ဦး၊ အနောက်ဂျာဗားတွင် ၈၂၂ ဦး၊ အရှေ့ဂျာဗားတွင် ၂၈၉ ဦး၊ ယိုဂျကာတာတွင် ၂၄၂ ဦးနှင့် ဘန်တန်းတွင် ၂၃၃ ဦးတို့ဖြစ်ကြောင်း သိရသည်။

အနောက် ဆူလာဝေစီပြည်နယ်တွင် နောက်ထပ်ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူသစ် မရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြု ကူးစက်လူနာပေါင်း ၂၀၅ ဦးအထိ ရောက်ရှိလာ

**ဘန်ဒါဆီရီဘီကာဝန်   မတ်   ၂၀**

ဘရူနိုင်းနိုင်ငံတွင် မတ် ၂၀ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ နှစ်ဦးရှိကြောင်းအတည်ပြုဖော်ပြခဲ့မှုနှင့်အတူ စုစုပေါင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းသည် ၂၀၅ ဦးအထိ ရှိလာပြီဖြစ်သည်။

ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာန၏သတင်းထုတ်ပြန်ချက်အရ ၂၀၄ ဦးမြောက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသည် အသက် ၃၄နှစ်ရှိသည့် အမျိုးသားတစ်ဦးဖြစ်ပြီး ၂၀၅ ဦးမြောက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသည် အသက် ၄၃ နှစ်ရှိသူတစ်ဦးဖြစ်ကာ ၎င်းတို့နှစ်ဦးသည် အင်ဒိုနီးရှားနိုင်ငံမှ မတ် ၇ တွင် ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရသည်။ ၎င်းတို့နှစ်ဦးနှင့် ထိတွေ့ကူးစက်နိုင်ခြေရှိသည်များကို ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

လတ်တလောတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူပေါင်း ၁၄ ဦးကို အမျိုးသားသီးသန့်ခွဲခြားစောင့်ကြည့်ရေးစင်တာများတွင် သီးသန့်ခွဲခြားစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ ဘရူနိုင်းနိုင်ငံသည် ၃၁၈ ရက်တိုင်တိုင်ဒေသတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မရှိခဲ့ကြောင်း မှတ်တမ်းတင်ဖော်ပြထားသည်။ ဘရူနိုင်းနိုင်ငံတွင် နောက်ထပ် ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူ တစ်ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူပေါင်းမှာ ၁၈၈ ဦးရှိလာပြီဖြစ်သည်။

ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ယခုအချိန်အထိ သေဆုံးသူ သုံးဦးရှိခဲ့သည်။

**ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၈၆၈ ဦးအထိ တိုးလာပြီး ထပ်မံသေဆုံးသူ ၂၆ ဦးရှိလာ

**ဒါကာ မတ် ၂၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မတ် ၂၀ ရက်က ကိုဗစ်-၁၉ လူနာသစ် ၁၈၆၈ ဦးရှိလာပြီး ထပ်မံသေဆုံးသူ ၂၆ ဦး ရှိလာခဲ့သည်။ နိုင်ငံအတွင်း စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာပေါင်း ၅၆၈၇၀၆ ဦး ရှိလာခဲ့ပြီး စုစုပေါင်းသေဆုံးသူ ၈၆၆၈ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးညွှန်ကြားရေးမှူးချုပ်ရုံးက အတည်ပြုဖော်ပြလိုက်သည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ နမူနာပေါင်း ၁၉၉၀၀ ခုကိုစစ်ဆေးခဲ့ကြောင်း တရားဝင်အချက်အလက်များတွင် ဖော်ပြသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းသွားသူပေါင်း ၅၂၀၇၁၈ ဦးရှိလာပြီဖြစ်ကြောင်း၊ ၎င်းတို့ထဲတွင် လတ်တလော ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာသူ ၁၅၇၇ ဦးပါဝင်ကြောင်း ကျန်းမာရေးညွှန်ကြားရေးမှူးချုပ်ရုံးက ဖော်ပြလိုက်သည်။ တရားဝင်သတင်းအချက်အလက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးနှုန်းသည် ယခုအခါတွင် ၁ ဒသမ ၅၂ ရာခိုင်နှုန်းရှိကြောင်းနှင့် လတ်တလောတွင် ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာသည့်နှုန်းသည် ၉၁ ဒသမ ၅၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဇူလိုင် ၂ ရက်က တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအမြင့်ဆုံးဖြစ်ခဲ့ပြီး ကူးစက်ဖြစ်ပွားသူပေါင်း ၄၀၁၉ ဦးရှိခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လွန်ခဲ့သောနှစ် ဇွန် ၃၀ ရက်က တစ်ရက်တာအတွင်း ကိုဗစ်-၁၉ သေဆုံးသူအရေအတွက် ၆၄ ဦးဖြင့် တစ်ရက်တာအတွင်းသေဆုံးမှုနှုန်းအမြင့်ဆုံးဖြင့် စံချိန်တင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



# ကမ္ဘာတစ်ဝန်းဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကိုတိုက်ဖျက်ရာမှာ အကျပ်အတည်းနဲ့ရင်ဆိုင်နေရတဲ့ ကမ္ဘောဒီးယား

လင်းဟန်သစ်

**ကမ္ဘောဒီးယားနိုင်ငံဟာ ကမ္ဘာတစ်ဝန်းဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ရာမှာ အကျပ်အတည်းဆိုက်နေတဲ့ အခြေအနေဖြစ်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မတ် ၁၉ ရက်က ပြောကြားလိုက်ပြီး လူတိုင်းကိုလည်း ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ရာမှာ မိမိတို့လုပ်နိုင်တာကို အကောင်းဆုံးလုပ်ဖို့ တိုက်တွန်းလိုက်ပါတယ်။ အခုဆိုရင် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ဖြစ်ပွားမှုဟာ တချို့နိုင်ငံတွေမှာ လျော့နည်းသွားသော်လည်း တချို့နိုင်ငံတွေမှာ နောက်တစ်ကြိမ် ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားမယ့်အခြေအနေကို စိုးရိမ်နေရတဲ့အနေအထားဖြစ်ပါတယ်။**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုတွေ တိုးလာ

၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ တရုတ်နိုင်ငံ ဝူဟန်မြို့က စတင်ခဲ့တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လတ်တလောမှာ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ အတည်ပြု ကူးစက်ဖြစ်ပွားသူပေါင်းဟာ ၁၂၂၅၃၃၈၄၉ ဦး ရှိလာခဲ့ပါတယ်။ ထို့အတူ ကမ္ဘာတစ်ဝန်း သေဆုံးသူပေါင်းဟာလည်း ၂၇၀၅၈၀၂ ဦး ဖြစ်လာခဲ့ပါတယ်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအများစုမှာ ရောဂါလက္ခဏာများမှ ပြန်လည်ကောင်းမွန်လာသော်လည်း တချို့မှာ ကိုဗစ်-၁၉ ကပ်ရောဂါကို သီတင်းပတ်ပေါင်းများစွာကြာ ဆက်လက်ရင်ဆိုင်နေရပါတယ်။

နောက်ဆုံးသတင်းဖော်ပြချက်များကို အခြေခံကြည့်မယ်ဆိုရင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးမှု အများဆုံးဖြစ်ခဲ့တဲ့နိုင်ငံမှာ ဘရာဇီးနိုင်ငံဖြစ်ပြီး ထပ်မံသေဆုံးသူ ၂၆၄၈ ဦး ရှိပါတယ်။ ထို့အတူ အမေရိကန်ပြည်ထောင်စုမှာလည်း ထပ်မံသေဆုံးသူ ၁၁၁၉ ဦးဖြင့် ဒုတိယနေရာမှ ရပ်တည်လျက်ရှိကာ မက္ကဆီကိုနိုင်ငံက ထပ်မံသေဆုံးသူ ၇၈၉ ဦးဖြင့် တတိယနေရာမှ လိုက်လျက်ရှိပါတယ်။


## ကိုဗစ်-၁၉ ကို အဆိုးဆုံးခံစားနေရ

အမေရိကန်ပြည်ထောင်စုဟာ ကိုဗစ်-၁၉ ကပ်ရောဂါကို အဆိုးဆုံးခံစားရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ကြောင့် နိုင်ငံတစ်ဝန်း သေဆုံးသူပေါင်း ၅၅၂၅၅၆ ဦး ရှိလာပြီး စုစုပေါင်း အတည်ပြု ကူးစက်လူနာပေါင်း ၃၀၃၆၅၁၁၁ ဦး ရှိလာပါတယ်။

ဘရာဇီးနိုင်ငံဟာ အမေရိကန်ပြည်ထောင်စုပြီးနောက် ကိုဗစ်-၁၉ ကပ်ရောဂါကို ဒုတိယအဆိုးဆုံး ခံစားနေရတဲ့နိုင်ငံဖြစ်ပါတယ်။ ဘရာဇီးနိုင်ငံမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၈၇၇၉၅ ဦးရှိပြီး စုစုပေါင်း အတည်ပြုကူးစက်လူနာ ၁၁၇၈၇၆၀၀ ရှိပါတယ်။ ဘရာဇီးပြီးနောက် မက္ကဆီကိုနိုင်ငံဟာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၉၆၆၀၆ ဦးရှိပြီး ကိုဗစ်-၁၉ အတည်ပြုကူးစက်လူနာပေါင်း ၂၁၈၂၁၈၈ ဦး ရှိလာတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာပါတယ်။ ထို့နောက်မှာတော့ အိန္ဒိယနိုင်ငံဟာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၅၉၄၅၁ ဦးရှိပြီး ကိုဗစ်-၁၉ အတည်ပြုကူးစက်လူနာပေါင်း ၁၁၅၂၀၂၆၈ ဦး ရှိပါတယ်။ အင်္ဂလန်နိုင်ငံမှာတော့ စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၄၂၈၀၈၈၂ ဦးရှိတဲ့အနက် ၁၂၅၉၂၆ ဦး သေဆုံးခဲ့ပါတယ်။

ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့မှာလည်း ကိုဗစ်-၁၉ လှိုင်းဂယက် ထပ်မံဖြစ်ပွားမယ့်အရေးကို တွေးကြောက်ပြီးနောက်မှာတော့ အခုဆိုရင် မတ် ၂၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်တွေကို ချမှတ်ခဲ့ပါတယ်။

## ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနဲ့ ရင်ဆိုင်နေရတဲ့ ကမ္ဘောဒီးယား



ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင် အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူနေသည်ကို တွေ့ရစဉ်။

အရှေ့တောင်အာရှနိုင်ငံတွေမှာဆိုရင် ကမ္ဘောဒီးယားနိုင်ငံဟာ ဖေဖော်ဝါရီ ၂၀ ရက်မှစကာ တတိယအကြိမ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ရင်ဆိုင်နေရပါတယ်။ အခုဆိုရင် အနည်းဆုံး ၁၀၆၂ ဦး ကိုဗစ်-၁၉ ကူးစက်ခံထားရပြီး နှစ်ဦးသေဆုံးခဲ့ပါတယ်။ မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် မျိုးစိတ်သစ်ဖြစ်တဲ့ ဘီ.၁.၁.၇ မျိုးစိတ်ကြောင့် ဖြစ်ပွားခဲ့ပြီးတော့ သူဟာ အရင်ကတွေ့ရှိခဲ့တဲ့ ကိုဗစ်-၁၉ ထက် ပိုမိုကူးစက်မှုမြန်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပူးတွဲထုတ်ပြန်ခဲ့တဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြခဲ့ပါတယ်။

## သေဆုံးမှုကို လျှော့ချနိုင်မယ်

သင့်တော်တဲ့ ဂရုစိုက်စောင့်ရှောက်မှုကို အချိန်နဲ့တစ်ပြေးညီ စီမံခန့်ခွဲနိုင်မယ်ဆိုရင်တော့ ကိုဗစ်-၁၉ ကြောင့်သေဆုံးမှုကို လျှော့ချနိုင်တယ်လို့ အဲဒီကြေညာချက်မှာ ဆက်လက်ထုတ်ပြန်ဖော်ပြထားတာ တွေ့ရပါတယ်။ ကိုဗစ်-၁၉ ကြောင့် ဝမ်းနည်းဖွယ်သေဆုံးမှုက ကျွန်တော်တို့အားလုံးအတွက် ကိုဗစ်-၁၉ ရဲ့ ပြင်းထန်မှုအပေါ် သတိပေးမှုတစ်ခုဖြစ်ပါတယ်။ အဲဒါက လူတိုင်းအပေါ် အချိန်တိုင်း သက်ရောက်မှုရှိနိုင်ပါတယ်လို့ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကိုယ်စားလှယ် လီအိုင်လန်က ပြောကြားထားပါတယ်။

## စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မယ်

ကမ္ဘောဒီးယားနိုင်ငံရဲ့ ကိုဗစ်-၁၉ ဆန့်ကျင်တိုက်ဖျက်မှုဟာ သေရေးရှင်ရေးဖြစ်နေပါတယ်။ သို့သော်လည်း မိမိတို့တွေ အတူတူစည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရင် ကိုဗစ်-၁၉ ကို ရပ်တန့်ဖို့ အခွင့်အရေးရှိပါတယ်လို့ သူက ဆက်ပြောထားပါတယ်။

ကိုဗစ်-၁၉ ကာကွယ်ဆေးဟာ ဆေးရုံတင်ရမယ့်အခြေအနေတွေနဲ့ ပြင်းထန်တဲ့ရောဂါလက္ခဏာအခြေအနေတွေကို လျှော့ချရာမှာ ကူညီပေးပါတယ်။ ကာကွယ်ဆေးတစ်ခုတည်းနဲ့တော့ ကိုဗစ်-၁၉ ကပ်ရောဂါကို အဆုံးသတ်နိုင်မှာ မဟုတ်သလို လတ်တလောဖြစ်ပွားနေတဲ့ ကူးစက်ရောဂါကိုလည်း အဆုံးသတ်နိုင်မှာမဟုတ်ဘူးလို့ သူကပြောပါတယ်။ ပြည်သူအားလုံးရဲ့ စုပေါင်းစွမ်းအားကသာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ရပ်တန့်နိုင်မှာ ဖြစ်တယ်လို့ သူက ပြောပါတယ်။

## စုပေါင်းစွမ်းအားနဲ့ ကျော်ဖြတ်ရမယ်

ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ရတာ ပင်ပန်းမှန်းသိသော်လည်း ဒီကပ်ရောဂါကို အတူတကွ စုပေါင်းစွမ်းအားနဲ့ ကျော်ဖြတ်သွားရမှာဖြစ်ကြောင်း သူက ဆက်လက်ပြောပါတယ်။

ထိရောက်တဲ့ အကောင်အထည်ဖော်ခြင်းတွေနဲ့ ပြည်သူ့ကျန်းမာရေးဆိုင်ရာ တားဆီးကန့်သတ်မှုများကို အာသီသပြင်းပြစွာ လေးစားလိုက်နာသွားမယ်ဆိုပါက ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုဖြစ်ပွားနေတဲ့ ကျန်းမာရေး၊ လူမှုရေးနဲ့ စီးပွားရေးကဏ္ဍတွေ ပိုပြီး ဆိုးဆိုးရွားရွားဖြစ်လာခြင်းကို တားဆီးကာကွယ်သွားနိုင်မှာ ဖြစ်ပါတယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

## ကိုဗစ်-၁၉ အခြေအနေဟာ ဆိုးရွားလျက်ရှိ

လက်ရှိကမ္ဘောဒီးယားနိုင်ငံရဲ့ ကိုဗစ်-၁၉ အခြေအနေဟာ ဆိုးရွားလျက်ရှိပါတယ်။ မိမိတို့ အခုဘာလုပ်ရမလဲဆိုတာက ဒီကိုဗစ်-၁၉ ဖြစ်ပွားတဲ့အခြေအနေကို အဆုံးအဖြတ်ပေးသွားမှာဖြစ်တယ်လို့ ကျန်းမာရေးဝန်ကြီး မန်ဘန်ဟန်က ပြောထားပါတယ်။

လာမယ့်သီတင်းပတ်တွေနဲ့ လာမယ့်ရက်တွေမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ရပ်တန့်သွားနိုင်ဖို့ မိမိတို့တွေဟာ မိမိတို့တွေရဲ့ စွမ်းဆောင်မှုတွေကို အရှိန်မြှင့်တင်လုပ်ဆောင်ရမှာဖြစ်တယ်လို့ သူက ကျန်းမာရေးဝန်ကြီးက ပြောကြားလိုက်ပါတယ်။

## ကန့်သတ်မှုအများအပြားလုပ်ဆောင်ရမယ်

ကူးစက်ပျံ့နှံ့မှုတွေ အမြောက်အမြား ဖြစ်ပွားခြင်းဟာ ကန့်သတ်ပိတ်ဆို့မှု အမြောက်အမြား လိုအပ်လျက်ရှိတယ်ဆိုတာကို ပြသလိုက်တာပဲ ဖြစ်ပါတယ်။ ဆိုးရွားတဲ့ ကိုဗစ်-၁၉ အခြေအနေဟာ ဆေးရုံတွေနဲ့ ကျန်းမာရေးဝန်ဆောင်မှုနေရာတွေပေါ် ဝန်ပိမှုတွေ ဖြစ်စေပါတယ်။ ပြီးတော့လည်း ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားသူတွေနဲ့ တခြားကျန်းမာရေးအခြေအနေတွေကြောင့် ဆေးဝါးကုသစောင့်ရှောက်မှုခံယူသူတွေကို အခက်အခဲတွေ ဖြစ်စေပါတယ်။

အခြေအနေတွေဟာ ထိတ်လန့်တုန်လှုပ်မှုတွေ ဖြစ်စေပါတယ်။ လူတိုင်းလူတိုင်း ကိုဗစ်-၁၉ ကူးစက်ထိတွေ့မှု အန္တရာယ်အပေါ် ကြိုတင်ကာကွယ်သွားရမှာ ဖြစ်ပါတယ်။ ရောဂါကူးစက်ဖြစ်ပွားတဲ့ ကွန်ရက်တွေကို ဖြစ်နိုင်သမျှ ဖြတ်တောက်ပစ်ရပါမယ်။

## အကောင်းဆုံးရွေးချယ်မှုဖြစ်

ပြည်သူတွေအနေနဲ့ နှာခေါင်းစည်းပုံမှန်ဝတ်ဆင်ဖို့၊ လက်ကို ရေ သို့မဟုတ် အရက်ပြန်နဲ့ မကြာခဏဆေးဖို့၊ တစ်ဦးနဲ့တစ်ဦးကြား ၁ ဒသမ ၅ မီတာ အကွာအဝေးမှာနေပြီး လူမှုဝေးကွာစနစ်ကို လိုက်နာဖို့ သူက ဆက်လက်တိုက်တွန်းပြောကြားထားပါတယ်။ မလိုအပ်ဘဲ ခရီးသွားလာခြင်း မပြုလုပ်ကြရန်၊ အတတ်နိုင်ဆုံး လျှော့ချရန်နဲ့ အိမ်တွင်သာ နေထိုင်ခြင်းသာ အခုရော ကိုဗစ်-၁၉ လုံးဝမကင်းစင်သေးတဲ့ အခြေအနေတွေမှာ အကောင်းဆုံးရွေးချယ်မှု ဖြစ်ပါတယ်။ ။

ကိုးကား-ဆင်ဟွာ

**“ကူးစက်ပျံ့နှံ့မှုတွေ အမြောက်အမြား ဖြစ်ပွားခြင်းဟာ ကန့်သတ်ပိတ်ဆို့မှု အမြောက်အမြား လိုအပ်လျက်ရှိတယ်ဆိုတာကို ပြသလိုက်တာပဲ ဖြစ်ပါတယ်။ ဆိုးရွားတဲ့ ကိုဗစ်-၁၉ အခြေအနေဟာ ဆေးရုံတွေနဲ့ ကျန်းမာရေးဝန်ဆောင်မှုနေရာတွေပေါ် ဝန်ပိမှုတွေ ဖြစ်စေပါတယ်။ ပြီးတော့လည်း ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားသူတွေနဲ့ တခြားကျန်းမာရေးအခြေအနေတွေကြောင့် ဆေးဝါးကုသစောင့်ရှောက်မှုခံယူသူတွေကို အခက်အခဲတွေ ဖြစ်စေပါတယ်”**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၀–၃–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁၉–၃–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀–၃–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၄၀၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၂၁,၃၈၄) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၂၄၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄) ဦးဖြစ်သဖြင့် ယနေ့အထိစုစုပေါင်း (၁၃၁,၇၆၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။

**** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –**

- **နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊**
- **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၂၀-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၄၂၇၉၉၁ | ၂၂၆၁၀၄၁၆ | ၅၅၄၁၁၉ |
| ၂။ | ဘရာဇီး | ၁၁၈၇၇၀၀၉ | ၁၀၃၈၃၄၆၀ | ၂၉၀၅၂၅ |
| ၃။ | အိန္ဒိယ | ၁၁၅၅၅၂၈၄ | ၁၁၁၀၇၃၃၂ | ၁၅၉၅၉၄ |
| ၄။ | ရုရှား | ၄၄၄၇၅၇၀ | ၄၀၆၀၆၅၂ | ၉၄၆၅၉ |
| ၅။ | ဗြိတိန် | ၄၂၈၅၆၈၄ | ၃၆၂၁၄၉၃ | ၁၂၆၀၂၆ |
| ၆။ | ပြင်သစ် | ၄၁၈၁၆၀၇ | ၂၇၈၂၆၃ | ၉၁၆၇၉ |
| ၇။ | အီတလီ | ၃၃၃၂၄၁၈ | ၂၆၇၁၆၃၈ | ၁၀၄၂၄၁ |
| ၈။ | စပိန် | ၃၂၁၂၃၃၂ | ၂၉၄၅၄၄၆ | ၇၂၉၁၀ |
| ၉။ | တူရကီ | ၂၉၇၁၆၃၃ | ၂၇၈၈၇၅၇ | ၂၉၈၆၄ |
| ၁၀။ | ဂျာမနီ | ၂၆၄၇၈၁၇ | ၂၄၀၉၇၀၀ | ၇၅၀၉၅ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၀ - ၃ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၄၅၅၇၈၈ | ၁၂၈၄၇၂၅ | ၃၉၄၄၇ |
| ဖိလစ်ပိုင် | ၆၅၆၀၅၆ | ၅၆၂၄၈၄ | ၁၂၉၃၀ |
| မလေးရှား | ၃၃၁၇၁၃ | ၃၁၆၀၄၂ | ၁၂၂၉ |
| မြန်မာ | ၁၄၂၂၄၀ | ၁၃၁၇၆၃ | ၃၂၀၄ |
| စင်ကာပူ | ၆၀၁၈၄ | ၆၀၀၂၂ | ၃၀ |
| ထိုင်း | ၂၇၇၁၃ | ၂၆၅၁၂ | ၉၀ |
| ဗီယက်နမ် | ၂၅၇၁ | ၂၁၉၈ | ၃၅ |
| ကမ္ဘောဒီးယား | ၁၆၃၂ | ၉၃၅ | ၃ |
| ဘရူနိုင်း | ၂၀၅ | ၁၈၈ | ၃ |
| လာအို | ၄၉ | ၄၅ | ၀ |

## ရခိုင်ပြည်နယ် မောင်တောမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ဈေးရောင်း၊ ဈေးဝယ်သူများအား နှာခေါင်းစည်းများ ဖြန့်ဝေ

**မောင်တော မတ် ၂၀**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မြို့မဈေးများရှိ ဈေးရောင်း၊ ဈေးဝယ်သူများအား ယနေ့နံနက် ၇ နာရီက နှာခေါင်းစည်းများအား အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရဲနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်အေးသိန်း နှင့် အဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များ၊ မြို့နယ်ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မြို့မဈေးကြီး၊ မြို့မသားငါးဈေးနှင့် ကညင်တန်းဈေးအတွင်းရှိ ဈေးရောင်း၊ ဈေးဝယ်သူများအား နှာခေါင်းစည်းဖြန့်ဝေပေးခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ သိရှိလိုက်နာ ဆောင်ရွက်ရမည့်အချက်များအား လက်ကိုင်စကားပြောစက်ဖြင့် နှိုးဆော်ခဲ့ကြပြီး နှာခေါင်းစည်း ၂၅၀၀ ခန့် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# လှိုင်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့်တပ်ဖွဲ့ဝင်များအား ဆူပူအကြမ်းဖက်သူနှစ်ဦးက ဓားဖြင့်ဝင်ရောက်ထိုးခုတ်ရန် ကြိုးပမ်းလာသဖြင့် ခြောက်လှန့်ပစ်ခတ်၊ ဗဟန်းမြို့နယ်အတွင်း ဆူပူအကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရာတွင်အသုံးပြုသည့် ပစ္စည်းများအား လက်ဝယ်ထားရှိသူများအားဖမ်းဆီးရမိ



နေပြည်တော် မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မတ် ၁၉ ရက် ညပိုင်းတွင် လုံခြုံရေးလုပ်ငန်းများနှင့် လမ်းမပေါ်ရှိ အတားအဆီးများကို ဖယ်ရှားရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ် ည ၁၀ နာရီခန့်၌ ဆူပူအကြမ်းဖက်သူအမျိုးသားနှစ်ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ဓားများကိုင်ဆောင်၍ ရန်ပြုတိုက်ခိုက်လာသဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အမည်မသိ အမျိုးသားနှစ်ဦးမှာ ရရှိဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

အဆိုပါ သေဆုံးသူတို့အား ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ၎င်းတို့နှင့်အတူ ဓာတ်ဆီမီးပုလင်း ငါးပုလင်း၊ သံတုတ်နှစ်ချောင်း၊ လေးခွနှစ်လက်၊ အရိုးအသွားတစ်ပေခန့်ရှိ ဓားတစ်ချောင်း၊ အရိုးအသွား နှစ်ပေခန့်ရှိ ငှက်ကြီးတောင်ဓားတစ်ချောင်း၊ ဓာတ်ငွေ့ကာမျက်နှာဖုံး တစ်လက်၊ ကျောပိုးအိတ်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။ အဆိုပါ အကြမ်းဖက်သူ အမျိုးသားအလောင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် နယ်မြေခံရဲစခန်းမှ သေမှုသေခင်းဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

### အတားအဆီးများဖယ်ရှား

အလားတူ ဗဟန်းမြို့နယ်အတွင်း လုံခြုံရေးလုပ်ငန်းများနှင့် လမ်းမပေါ်ရှိ အတားအဆီးများအား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် မတ် ၁၉ ရက် ည ၉ နာရီခန့်တွင် ကျိုက္ကဆံရပ်ကွက် ဥသ္ဘဖရားလမ်းသို့အရောက်၌ မသင်္ကာသူနှစ်ဦးအား တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးခဲ့ရာ အောင်ကျော်မိုး(ဘ) ဦးစု၊ ဇော်လင်းစိုး(ဘ)ဦးမြင့်စိုးတို့ဖြစ်ကြောင်း။

ဖမ်းဆီးရမိသူများကို စိစစ်ဖော်ထုတ်ချက်အရ အမှတ်(၂၀) ဥသ္ဘဖရားလမ်းနေ ဦးရဲမြင့်(ဘ) ဦးချစ်ဖေ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဦးရဲမြင့် အပါအဝင် ဒေါ်ဝင်းဝင်းကြည်၊ ကျော်ဖုန်းမြတ်တို့အား တွေ့ရှိရပြီး ၎င်းတို့၏ နေအိမ်အတွင်းမှ အထပ်သားဒိုင်းကိုးချပ်၊ စတီးဒိုင်း ၁၃ ချပ်၊ သွပ်ပြားဒိုင်း နှစ်ချပ်၊ ရော်ဘာတုတ်တစ်ချောင်း၊ မီးပုလင်းတစ်လုံး၊ Hand Speaker ခြောက်လုံး၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးဦးထုပ် ခြောက်လုံးနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

### ထိရောက်စွာအရေးယူမည်

အဆိုပါ ဖမ်းဆီးရမိသူများအား အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို လက်ဝယ်ထားရှိမှုနှင့် ပတ်သက်၍ ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုးကုတ်မြို့နယ်၌ ဆူပူအကြမ်းဖက်သူများကို ဖြိုခွဲစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရ၊ ဆူပူအကြမ်းဖက်သူ အမျိုးသားတစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

နေပြည်တော် မတ် ၂၀

မိုးကုတ်မြို့နယ်၌ ဆူပူအကြမ်းဖက်သူများကို ဖြိုခွဲစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရပြီး ဆူပူအကြမ်းဖက်သူ အမျိုးသားတစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ မတ် ၁၉ ရက် ည ၁၁ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့အတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ညလှည့်ကင်းဆောင်ရွက်စဉ် မိုးကုတ်မြို့ လယ်ဦးရပ်ကွက် တောင်နီကွေ့အရောက်၌ ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၃၀၀ ခန့်သည် လမ်းမကြီးကို ပိတ်ဆို့ကာ လက်လုပ်မိုင်း၊ လက်လုပ်မီးခိုးမိုင်း၊ လေးခွ၊ ကျောက်ခဲ၊ ဂျင်ကလိများဖြင့် အကြမ်းဖက်ရန်ပြု တိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ ည ၁၁ နာရီ မိနစ်၂၀ တွင် လူစုကွဲသွားခဲ့ကြောင်း။

ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူများ၏ အကြမ်းဖက်ရန်ပြုတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးတွင် ဂျင်ကလိ၊ လေးခွ ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ဆူပူအကြမ်းဖက်သူ လူစုလူဝေးအတွင်းမှ လယ်ဦးရပ်ကွက်နေ နိုင်လင်းအောင် (ဘ) ဦးငွေးမှာ ဒဏ်ရာရရှိသေဆုံးခဲ့ကာ အမျိုးသားနှစ်ဦး (စိစစ်ဆဲ)မှာ ဒဏ်ရာရရှိခဲ့ကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်ရန်ပြုတိုက်ခိုက်မှု ဖြစ်စဉ်တွင် သေဆုံးခဲ့သည့် နိုင်လင်းအောင်၏ သေဆုံးမှုနှင့်ပတ်သက်၍ ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်းရေးဖွင့်ထားရှိကာ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင်သူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်မြို့ ရွာဘဲရပ်ကွက်ရှိ ရိုးသားအေးချမ်းစွာနေထိုင်သည့် ပြည်သူတစ်ဦး၏နေအိမ်အား ဆူပူအကြမ်းဖက်သူလူတစ်စုက လာရောက်ဖျက်ဆီး



နေပြည်တော် မတ် ၂၀

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲရပ်ကွက် ရွှေဟင်္သာအရှေ့ပေါက်လမ်းရှိ ဒေါ်မြင့်(ဘ) ဦးလွင်ဦး၏ နေအိမ်အား မတ် ၁၉ ရက် ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူအင်အား ၁၀၀ ခန့်က ဖျက်ဆီးနေကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်လူစုခွဲခြင်းများ ဆောင်ရွက်စဉ် ဆူပူအကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေးခွ၊ ကျောက်ခဲ၊ ဓာတ်ဆီပုလင်းများဖြင့် ပြန်လည်ပစ်ခတ်ခဲ့သဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ခဲ့စဉ် ဆူပူအကြမ်းဖက်သူများထဲမှ ပြည်မြို့ ရွာဘဲရပ်ကွက် ရွှေဟင်္သာအရှေ့ပေါက်လမ်းနေ မောင်ထွေး(ဘ) ဦးချစ်အား နောက်ကျော ချိုင်းအောက်တွင် ရော်ဘာကျည်ထိမှန်ဒဏ်ရာဖြင့် ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား နယ်မြေခံတပ်ရင်းသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဖြစ်စဉ်ဖြစ်ပွားရာနေရာအနီးတစ်ဝိုက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဆူပူအကြမ်းဖက်သူများ အသုံးပြုသည့် သံဒိုင်းကာငါးခု၊ မီးပုလင်း ၁၂ ပုလင်း၊ သံမှိုတပ်ဆင်ထားသည့် ဆူးပါသံပြား သုံးချပ်၊ NLD အလံနှစ်ခုတို့နှင့်အတူ အခြားပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်း။

အဆိုပါဖြစ်စဉ်တွင် ဖမ်းဆီးရမိသူအား တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်တွင် ဦးဆောင်သူများ၊ ပါဝင်ပတ်သက်သူများအား ထပ်မံဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အတူ တာဝန်သိပြည်သူများက အမြန်ဆုံးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၂၀

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်တွင် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူများဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်တွင် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ယမန်နေ့ညနေ ၆ နာရီခွဲတွင် ပင်လည်ဘူးမြို့နယ် ကောလင်း-ပင်လည်ဘူး သွားကားလမ်း ကီလိုမီတာတိုင် အမှတ် ၈၄ အနီးတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရရှိထားသော မောင်ဦး မောင်းနှင်ပြီး အိုက်ငြိမ်း လိုက်ပါလာသည့် LANDCRUISER PRA-DO မော်တော်ယာဉ်နှင့် အောင်ကိုပိုင်(ခ)မောင်ရွှေ မောင်းနှင်ပြီး ဝင်းထွန်း လိုက်ပါလာသည့် NISSAN ၁၂ ဘီး အမျိုးအစား မော်တော်ယာဉ်တို့ကို ရှာဖွေရာ ၁၂ ဘီး မော်တော်ယာဉ်မှ ဘိန်းဖြူ ၁၃ ဒသမ ၂ ကီလို (ဒေသ ကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၀၅၆ ဘီလီယံ) သိမ်းဆည်းရမိခဲ့သည်။

ယင်းနောက် စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသော ဘိန်းဖြူများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်သို့ သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ပြင်ဦးလွင်မြို့နယ်၌ လက်လုပ်သေနတ်နှစ်လက်ကို လက်ဝယ်ထားရှိသူနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ လက်လုပ်သေနတ်နှစ်လက်ကို လက်ဝယ်ထားရှိသူနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်အရ မတ် ၁၉ ရက် ည ၁၁ နာရီခွဲခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်လုပ်သေနတ်များ လက်ဝယ်ထားရှိကြောင်း သတင်းအရ ပြင်ဦးလွင်မြို့နယ် ဆင်လမ်းကျေးရွာနေ ကျော်ရဲအောင် (ဘ) ဦးသောင်းငွေ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ကြောင်း။



ထိုသို့ရှာဖွေခဲ့ရာ ကျော်ရဲအောင် နေထိုင်ရာအိမ်အတွင်းမှ ကော်ပိုက်ဖြင့် ပြုလုပ်ထားသော ဖန်ဂေါ်လီထည့်၍ ဂက်(စ်)ဖြင့် ပစ်ခတ်ရသည့် လက်လုပ်သေနတ်နှစ်လက်နှင့် ဂက်(စ်)ဘူး သုံးဘူးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုရန် လက်လုပ်သေနတ်များအား လက်ဝယ်ထားရှိသူ ကျော်ရဲအောင်ကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

**နေပြည်တော် မတ် ၂၀**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပေါင်မြို့နယ်၌ ရဲစခန်းအနီး အကြမ်းဖက်မှုပြုလုပ်ရန် ချဉ်းကပ်လာသူကို သတိပေးပစ်ခတ်ရာ အမျိုးသား တစ်ဦးသေ၊ တစ်ဦး ဒဏ်ရာရ

**နေပြည်တော် မတ် ၂၀**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ရဲစခန်းအနီး အကြမ်းဖက်မှုပြုလုပ်ရန် ချဉ်းကပ်လာသူကို သတိပေးပစ်ခတ်ရာမှ အမျိုးသားတစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်အရ မတ် ၁၉ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ပေါင်မြို့နယ် ရဲစခန်းအနီးသို့ အမျိုးသားနှစ်ဦး (စီစစ်ဆဲ) မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးသည် ဘယ်ရီဂိတ် အတားအဆီးများဖြင့် ကန့်သတ်နယ်မြေအဖြစ် ကန့်သတ်ထားသော ဧရိယာအတွင်း ကျော်လွန်ဝင်ရောက်လာပြီး ရဲစခန်းအုတ်တံတိုင်းအနီးသို့ ချဉ်းကပ်ဝင်ရောက်လာရာ ရဲစခန်းကိုမီးကွင်းပစ်၍ အကြမ်းဖက်မည်ဟု မသင်္ကာသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်မှ သတိပေးခြောက်လှန့်ပစ်ခတ်ခဲ့ရာ အဆိုပါဆိုင်ကယ်မှာ မော်လမြိုင်မြို့ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း။

မောင်းနှင်ထွက်ပြေးသွားသူနှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းခဲ့ရာ ည ၁ နာရီ ၁၅ မိနစ်ခန့်တွင် ပေါင်မြို့ ကဒုံစီးရပ်ကွက် “ရွှေငါး” စားသောက်ဆိုင်ရှေ့၌ ၎င်းတို့နှစ်ဦး၏ဆိုင်ကယ်သည် လဲကျနေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပေါင်မြို့နယ် ကဒုံစီးရပ်ကွက်နေ ဇော်အောင်(ဘ)ဦးအုန်းဟန်သည် ဒဏ်ရာရရှိသေဆုံးနေပြီး မျိုးထိုက် (ဘ) ဦးအောင်စိုးသည် ထိခိုက်ဒဏ်ရာရရှိထားသည်ကို တွေ့ရှိရသဖြင့် ပေါင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း။

ဖြစ်စဉ်ပါ ဇော်အောင် သေဆုံးမှုကို ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်း ရေးဖွင့်ဆောင်ရွက်လျက်ရှိပြီး မျိုးထိုက် ကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်

**နေပြည်တော် မတ် ၂၀**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းမြို့၊ တံတားဦး(လေကြောင်းမိုးလေဝသ)နှင့် မကွေးမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီနှင့် မန္တလေးမြို့၊ ညောင်ဦးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဖားဆောင်းမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

✤ *ကျော်ဖုံးမှ*

သွားရောက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင် ပါရဂူများ၊ ဆေးမှူး ဆရာဝန်များ စုစုပေါင်း ၄၀ နှင့် တာဝန်လဲလှယ် ထမ်းဆောင်မည့် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ် တပ်မတော် ဆေးတက္ကသိုလ်ရှိ Theater ခန်းမ၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေက သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။

ထို့နောက် သွားရောက်တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များကိုယ်စား အဖွဲ့ဝင်တစ်ဦးက သွားရောက်သည့် ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးက ဆေးဝန်ထမ်းအဖွဲ့အား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

လှည်းကူးမြို့နယ် ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် တာဝန်ထမ်းဆောင်ကြမည့် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များတွင် မေ့ဆေးပါရဂူ ငါးဦး၊ ရောဂါဗေဒ ပါရဂူ တစ်ဦး၊ ခွဲစိတ်ပါရဂူ တစ်ဦး၊ ဓာတ်မှန်ပါရဂူ နှစ်ဦး၊ ဆေးမှူး ဆရာဝန် သုံးဦးနှင့် သူနာပြုအရာရှိ ၂၆ ဦး စုစုပေါင်း ၃၈ ဦးတို့ ပါဝင်ပြီး ၎င်းတို့သည် အများပြည်သူများ အခက်အခဲကြုံတွေ့ပြီး စိုးရိမ်စိတ်များ မြင့်တက်နေချိန်တွင် ရောဂါဝေဒနာ ခံစားနေရသော ပြည်သူများကို ကာကွယ်၊ ကုသနိုင်ရန် ကိုယ်တိုင်ဆန္ဒပြုခဲ့ကြခြင်း




ဖြစ်ပြီး ယနေ့ နံနက်ပိုင်းတွင် တပ်မတော် ဆေးတက္ကသိုလ်မှ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး)သို့ ထွက်ခွာသွား ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❍ *ကျော်ဖုံးမှ*

ရွှေပိတောက်ငါးဈေးနှင့် စံပြငါးဈေးသို့ ပင်လယ်ပြင်မှ ရေထွက်ပစ္စည်းများ တိုက်ရိုက်ဝင်ရောက်မှုနည်းသော်လည်း အအေးခန်း စက်ရုံများမှ ပြည်ကြီးငါး၊ ကင်းမွန်၊ ရေဘဝဲ၊ ပလာတူးမျက်ကျယ် အပါအဝင် ရေထွက်ပစ္စည်း ၁၀ မျိုးကျော် နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယခုရက်ပိုင်းအတွင်း ပြည်ပပို့ကုန် နည်းနေသောကြောင့် ပြည်တွင်း၌ ပင်လယ်ရေထွက်ပစ္စည်းများကို ပိုမိုစားသုံးနိုင်လျက်ရှိသည်။

**ပင်လယ်ငါးအရောင်းအဝယ်ဖြစ်**

"လမ်းတွေ ပွင့်သွားတော့ သွားလာရေး အဆင်ပြေပြီး အရောင်းအဝယ် ကောင်းတယ်လို့ ဆိုရမှာပါ။ ငါးဈေး အတက်/အကျက ငွေကျပ်၃၀၀ကျော်ပဲကွာတယ်။ ငါးမြစ်ချင်း ၇၅ ကျပ်သား အရွယ်အစား တစ်ပိဿာကို ငွေကျပ် ၂၁၀၀၊ တစ်ပိဿာကျော်ဆိုဒ်က ငွေကျပ် ၂၄၀၀၊ ငါးတန် ၆၀/၇၀ သားဆိုဒ်က ငွေကျပ် ၁၇၀၀၊ တစ်ပိဿာ အရွယ်အစားက ၁၈၀၀၊ တစ်ပိဿာအထက် အရွယ်အစားက ငွေကျပ် ၂၀၀၀၊ ရွှေဝါငါးကြင်း ၈၀ သားအထက် အရွယ်က ငွေကျပ် ၂၂၀၀၊ ငါးသားလောက် တစ်ပိဿာအရွယ်က ငွေကျပ် ၂၂၀၀၀၊ ငါးကြင်း ၈၀/၉၀ သားအရွယ်က ငွေကျပ် ၄၅၀၀ နဲ့ တစ်ပိဿာအထက် အရွယ်က ငွေကျပ် ၅၀၀၀ ဈေးရှိတယ်။ ရေချိုပုစွန် ငါးကျပ်သားအထက် အရွယ်က တစ်ပိဿာ ငွေကျပ် ၁၇၀၀၀ နဲ့ ၆/၇ ကျပ်သားအထက် အရွယ်က တစ်ပိဿာကို ငွေကျပ် ၂၀၀၀၀ ကျော် ဈေးရှိတယ်။ ဒါက အများဆုံး အရောင်းအဝယ်ဖြစ်တဲ့ ပစ္စည်းတွေပါ။ ပင်လယ်ငါးတွေလည်း အရောင်းအဝယ်ဖြစ်တယ်။ မနက်ပိုင်း အဝယ်များလာတယ်" ဟု ရွှေပိတောက်ငါးဈေး ဈေးသာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကျင်စောက ပြောသည်။

ယခင်က ရန်ကုန်တိုင်းဒေသကြီးအတွက် ရေချိုရေငန်ရေထွက်ပစ္စည်းမျိုးစုံကို ကြည့်မြင်တိုင် စံပြငါးဈေးမှသာ မြို့နယ်များသို့ ဖြန့်ဖြူးရောင်းချခဲ့ပြီး ငါးဈေး အပြင်ဘက် ကားလမ်းမပေါ်အထိ ပျံ့ကျရောင်းချမှုများကြောင့် ပတ်ဝန်းကျင်သို့ အနံ့အသက်လွင့်ပျံ့မှုနှင့် ယာဉ်ကြောရှုပ်ထွေးမှုများ ဖြစ်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင်မူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် စံပြငါးဈေးမှ ပျံ့ကျဈေးသည်များနှင့် မူလဆိုင်ခန်းပိုင်ရှင်များကို ငါးဈေးကြီးအဖြစ် တည်ဆောက်ထားသော လှိုင်မြို့နယ် သီရိမင်္ဂလာဈေးနှင့်ကပ်လျက်ရှိ ရွှေပိတောက်ငါးဈေးသို့ ပြန်လည်ရွှေ့ပြောင်းခဲ့ရာ စံပြငါးဈေးအပြင်ဘက်လမ်းမများ သန့်ရှင်းသွားသည့်အပြင် လေးနှစ်ကျော် ဈေးရောင်းဈေးဝယ်မရှိဘဲ ခြောက်သွေ့ခဲ့သော ရွှေပိတောက်ငါးဈေးမှာ ပြန်လည်စည်ကားလာပြီး ယခုအခါ ရေခဲရုံအပါအဝင် ဈေးရုံပေါင်း ရှစ်ရုံရှိကာ ဆိုင်ခန်းပေါင်း ၄၄၄ ခန်းတွင် ရေထွက်ပစ္စည်းများ ရောင်းချလျက်ရှိသည်။ ငါးဈေးအတွင်း တိုးချဲ့ဖွင့်လှစ်ထားသော ပျံ့ကျဆိုင်ခန်း ၈၇ ခန်းလည်းရှိပြီး လက်လီ၊ လက်ကား ရောင်းဝယ်မှုများဖြင့် စည်ကားနေသည်။

**ရေချိုငါးများဝင်ရောက်**

ရွှေပိတောက်ငါးဈေးသို့ ရေဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ရေချိုငါးများ ဝင်ရောက်လျက်ရှိပြီး မြစ်၊ ချောင်းများမှ ငါးဖယ်၊ ငါးခူ၊ ငါးကျည်း၊ ငါးမွေ့ထိုး၊ ကပ်သပိုး၊ ငါးပြေမနှင့် အခြားငါးအမျိုးအစား ၂၀ ကျော် နေ့စဉ်ဝင်ရောက်လျက်ရှိ၍ မွေးမြူရေးငါးများဖြစ်သော ငါးမြစ်ချင်း၊ ငါးကြင်း၊ ရွှေဝါငါးကြင်း၊ ငါးခေါင်းပွ၊ ငါးတန်၊ ငါးခုံးမများလည်း အများဆုံး ဝင်ရောက်နေသည်။ မြို့နယ်ဈေးများတွင် ယခင်အပတ်က ငါးမြစ်ချင်း ၂၅ ကျပ်သား ငွေကျပ် ၁၀၀၀၊ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် ပင်ရင်းဒိုင်ဈေးထက် ဈေးနှုန်း တစ်ဝက်ခန့်မြှင့်၍ ရောင်းချခဲ့ပြီး မတ် ၁၇ ရက်တွင်မူ တိုင်းဒေသကြီးအတွင်း သွားလာရေးများ ပြန်လည် အဆင်ပြေလာသောကြောင့် ရေထွက်ကုန်ဈေးနှုန်း ကျလာသည်ကို တွေ့ရသည်။

ရန်ကုန်မြို့နေ ပြည်သူများအတွက် စားသောက်ကုန်များကို ကုန်စိမ်းအနေဖြင့် သီရိမင်္ဂလာဈေး၊ ရေထွက်ကုန်များကို စံပြငါးဈေးနှင့် ရွှေပိတောက်ငါးဈေးတို့မှ နံနက် ၄ နာရီမှ ည ၇ နာရီအထိ နေ့စဉ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

**အောင်သပြေ**
**ဓာတ်ပုံ - ဖွဲ့သန်**



---

❐ *ကျော်ဖုံးမှ*

ဟာရစ်ဆင်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဘမ်းဖို့ဒ်က သွင်းယူပေးနိုင်ခဲ့သည်။ ဖူလ်ဟမ်အသင်းကလည်း ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ၃၈ မိနစ်တွင် ရရှိခဲ့သည်။ အဆိုပါဂိုးကို လွတ်ခ်မန်း၏ ဖန်တီးပေးမှုမှတစ်ဆင့် အန်ဒါဆန်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းကို တစ်ဂိုးစီဖြင့် အဆုံးသတ်ခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် ဖူလ်ဟမ်အသင်းသည် နည်းဗျူဟာအပြောင်းအလဲအဖြစ် မာဂျာ၏နေရာကို မီထရိုဗစ်ဖြင့် အစားထိုးခဲ့သည်။ သို့သော်လည်း လိုအပ်နေသည့်ဂိုးများကို မြင်တွေ့ခဲ့ရခြင်းမရှိချေ။ ပွဲချိန် ၅၈ မိနစ်တွင် လိဒ်စ်အသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဘမ်းဖို့ဒ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ရာဖင်ဟာက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်ပိုင်း နှစ်သင်းစလုံးလူစားလဲမှုများ ပြုလုပ်လာခဲ့သော်လည်း လိုအပ်နေသည့်ဂိုးများကို သွင်းယူနိုင်ခြင်း မရှိသောကြောင့် ပွဲအပြီးတွင် လိဒ်စ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲစဉ်တွင် လိဒ်စ်အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သော ဘမ်းဖို့ဒ်သည် ယခုနှစ်ရာသီ အသင်းအတွက် ၂၉ ပွဲတွင် ၁၄ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်သည်။ ဖူလ်ဟမ်အသင်းသည် ယခုပွဲစဉ်ကို ရှုံးနိမ့်ခဲ့သောကြောင့် လာမည့်နှစ်ပရီမီယာလိဂ်တွင် တင်ကျန်ရန်အတွက် လာမည့်ပွဲစဉ်များကို ရုန်းကန်ရတော့မည်ဖြစ်သည်။ ဖူလ်ဟမ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် အက်စ်တွန်ဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ လိဒ်စ်အသင်းက လာမည့်ပွဲစဉ်တွင် ရှက်ဖီးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

---

## တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် မတ် ၂၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

---

# ရပ်ရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေသည့် ဒေသခံပြည်သူများအား အကြမ်းဖက်လူတစ်စုက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်

**နေပြည်တော် မတ် ၂၀**

ကရင်ပြည်နယ် မြဝတီမြို့နယ် ဇရပ်ဖြူကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မတ် ၁၉ ရက် ည ၈ နာရီခွဲခန့်တွင် မဲပလဲကျေးရွာ ရပ်ကျေးအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးအောင်ဝင်းနှင့် ဇေ့ရှမ်းကျေးရွာ ရပ်ကျေးအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးစိုင်းခင်ဝင်းတို့ ဦးစီး၍ ကနောကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းကိစ္စများနှင့် ပတ်သက်၍ ကျေးရွာသူ ကျေးရွာသား ၁၀၀ ခန့်ဖြင့် အစည်းအဝေးပြုလုပ်နေစဉ် ည ၉ နာရီခန့်၌ အရပ်ဝတ်မျက်နှာဖုံးစွပ်ထားသည့် အမျိုးသားသုံးဦး လက်နက်ငယ်များကိုင်ဆောင်ပြီး ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာကာ အစည်းအဝေးလုပ်နေသည့် ကျေးရွာသူ ကျေးရွာသားများအား ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

ထိုသို့ အကြမ်းဖက်လူတစ်စု၏ ပစ်ခတ်မှုကြောင့် မဲပလဲကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးအောင်ဝင်း (ဘ) ဦးဝင်းလှိုင်၊ ဇေ့ရှမ်းကျေးရွာ အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးစိုင်းခင်ဝင်း (ဘ)ဦးနန်းအောင်၊ ဦးကျော်လင်းဦး (ဘ)ဦးဟန်သိန်းတို့မှာ သေဆုံးသွားခဲ့ပြီး ဦးတင်လှ(ဘ)ဦးလှမောင်၊ ဦးဘိုကေ(ဘ)ဦးလှမျိုးတို့မှ လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေကြသည့် ဒေသခံပြည်သူများနှင့် တာဝန်သိဝန်ထမ်းများအပေါ် ယခုကဲ့သို့ မင်းမဲ့စရိုက်ဆန်စွာ လာရောက်ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်လူတစ်စုအား အမြန်ဆုံးဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ ပိတ်ဆို့ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကန့်ဘလူမြို့တွင် ဘာသာပေါင်းစုံအဖွဲ့များ တွေ့ဆုံဆွေးနွေး

**ကန့်ဘလူ မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် မြို့ပေါ်ငါးရပ်ကွက်နှင့် အနီးဝန်းကျင်ကျေးရွာများရှိ ဘာသာရေးခေါင်းဆောင်များနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကန့်ဘလူမြို့အမှတ်(၅)ရပ်ကွက်ရှိ မြန်မာအာရဗီသိပ္ပံကျောင်းခန်းမ၌ မတ် ၁၈ ရက်က ဖြစ်ပေါ်နေသော ကောလာဟလသတင်းများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ထူးမောင်က ယနေ့မျက်မှောက်ဖြစ်ပေါ်နေသော ကောလာဟလသတင်းများနှင့် ပတ်သက်၍ အထင်အမြင်လွဲမှားမှု မရှိစေရေး၊ ဆူပူလှုပ်ရှားမှုများတွင် မိမိတို့ကျေးရွာရှိ ပြည်သူများ ပါဝင်ဆောင်ရွက်မှုမျိုး မရှိစေရေး ဝိုင်းဝန်းစည်းရုံးဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့၏ လူမှုဘဝနေထိုင်ရေးကို အေးချမ်းတည်ငြိမ်စွာဖြတ်သန်းသွားလာနိုင်ရေးတို့အတွက် အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် ရှေ့ဆက်လက်သွားနိုင်ရေး ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်းနှင့် ဆောင်ရွက်ပေးကြရန်လည်း မေတ္တာရပ်ခံဆွေးနွေး ပြောကြားသည်။

ယင်းဆွေးနွေးပွဲသို့ ဘာသာရေးခေါင်းဆောင် ၅၀ ခန့်တက်ရောက်ခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ထူးမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်ထက်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**



# ကသာမြို့နယ်အတွင်းမှ ကျေးရွာချင်းဆက်မြေသားလမ်း သုံးမိုင် ဖောက်လုပ်ခြင်း လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

**ကသာ မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အတွင်းရှိ ဟသ်ာ-နန်းပေါင်းလမ်းနှင့် မန္တလေး-တကောင်း-ဗန်းမော်-ဗျူဟာဆက်လမ်းသို့ ဆက်သွယ်ထားသည့် လမ်းအရှည် ၁၅ မိုင်ကျော်အနက် လမ်းအရှည် သုံးမိုင်တွင် မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းများကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ကသာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

အဆိုပါ လမ်းလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး (တိုင်းဒေသကြီး) ခွင့်ပြုရန်ပုံငွေကျပ် ၁၁၆ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းအကျယ်မှာ ၂၆ ပေရှိသည်။ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကသာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများ၊ ကသာမြို့နယ် အရည်အသွေးစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သွားရောက်ကြီးကြပ်စစ်ဆေးမှုများ ဆောင်ရွက်ပေးသည်။

ယခုအခါ အဆိုပါ ကျေးရွာချင်းဆက် မြေသားလမ်း သုံးမိုင် ဖောက်လုပ်ခြင်း လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်၍ ကျေးရွာအုပ်စု နှစ်စု၊ ကျေးရွာ သုံးရွာရှိ အကျိုးပြုအိမ်ခြေ ၅၀၀ ကျော်မှ ပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စွာ အသုံးပြုနိုင်ပြီဖြစ်သည့်အပြင် ဒေသတွင်းမှ ကြံစိုက်တောင်သူများအတွက်လည်း ကုန်ထုတ်လမ်းအဖြစ် အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း ကသာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၃ - ၂၀၂၁

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၅ | ကျပ် | ၈၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀ | ကျပ် | ၈၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၀၅ | ကျပ် | ၈၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၉၀၅ | ကျပ် | ၉၈၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၄၀၀ | ၁၁၀ | ၁၀၃၄၀၀၀ |
| MTSH | ၃၅၅၀ | ၃၅၀၀ | ၁၆၄၀ | ၅၅၉၅၇၅၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၉၁ | ၇၆၄၄၀၀ |
| FPB | – | – | – | – |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁ | ၂၇၅၀ |
| EFR | ၃၃၀၀ | ၃၃၀၀ | ၂ | ၆၆၀၀ |

ညီညီ - စုစည်းသည်




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



# မြန်မာသမိုင်းစာပေ (၆)

မောင်ခင်မင် (ဓနုဖြူ)

“ဒီတစ်ပတ်မှာတော့ သမိုင်းပညာရှင်တွေရော စာပေပညာရှင်တွေရော စိတ်ဝင်စားတဲ့ အရေးတော်ပုံကျမ်းကြီး တစ်ကျမ်းအကြောင်း ပြောကြတာပေါ့”

“ဪ... ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း အကြောင်းလား အောင်အောင်”

“ဟုတ်တယ်။ မင်းတို့ သမိုင်းပညာရှင်တွေရော ငါတို့စာပေပညာရှင်တွေရော ရာဇာဓိရာဇ်ကို စိတ်ဝင်စားကြတယ်မဟုတ်လား”

“ဆရာ ရာဇာဓိရာဇ်ဟာ မွန်မင်းဆက်မှာ ထင်ရှားတဲ့ မင်းတစ်ပါးဖြစ်တယ်လို့ သမီးတို့ မှတ်သားဖူးပါတယ်”

“ကျွန်တော်တို့လဲ ရာဇာဓိရာဇ်အရေးတော်ပုံ စကားပြေအရေးအသားကို လေ့လာဖူးပါတယ် ဆရာ”

“ဟုတ်ပါပြီ။ ဒီနေရာမှာ အရေးတော်ပုံကျမ်း အကြောင်း ပြောရအုံးမယ်။ အရေးတော်ပုံကျမ်း ဆိုတာ ဘုရင်တစ်ပါးရဲ့ ဆောင်ရွက်ချက်တွေကို မှတ်တမ်းတင်ထားတဲ့ ရာဇဝင်ကျမ်း သမိုင်း ကျမ်းတစ်မျိုးလို့ ဆိုနိုင်တာပေါ့”

“ဟုတ်ပါတယ်။ အရေးတော်ပုံကျမ်းဟာ ဘုရင်တစ်ပါးရဲ့ ရာဇဝင်ပါပဲ။ ထင်ရှားတဲ့ ဘုရင်တွေရဲ့ အကြောင်းကို စာဆိုတွေက အရေးတော်ပုံ အဖြစ် မှတ်တမ်းတင် ရေးဖွဲ့လေ့ရှိတယ်။ အဲဒီ ဘုရင်ဖွားမြင်ချိန်ကနေ နတ်ရွာစံချိန်အထိ ဖြစ်ရပ်တွေလို့ မှတ်တမ်းတင်ထားတာမို့ သမိုင်းတန်ဖိုး ကြီးမားတယ်။ အဲဒီဘုရင်ရဲ့ အတ္ထုပ္ပတ္တိလို့လဲ ဆိုနိုင်တာပေါ့”

“စိတ်ဝင်စားစရာပဲနော် ဆရာ”

“စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ရာဇာဓိရာဇ် အရေးတော်ပုံဟာ ဟံသာဝတီ နေပြည်တော်၊ အဲ... အခု ပဲခူးပေါ့။ အဲဒီပဲခူးမှာ အစဉ်အဆက်စိုးစံခဲ့တဲ့ မွန်မင်းဆက်မှာ ထင်ရှားတဲ့ မွန်မင်းတစ်ပါးပဲ”

“ဟံသာဝတီမင်းဆက်ဟာ အင်းဝမင်းဆက်နဲ့ ထီးပြိုင်နန်းပြိုင်အုပ်စိုးခဲ့တာမို့ တော်တော်စောပါတယ်”

“ရာဇာဓိရာဇ် အရေးတော်ပုံမှာပါတဲ့ အတိုင်း ပြောရရင် ပထမဆုံးမင်းဖြစ်တဲ့ ‘မဂဒူ’ ဟာ ဝါရီရူ ဆိုတဲ့ ဘွဲ့ကိုခံယူပြီး ဟံသာဝတီမင်းဆက်ကို စတင်ခဲ့တယ်။ အဲဒီမင်းဆက်မှာ ထင်ရှားတဲ့ မင်းတစ်ပါးဖြစ်တဲ့ ဆင်ဖြူရှင်ဗညားဦးဟာ ရာဇာဓိရာဇ်ရဲ့ ခမည်းတော်ပဲ”

“ရာဇာဓိရာဇ် အရေးတော်ပုံကို ဘယ်သူ ရေးတာပါလဲဆရာ”

“ရာဇာဓိရာဇ် အရေးတော်ပုံမူရင်းက မွန်ဘာသာနဲ့ ရေးထားတာလေ။ အဲဒီမူကို တောင်ငူခေတ်မှာ မွန်ဝန်ကြီး ဗညားဒလက မြန်မာဘာသာ ပြန်ခဲ့တာကို အစဉ်အဆက်မှတ်သားကြတယ်။ စာကိုယ်မှာတော့ ဘာသာပြန်သူနာမည်တိုက်ရိုက် မတွေ့ရဘူး။ ဒါကြောင့် တချို့ပညာရှင်တွေက တော့ ဗညားဒလ ဘာသာပြန်တယ်ဆိုတဲ့ စကားကို အခိုင်အမာမယူကြဘူး။ နာမည်မသိတဲ့ ရှေးက ပညာရှင်တစ်ဦး ဘာသာပြန်တယ်လို့ ပြောတာ မျိုးရှိတယ်”

“ဒါပေမဲ့ မွန်မူရော မြန်မာမူရော အထင်အရှား ရှိတယ် မဟုတ်လား”

**“ဟံသာဝတီဘုရင် ရာဇာဓိရာဇ်နဲ့ အင်းဝဘုရင် ပထမမင်းခေါင်တို့ တန်ခိုးသြဇာပြိုင်ဆိုင်ကြပုံတွေကို ဖွဲ့ထားတာလေ။ ပဒေသရာဇ်ခေတ်ရဲ့ အစဉ်အလာအတိုင်း မင်းနှစ်ပါး အားပြိုင်ကြတာပေါ့။ အဲဒီလို အားပြိုင်တဲ့ဖြစ်ရပ်တွေထဲမှာ ရာဇာဓိရာဇ်နဲ့ မင်းခေါင်တို့အပြင် မိဖုရားတွေ၊ သားတော် သမီးတော်တွေ၊ ပညာရှိလူငယ်တွေ၊ သူရဲကောင်းတွေ နှစ်ဖက်စလုံးမှာ အများကြီးပါဝင်တာပေါ့။ အဲဒီလို ပါဝင်သူတွေရဲ့ ကိုယ်နှုတ်နှလုံး အမူအရာတွေကို ပေါ်လွင်အောင် သရုပ်ဖော်ထားတာဟာ မြင်ကွင်းကျယ် ပန်းချီကားကြီး တစ်ချပ်ကို ကြည့်နေရသလိုပဲလေ”**

“ရှိပါတယ်။ မွန်မူမှာ တစ်မူတည်းမဟုတ်ဘဲ မူကွဲရှိတယ်။ ဗညားဒလဘာသာပြန်တယ်လို့ အများယူဆတဲ့ မြန်မာမူလဲ အထင်အရှားရှိတယ်။ ဒါတင်မကသေးဘူး။ ခုခေတ်မှာ မွန်လူမျိုး၊ ပညာရှင်ဆရာနိုင်ပန်းလှကလဲ ထပ်ပြီးဘာသာ ပြန်ထားသေးတယ်”

“ဆရာလေ့လာမိသလောက် ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းဟာ ထိုင်းဘာသာနဲ့လဲရှိတယ်။ ထိုင်းမှာ စာပေအနေနဲ့ရော ဇာတ်သဘင်အနေနဲ့ရော ရာဇာဓိရာဇ်အကြောင်း တင်ဆက်တာတွေရှိတယ်”

“အဲဒါတွေ သားတို့သမီးတို့ ဆက်လေ့လာကြပေါ့ကွယ်။ သုတေသနပြုကြပေါ့။ အခုတော့ ဗညားဒလ ဘာသာပြန်တယ်လို့ အများလက်ခံတဲ့ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းကို မူတည်ပြီးပြောကြတာပေါ့”

“ဟုတ်ကဲ့ပါ ဆရာ”

“ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းကို သမိုင်း အမြင်နဲ့ကြည့်ရင် သမိုင်းတန်ဖိုးကြီးမားတဲ့ ကျမ်း တစ်စောင်ပေါ့။ အဲ... စာပေအမြင်နဲ့ကြည့်ရင်လဲ စာပေအရေးအဖွဲ့ အင်မတန်ကောင်းတဲ့ အတ္ထုပ္ပတ္တိ ကြီးတစ်စောင်လို့ ပြောနိုင်ပါတယ်”

“ကဲ... အကျယ်ပြောပြပါလား အောင်အောင် ရယ်။ တို့ကတော့ သမိုင်းကျမ်း တစ်ကျမ်းအနေနဲ့ အဓိကလေ့လာတာမို့ စာပေကျမ်း တစ်ကျမ်းအနေနဲ့ ဘယ်လိုကောင်းတယ်ဆိုတာ သူငယ်ချင်းပြောပြမှ သိရမှာပဲ”

“သူငယ်ချင်းက မြှောက်နေပြန်ပါပြီ။ ကဲ.. စာပေ အနေနဲ့ကြည့်ရင် ဒီကျမ်းမှာ ပုဂ္ဂိုလ်တော်တော် များများရဲ့ စရိုက်သဘာဝကို သရုပ်ဖော်ထားတာ နှစ်သက်စရာကောင်းတယ်။ စရိုက်သဘာဝပေါ်လွင် တယ်။ ရသမြောက်တယ်။ ဒါ့အပြင် စကားပြေ အရေးအသားလဲ ရှင်းလင်းပြေပြစ်ပါတယ်”

“ဟုတ်ကဲ့ပါ ဆရာ”

“နောက်ခံသမိုင်းနဲ့ ဆက်စပ်ပြောရရင် ဒီကျမ်းမှာ ဟံသာဝတီဘုရင် ရာဇာဓိရာဇ်နဲ့ အင်းဝဘုရင်ပထမ မင်းခေါင်တို့ တန်ခိုးသြဇာပြိုင်ဆိုင်ကြပုံတွေကို ဖွဲ့ထားတာလေ။ ပဒေသရာဇ်ခေတ်ရဲ့ အစဉ်အလာ အတိုင်း မင်းနှစ်ပါး အားပြိုင်ကြတာပေါ့။ အဲဒီလို အားပြိုင်တဲ့ဖြစ်ရပ်တွေထဲမှာ ရာဇာဓိရာဇ်နဲ့ မင်းခေါင်တို့အပြင် မိဖုရားတွေ၊ သားတော်သမီးတော် တွေ၊ ပညာရှိလူငယ်တွေ၊ သူရဲကောင်းတွေ နှစ်ဖက် စလုံးမှာ အများကြီးပါဝင်တာပေါ့။ အဲဒီလို ပါဝင် သူတွေရဲ့ ကိုယ်နှုတ်နှလုံး အမူအရာတွေကို ပေါ်လွင်အောင် သရုပ်ဖော်ထားတာဟာ မြင်ကွင်း ကျယ် ပန်းချီကားကြီး တစ်ချပ်ကို ကြည့်နေရ သလိုပဲလေ။ အသက်ဝင်လှုပ်ရှားနေတယ်”

“ဆရာက အပြောကောင်းတာနဲ့ သမီးတို့အခုပဲ ပြန်ဖတ်ချင်နေပါပြီ ဆရာ”

“ပြန်ဖတ်ကြည့်ကြပါ။ အေးအေးဆေးဆေး အချိန်ယူပြီး တစိမ့်စိမ့်ဖတ်ကြည့်ရင် ကောင်းကွက် လှကွက်တွေ အရသာတွေ ပေါ်လာပါလိမ့်မယ်”

“ဟုတ်ကဲ့ပါ ”

“ကဲ... ဒီတော့ ပဓာနကျတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့ ရာဇာဓိရာဇ်အကြောင်းကို မူတည်ပြီးပြောရအောင်။ တခြားပုဂ္ဂိုလ်တွေအကြောင်းလဲ ပါသွားမှာပေါ့”

“ကောင်းပါတယ် ဆရာ”

“ရာဇာဓိရာဇ်က ငယ်စဉ်ဘဝကလဲ စိတ်ဝင်စား စရာကောင်းတယ်။ သူ့ငယ်နာမည်က ‘ဗသုန်ဗန်စက်’ တဲ့။ မွန်နာမည်ပေါ့။ ဗညားဒလရဲ့မူမှာ ရေးထားတဲ့ အတိုင်းပြောတာ။ သူ့ကိုမွေးပြီး မကြာခင်မှာ မယ်တော်ကွယ်လွန်သွားတယ်။ ဒီတော့ ခမည်းတော် ဆင်ဖြူရှင်ဗညားဦးက သားတော်အပေါ်မှာ သိပ် အမြင်မကြည်ဘူးဆိုပါတော့။ သူ့ခမျာ မွေးကတည်း က အဖေရဲ့ မျက်နှာသာပေးတာ မခံရတဲ့သား တစ်ယောက်ဖြစ်နေရတယ်”

“ဪ၊ သနားစရာပဲနော်”

“ဗသုန်ဗန်စက် ကလေးကို ခမည်းတော်ရဲ့ အစ်မတော်မဟာဒေဝီက ငယ်ငယ်ကတည်းက ပြုစု စောင့်ရှောက်ခဲ့ရတယ်။ ပြေးလွှားနိုင်တဲ့ အရွယ်ကျမှ ခမည်းတော်ရဲ့ရှေ့ကို ခေါ်လာပြီးပြတော့ ခမည်းတော်က ဘယ်လိုမှတ်ချက်ချတယ်ထင်သလဲ”

“ပြောပြပါ ဆရာ”

“ဒီကလေးဟာ ဦးခေါင်းကြီးတယ်၊ ဆံပင် ကောက်တယ်၊ ကြီးလာရင် ရက်စက်ကြမ်းကြုတ်တဲ့ သူဖြစ်လိမ့်မယ်-တဲ့။ သူ့သားကို အဖေကမြင်တဲ့ အမြင်လေ”

“ဪ၊ ဒီလိုအသေးစိတ်ရေးထားတာကိုး”

“ဟုတ်တယ်။ အရွယ်ရောက်လာတော့ ‘ဗညားနွဲ့’ လို့ နာမည်ပေးတယ်။ လူပျိုလူရွယ် လဲဖြစ်လာရော ဗညားနွဲ့ဟာ အဖေတူအမေကွဲ နှမတော် ‘ဒလမည်ဒေါ်’ကို ခိုးပြေးပါလေရော။ အဲဒီအခါမှာ ခမည်းတော်က အင်မတန်စိတ်ဆိုးပြီး ငါ့စိတ်နှလုံးကို ပူအောင်လုပ်တဲ့ သားပဲလို့ မြည်တွန်လို့ အစ်မတော်မဟာဒေဝီက ဖျောင်းဖျ ပေးရတယ်-တဲ့”

“အေးနော်၊ အရီးတော် မဟာဒေဝီ စောင့်ရှောက်ပေးလို့သာ မင်းသားဗညားနွဲ့ ဒုက္ခမရောက်တာပေါ့”

သိပ်မချီးမွမ်းနဲ့အုံး သူငယ်ချင်းရဲ့။ လူစိတ်ဆို တာ တော်တော် အံ့သြဖို့ကောင်းတယ်။ ဗညားနွဲ့ အရွယ်ရောက်ချိန်မှာ အန္တရာယ်ဖြစ်စရာ ကိစ္စ တစ်ခုပေါ်လာတယ်”

“ဟင်... ဘာပါလိမ့်”

“ဆင်ဖြူရှင်ဗညားဦးက တိုက်ပွဲမှာ ကျဆုံး သွားတဲ့ မှူးမတ်တစ်ယောက်ရဲ့ သားကို ချီးမြှောက် ပြီး ‘သမိန်မရူ’ဆိုတဲ့ ဘွဲ့ပေးခဲ့တယ်။ သမိန်မရူကို ဗညားနွဲ့နဲ့ အဖေတူ အမေကွဲ နှမတော်တစ်ပါး ဖြစ်တဲ့ သမီးတော် ဒလမည်သီရိ နဲ့ လက်ထပ်ပေး လိုက်တော့ သမိန်မရူဟာ ဘုရင့်သမက်တော် ဖြစ်သွားပါလေရော။ ဗညားနွဲ့နဲ့ သမီးယောက်ဖ တော်သွားတာပေါ့”

“ဪ”

“သမိန်မရူ တန်ခိုးထွားလာပြီး ဗညားနွဲ့နဲ့ အပြိုင်လို ဖြစ်လာတဲ့အခါ ဗညားနွဲ့အတွက် ခုန ပြောတဲ့ အန္တရာယ်ဖြစ်စရာ ပေါ်လာတော့တာပဲ”

“ဘာပါလဲဆရာ၊ ဘာအန္တရာယ်လဲ”

“ပြောရရင် ဗညားနွဲ့ကို ငယ်ငယ်ကတည်းက သားလိုပြုစုခဲ့တဲ့ မဟာဒေဝီဟာ သမိန်မရူနဲ့ နေပုံထိုင်ပုံ ပြောစရာဖြစ်လာတဲ့ ကိစ္စပဲ။ တော်တော်အံ့သြစရာကောင်းတယ်။ ဒါတွေ အသေးစိတ်ပြောပြနေတာက ရာဇာဓိရာဇ် အရေးတော်ပုံဟာ လူ့စရိုက်သဘာဝကို ဘယ်လို သရုပ်ဖော်တယ်ဆိုတာ သိစေချင်လို့ပါ”

“ဝတ္ထုကြီးတစ်ပုဒ် ဖတ်နေရသလိုပါပဲ ဆရာ”

“ဟုတ်တယ်၊ ဝတ္ထုတစ်ပုဒ်လိုပါပဲ။ ရာဇာဓိရာဇ် အရေးတော်ပုံမှာ ဘာရေးထားသလဲ ဆိုရင် အဲဒီအချိန်မှာ တဘောင်တစ်ခုပေါ်တယ်. တဲ့။ တဘောင်က ‘ဗျိုင်းမအိုလျက်၊ သစ်ပင်ထက် မှာ၊ တက်၍ဥသော။ ဒေါင်းမအိုလျက်၊ ကြောက် ရှက်မရှု၊ သူ့လင်လုသော’တဲ့ ”

“ဪ၊ ဟုတ်ကဲ့ပါ”

“တဘောင်ဆိုတာ တိုင်းသူပြည်သားတွေက ပြောလာကြတဲ့ စကားတွေပေါ့ကွယ်။ မဟာ ဒေဝီကို အားကိုးပြီး သမိန်မရူလဲ ဗညားနွဲ့ကို ရန်ရှာတော့တာပေါ့။ ဗညားနွဲ့ခမျာ နဂိုကမှ ခမည်းတော်က အမြင်မကြည်ဖြစ်နေလို့ အနေ အထိုင်ခက်နေတဲ့အထဲမှာ အခု မဟာဒေဝီက သမိန်မရူဘက် ပါနေတော့ အန္တရာယ်ကို ကြည့်ရှောင်နေရတာပေါ့ကွယ်။ ကဲ-ဆက်ကြသေး တာပေါ့”။ ။

# ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို Modular Trailer ဖြင့် ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်သို့ ပဉ္စမအကြိမ် ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၀**

နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဘူမိဖဿမုဒြာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများကို Modular Trailer ဖြင့် ဆီမီးခုံဆိပ်ကမ်းမှ တည်ထားကိုးကွယ်မည့် နေပြည်တော် ကောင်စီနယ်မြေသို့ ပဉ္စမ အကြိမ် ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာအနီး၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် သံဃ နာယကဥက္ကဋ္ဌ ဘဒ္ဒန္တ မာဃိတ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ငါန်းဇွန်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို တက်ရောက်လာကြသူများက နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဘူမိဖဿမုဒြာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများအား ဆရာတော်ကြီးများ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများကအမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။(ယာပုံ)

ထို့နောက် ဘူမိဖဿမုဒြာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများအား ပင့်ဆောင်ရန်အတွက် လုံခြုံရေးအဖွဲ့ဝင်များနှင့် ယာဉ်မောင်းများ နေရာယူခြင်း၊ ဥပါသကာများနှင့် ဝတ်အသင်းများ နေရာယူခြင်းတို့ကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြပြီး ဘူမိဖဿမုဒြာ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓ ရုပ်ပွားတော်လောင်းလျာ ပင်မကျောက်တော်ကြီးမှ တန်ချိန် ၈၀၀ ရှိ ရုပ်ပွားတော် အပိုင်း(၄) တန်ချိန် ၅၆၃ တန်ရှိ ရုပ်ပွားတော် အပိုင်း(၁/၂) အရန် စုစုပေါင်း ၂ တုံး တင်ဆောင်ထားသည့် Modular Trailer များသည်



မင်္ဂလာအချိန်တွင် စတင် ပင့်ဆောင် ထွက်ခွာတော်မူကြရာ ငါန်းဇွန်မြို့နယ် သံဃ နာယကဥက္ကဋ္ဌ ဆရာတော်ကြီး၊ တိုင်းမှူးနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က လက်ဆယ်ဖြာ ဦးထိပ်ထား၍ ကြည်ညိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၂၀**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေ အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီး ဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား COVID-19 ရောဂါကာကွယ်ဆေးထိုးနှံ နိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အေးသာယာမြို့၊ ကလောမြို့၊ အောင်ပန်းမြို့၊ ဟိုပုံးမြို့၊ ပင်လောင်းမြို့နယ်၊ ဖယ်ခုံမြို့၊ လွိုင်လင်မြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့၊ ဘောလခဲမြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နှင့် မှော်ဘီမြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် စာချ၊ စာသင် သံဃာတော်များအား သတ်မှတ်နေရာ အသီးသီး၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား သတ်မှတ်နေရာ အသီးသီး၌ လည်းကောင်း သက်ဆိုင်ရာ တိုင်း စစ်ဌာနချုပ်များမှ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ ပါဝင်သော ဆေးအဖွဲ့များက CDM တွင်ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် အတူ ပူးပေါင်း၍ ကျန်းမာရေး စစ်ဆေးပေးပြီး COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော် ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၂၀**

ဘုန်းတော်ကြီး ကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များ အလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်း ဆက်ကပ် လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် ပေါင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ချင်းပြည်နယ် ဟားခါးမြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီး ကျောင်းများနှင့် စာသင်တိုက်များ စုစုပေါင်း လေးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ COVID – 19 ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီး မြန်အောင်မြို့၊ ချင်းပြည်နယ် ဟားခါးမြို့၊ မန္တလေးတိုင်း ဒေသကြီး ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၁၅ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကောင်းကျိုးချမ်းသာသုခတွေ ရရှိနိုင်ကြပါစေ

**ထွန်းထွန်း(ခရေရိပ်)**

အင်္ဂုတ္တရနိကာယ်မှာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက သုတ္တန်တစ်ခု ဟောကြားထားပါတယ်။ ကာလာမသုတ္တန်လို့ ထင်ရှားပါတယ်။ သုတ္တန်ဖြစ်ပေါ်လာပုံကတော့ အခါတစ်ပါးမှာ မြတ်စွာဘုရားနဲ့ နောက်ပါသံဃာတို့ဟာ ဒေသစာရီကြွချီတော်မူရာ ကောသလတိုင်း ကေသမုတ္တမည်သော နိဂုံးရွာကြီးသို့ ရောက်တော်မူပါတယ်။

ဗုဒ္ဓဘုရားရှင် ကြွရောက်တော်မူတာကို သိကြကုန်သော ကေသမုတ္တနိဂုံးသား ကာလာမ အမျိုးကောင်းသားတို့က ဘုရားရှင်အား လာရောက်ဖူးမြော်ကြပါတယ်။ သင့်တင့်လျောက်ပတ်ရာ ထိုင်ကြပြီး ရှိခိုးဦးချကြကာ ဘုရားရှင်အား မေးလျှောက်ကြပါတယ်။

**သူတစ်ပါး အယူဝါဒရှုတ်ချ**

အရှင်ဘုရား အချို့သော သမဏဗြာဟ္မဏတို့သည် ကေသမုတ္တနိဂုံးသို့ ရောက်လာကြပါတယ်။ ထိုသမဏဗြာဟ္မဏတို့ဟာ ၎င်းတို့အယူဝါဒသာလျှင် အမှန်ဖြစ်တယ်၊ ကောင်းတယ်ဆိုကြပြီး သူတစ်ပါးအယူဝါဒကိုတော့ ကဲ့ရဲ့ပြစ်တင်ကြပါတယ်။ မထီမဲ့မြင်ပြုကြပါတယ်။ တခြားသော သမဏဗြာဟ္မဏအချို့တို့ ကေသမုတ္တနိဂုံးသို့ ရောက်လာတော့လည်း ထိုသမဏဗြာဟ္မဏတို့က ၎င်းတို့အယူဝါဒကိုသာလျှင် မှန်ကန်ကောင်းမွန်ကြောင်း ပြောကြားကြပြီး သူတစ်ပါးအယူဝါဒကို ရှုတ်ချစော်ကားကြပါတယ်။

အရှင်ဘုရား ထိုသမဏဗြာဟ္မဏတို့မှာ ဘယ်သမဏဗြာဟ္မဏသည် မှန်သောစကားကို ဆိုပါသနည်း၊ အဘယ်သမဏဗြာဟ္မဏသည် မမှန်သောစကားကို ဆိုပါသနည်းဟု တပည့်တော်တို့မှာ ယုံမှားခြင်း၊ တွေးတောခြင်း ဖြစ်ခဲ့ပါတယ်လို့ လျှောက်ထားကြပါတယ်။

ထိုအခါ ဘုရားရှင်က ကာလာမတို့ သင်တို့အား ယုံမှားခြင်း၊ သံသယဖြစ်ထိုက်ပါပေတယ်။ ဘယ်သူမှန်တယ်၊ မှားတယ်ဆိုတာကို မိမိတို့ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားချင့်ချိန်နိုင်အောင် ဆုံးမလမ်းညွှန်တော်မူခဲ့ပါတယ်။ ထိုကာလာမသုတ်ကို ကေသမုတ္တနိဂုံးရွာ၌ဟောကြားတော်မူသောကြောင့် ကေသမုတ္တိသုတ် ဟူ၍လည်း အမည်တွင်ခဲ့ပါတယ်။

ကာလာမသုတ်တွင် မာ အနုဿဝေန – ပြောသံကြားရုံနဲ့လည်း မယုံနဲ့။ မာ ပရမ္ပရာယ – ရှေးရိုးစဉ်ဆက်စကားဖြစ်လို့လည်း မယုံနဲ့။ မာ တက္ကဟေတု– အဲဒီလိုဖြစ်ဖူးလို့လည်း မယုံနဲ့။ မာ နယဟေတု – ကိုယ့်ဘာသာ တွေးမိကြံမိတာလောက်လေးနဲ့လည်း မယုံနဲ့။ မာ ဘဗ္ဗရူပတာယ – ကိုယ့်ခံယူချက်နဲ့ တူတယ်ဆိုရုံနဲ့လည်း မယုံနဲ့။ မာ ပိဋကသမ္ပဒါနေ – ပိဋကတ်စာပေကျမ်းဂန်ထဲမှာ ပါတယ်ဆိုရုံနဲ့လည်း မယုံနဲ့။ မာ သာမဏော နောဂရုတိ – ကိုယ်ယုံကြည်ရိုသေတဲ့သူရဲ့စကားဆိုပြီးတော့လည်း မယုံနဲ့ဟု မြတ်စွာဘုရားရှင်က ဟောကြားတော်မူခဲ့ပါတယ်။

မြတ်ဗုဒ္ဓက အကြောင်းကိစ္စတစ်ခု၊ ပြဿနာတစ်ရပ်ကို အမှန်အမှားကို ဆုံးဖြတ်တဲ့အခါ ဘက်မလိုက်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ကျိုးကြောင်းဆင်ခြင်လေ့လာပါ၊ မိမိတို့ ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်ပိုင်းခြားပြီး ဆင်ခြင်သုံးသပ်ဆုံးဖြတ်ကာ လိုက်နာကျင့်သုံးနိုင်အောင် လမ်းပြမြေပုံအဖြစ် ကာလာမသုတ်ကို ဟောကြားခဲ့ခြင်းဖြစ်ပါတယ်။ ဝေဖန်ပိုင်းခြားနိုင်စွမ်းမြင့်မားသူဟာ ပြဿနာတစ်ရပ်ကို အမှားအမှန်ကွဲကွဲပြားပြား သုံးသပ်အဖြေထုတ်နိုင်သလို ဖြေရှင်းဖို့ ဆုံးဖြတ်ချက်တစ်ခုကိုလည်း ပိုင်ပိုင်နိုင်နိုင် ချမှတ်နိုင်မှာ ဖြစ်ပါတယ်။ လေ့လာဝေဖန်ပိုင်းခြားပြီး မှန်ကန်တဲ့ဆုံးဖြတ်ချက်ချနိုင်

**"ပြင်ပမှ ဝေဖန်သူတွေကလည်း အဖြစ်မှန်ကို သေချာမလေ့လာဘဲ သို့မဟုတ် မြင်ချင်တဲ့အပိုင်းကိုသာမြင်ပြီး ဒီမိုကရေစီတောင်းခံနေတဲ့သူတွေကို အကြမ်းဖက် ချေမှုန်းတယ်လို့ ထင်ရာမြင်ရာ စွပ်စွဲဝေဖန်ကြပါတယ်။ တိုက်ခိုက်ကြပါတယ်။ ဖြစ်နိုင်ခြေရှိတယ်ဆိုတဲ့ အချက်တစ်ခုနဲ့ အမှန်တရားလို့ ဆုံးဖြတ်ကြပါတယ်။ အတွေ့အကြုံ၊ ထင်မြင်ချက်နဲ့ ကိုယ်တိုင်မေးခွန်းထုတ်၊ ကိုယ်တိုင်အဖြေပေး မကျေနပ်စရာအဖြေထွက်တော့ နိုင်ငံကို မငြိမ်သက်အောင် တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်းကို ရွေးချယ်လုပ်ဆောင်ကြပါတယ်"**

**"ယနေ့ခေတ်မှာ လူတွေက အကြားအမြင်တွေ များလာကြပါတယ်။ ဟိုမှ၊ ဒီမှ၊ အင်တာနက်မှ စသည်ဖြင့် သတင်းအချက်အလက်တွေ ရရှိကြပါတယ်။ သတင်းနဲ့အတူ အတင်းအဖျင်းမျိုး (Gossip) နဲ့ ကြားဖူး နားဝ (Hearsay) တွေလည်း ပါလာတယ်။ အဲဒီလို သတင်းပုံစံနဲ့ လူမှုကွန်ရက်ပေါ်ရောက်လာတဲ့ အကြောင်းအရာတွေက နေ့စဉ်ဘဝမှာ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်ဖို့က စိန်ခေါ်မှုအသွင်နဲ့ ရှိနေပါတယ်။ အထူးသဖြင့် လူမှုကွန်ရက်စာမျက်နှာကို အလွန်အမင်း အားကိုးသုံးစွဲလာကြပါတယ်။ သတင်းအချက်အလက်တွေကို လူမှုကွန်ရက်ကရယူပြီး တွေ့တဲ့အကြောင်းအရာ မှန်သမျှကို အမှန်လို့ မျက်စိမှိတ်ယူဆကာ ဆုံးဖြတ်လုပ်ကိုင်လာကြပါတယ်။ အဲဒီထဲမှာ စာတွေအများကြီး သင်ထားပေမယ့် ဝေဖန်ပိုင်းခြားနိုင်စွမ်း အားနည်းတဲ့သူတွေတောင်ပါနေတာကို အံ့အားသင့်ဖွယ် တွေ့ရပါတယ်"**

ရင်၊ လိုက်နာကျင့်သုံးနိုင်ရင် အမှားကင်းပြီး ကောင်းကျိုးချမ်းသာသုခတွေကို ရရှိမှာဖြစ်ပါတယ်။ စဉ်းစားတွေးခေါ်မြော်မြင်နိုင်စွမ်း မြင့်မားသူဟာ ကိုယ်တိုင်အတွက်သာမက သူ့ရဲ့မိသားစု၊ ပတ်ဝန်းကျင်၊ လူမှုအသိုက်အဝန်း တစ်ခုလုံးကို အကျိုးပြုစေနိုင်မှာ ဖြစ်ပါတယ်။

**ဝေဖန်ပိုင်းခြားနိုင်ဖို့ စိန်ခေါ်မှုရှိနေ**

ယနေ့ခေတ်မှာ လူတွေက အကြားအမြင်တွေ များလာကြပါတယ်။ ဟိုမှ၊ ဒီမှ၊ အင်တာနက်မှ စသည်ဖြင့် သတင်းအချက်အလက်တွေ ရရှိကြပါတယ်။ သတင်းနဲ့အတူ အတင်းအဖျင်းမျိုး (Gossip) နဲ့ ကြားဖူးနားဝ (Hearsay) တွေလည်း ပါလာတယ်။ အဲဒီလို သတင်းပုံစံနဲ့ လူမှုကွန်ရက်ပေါ် ရောက်လာတဲ့ အကြောင်းအရာတွေက နေ့စဉ်ဘဝမှာ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်ဖို့က စိန်ခေါ်မှုအသွင်နဲ့ ရှိနေပါတယ်။ အထူးသဖြင့် လူမှုကွန်ရက်စာမျက်နှာကို အလွန်အမင်း အားကိုးသုံးစွဲလာကြပါတယ်။ သတင်းအချက်အလက်တွေကို လူမှုကွန်ရက်က ရယူပြီး တွေ့တဲ့အကြောင်းအရာ မှန်သမျှကို အမှန်လို့ မျက်စိမှိတ်ယူဆကာ ဆုံးဖြတ်လုပ်ကိုင်လာကြပါတယ်။ အဲဒီထဲမှာ စာတွေအများကြီး သင်ထားပေမယ့် ဝေဖန်ပိုင်းခြားနိုင်စွမ်း အားနည်းတဲ့သူတွေတောင် ပါနေတာကို အံ့အားသင့်ဖွယ် တွေ့ရပါတယ်။

တစ်ဦးနဲ့တစ်ဦး ဆက်သွယ်ပြောဆိုနိုင်ဖို့၊ သတင်းအချက်အလက်မျှဝေဖို့ လူမှုကွန်ရက်ကို ရည်ရွယ်သုံးစွဲခဲ့ပေမယ့် ယခုအခါ အသုံးချတဲ့ပုံစံက ပြောင်းလဲလာပါတယ်။ ကောင်းကျိုးထက် ဆိုးပြစ်ဘက်ကို ဦးတည်လာပါတယ်။ ကိုယ်ကျိုးအတွက် စည်းရုံးဖို့၊ ပုဂ္ဂိုလ်ရေးလှောင်ပြောင်သရော်ဖို့၊ အမုန်းစကားဖြန့်ဝေဖို့ဆိုတာတွေ ဦးတည်ဆောင်ရွက်လာတဲ့အတွက် ဖေ့စ်ဘွတ်က စံနှုန်းတွေ သတ်မှတ်ထုတ်ပြန်တားမြစ်ထားရတဲ့အဆင့် ဖြစ်လာပါတယ်။

နိုင်ငံကို အရေးပေါ်အခြေအနေကြေညာပြီးနောက်ပိုင်း နိုင်ငံရေး မတည်မငြိမ်ဖြစ်အောင် မသမာသူတွေက လှုံ့ဆော်ဖန်တီးကြိုးပမ်းနေတဲ့ အခုလို အချိန်အခါမှာ လူမှုကွန်ရက်ကို ပိုမိုမှီခိုလာကြပါတယ်။ ဆန္ဒပြမှုဆူပူမှုတွေ၊ သပိတ်မှောက်မှုတွေ၊ စီတန်းလှည့်လည်မှုတွေက လူမှုကွန်ရက်ကို အသုံးချပြီး အချိန်းအချက်ပြုလုပ်တာ၊ ဆက်သွယ်စည်းရုံးလှုံ့ဆော်တာကို လုပ်ဆောင်လာကြပါတယ်။

ဒါ့အပြင် လူတွေကို သွေးဆူအောင်၊ လမ်းပေါ်ထွက်အောင်၊ ဆူပူအကြမ်းဖက်ချင်လာအောင် သတင်းတွေကို ပုံဖျက်ရေးသားလာကြပါတယ်။ ဖားကန့်က မြေစာပုံပြိုလို့ သေတဲ့သူတွေရဲ့ပုံကို လှိုင်သာယာမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကပစ်လို့ သေတဲ့ပုံလို့ ဖွကြပါတယ်။ အခြားလုပ်ကြံသတင်းတွေလည်း ပလူကိုပျံနေတာပါပဲ။

နိုင်ငံ့ဝန်ထမ်းတွေကို လစာပေးဖို့ ရွှေတိဂုံဘုရားက ပိုက်ဆံတွေကို ယူတယ်လို့ ငရဲကျမယ့် လုပ်ကြံသတင်းရေးတဲ့သူက ရေးတယ်၊ နောက်ပို့စ်တစ်ခုကဆိုရင် သူလှူခဲ့တုန်းက ပိုက်ဆံနံပါတ်ကို မှတ်ထားခဲ့တာ လစာထုတ်တော့ အဲဒီပိုက်ဆံနံပါတ်အတိုင်း ပြန်ရတယ်ဆိုပြီး ပိုက်ဆံပုံနဲ့ တင်သူက တင်ပြန်ပါတယ်။ ဒါ့အပြင် နောက်ဆုံးတိုက်ပွဲပါ တောင့်ခံထားကြပါ။ UN က လာတော့မယ်၊ အမေရိကန်က လာတော့မယ်ဆိုတာတွေလည်း ပါသေးတယ်။ အဲဒါတွေကို ယုံတဲ့သူတွေကယုံပြီး စိတ်တွေ ထကြွလာပါတယ်။ မိုက်ရူးရဲဆန်လာပါတယ်။ ကြမ်းတမ်းလာပါတယ်။ ဥပဒေမဲ့လုပ်ရပ်တွေအထိ မကြောက်မရွံ့ လုပ်ကိုင်လာကြပါတယ်။

*စာမျက်နှာ ၂၄ သို့*

# အမှန်တရားကို အစွဲမျက်မှန်ချွတ်၍ ရှာဖွေစေလိုပါသည်

## ကိုရေချမ်း

**ပြဿနာတစ်ရပ်ကို ဖြေရှင်းရာတွင် သက်ဆိုင်သည့် အကြောင်းအရာတို့ကို ရှုထောင့်ပေါင်းစုံမှ ဘက်စုံ ထောင့်စုံ၊ အပြန်ပြန်အလှန်လှန် ရှုမြင်သုံးသပ်ဆင်ခြင်ပြီး အနီးစပ်ဆုံးဖြစ်နိုင်ခြေကို ဓမ္မဓိဋ္ဌာန် ကျကျ ကောက်ချက်ချ ယူရပါသည်။ ဤသို့ ကောက်ချက်ချသော်လည်း ကေန်စင်စစ် အမှန်ပင်ဟု တထစ်ချဆွဲယူ၍ မရပါ။ အနီးစပ်ဆုံး ဖြစ်နိုင်ခြေဟုသာ ဆိုကြပါသည်။ ကောက်ချက် ဆွဲကြပါသည်။**

**"ပြည်သူများအနေဖြင့် အစွဲမျက်မှန်တပ်ဆင်ရှုမြင်ကာ စိတ်ခံစားချက်ဖြင့် ဥပဒေဘောင် အပြင်ဘက်သို့ ရောက်မှန်းမသိရောက်နေကြခြင်း ဖြစ်သည်။ ထို့ကြောင့် လက်ရှိ ပကတိဖြစ်ပျက်နေသည်များကို တစ်ထိုင်တည်း ဆုံးဖြတ်ချက်မချဘဲ ဓမ္မဓိဋ္ဌာန်ကျကျ မှန်မှန်ကန်ကန်ရှုမြင်ပြီးမှ လုပ်ကိုင်ဆောင်ရွက်ကြဖို့ လိုအပ်ပါသည်။ တပ်မတော်ကို အဆိုးဝါဒဖြင့် ရှုမြင်ရန် မသင့်ပေ။ တပ်မတော်အနေဖြင့် မဲမသမာမှုများ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖောက်ဖျက်ပြီး အာဏာရယူရေး ဆောင်ရွက်မှုများကြောင့် မလွှဲမရှောင်သာ နိုင်ငံ့တာဝန်ရယူပြီး ဒီမိုကရေစီလမ်းကြောင်းကို တည့်မတ်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်"**

ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကိုသော်လည်းကောင်း၊ အကြောင်းကိစ္စတစ်ခုကိုသော်လည်းကောင်း ချဉ်းကပ်ရာ၌ တချို့က အစွဲကင်းသည်။ တချို့က အစွဲကပ်ပါလာသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ချဉ်းကပ်သည်ဖြစ်စေ၊ အကြောင်းအရာတစ်စုံတစ်ခုကို ရှုမြင်သည်ဖြစ်စေ အစွဲနှင့်ချဉ်းကပ်သူသည် အစွဲမျက်မှန်တပ်ထားသည်ဖြစ်၍ မိမိချဉ်းကပ်သော ပုဂ္ဂိုလ်၊ မိမိလေ့လာသောအကြောင်းအရာ၏ ပုံသဏ္ဌာန်အဖြစ်သနစ်ကို အရှိကိုအရှိအတိုင်း မြင်နိုင်စွမ်းအားမရှိပါ။ အစွဲကင်းသူကသာ မိမိချဉ်းကပ်သည့် ပုံရိပ်ကို အမှန်ကို အမှန်အတိုင်း မြင်နိုင်စွမ်းရှိပါသည်။

### အစွဲမျက်မှန်တပ်ပြီး ဖြေရှင်းမရ

သတင်းစာပညာတွင်လည်း အစွဲကင်းစွာ ကျင့်သုံးရပါသည်။ အဖြစ်အပျက် အကြောင်းအရာတို့ကို အရှိကို အရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ရပါသည်။ ပို၍လည်း မသုံးသပ်ရ၊ လို၍လည်း မသုံးသပ်ရပေ။ အကြောင်းအရာတစ်ခုကို ရှုမြင်သုံးသပ်ရာ၌ ဘက်စုံထောင့်စုံမှ ခိုင်ခိုင်မာမာ ရှုမြင်ဖွေရှာပြီး ရှုထောင့်ပေါင်းစုံမှ အမြင်များကိုချပြ၍ အကောင်းဆုံးဝေဖန် သုံးသပ်ရပါသည်။ အကြောင်းအရာတစ်ခု၊ အဖြစ်အပျက်တစ်ခုကို မှန်ကန်ကြောင်း သက်သေအထောက်အထားများ ခိုင်ခိုင်မာမာရယူထားရသည်။ တရားရေးဘက်တွင်လည်း ဤနည်းတူဖြစ်သည်။ သက်သေအထောက်အထားများ အားလုံးကို ခိုင်မာစွာရယူ တင်ပြကြရသည်။

အကြောင်းအရာတစ်ခုကို တင်ပြရာတွင်ဖြစ်စေ၊ သုံးသပ်ရာတွင်ဖြစ်စေ၊ ဖြေရှင်းရာတွင်ဖြစ်စေ အစွဲမျက်မှန်တပ်ပြီး သုံးသပ်ဖြေရှင်းတင်ပြ၍ မရနိုင်ပေ။ စာရေးဆရာတို့သည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။ စာရေးဆရာသည် လူ့အကြောင်း၊ လူ့အတ္ထုပ္ပတ္တိကို ရေးသားရာ၌ မိမိရေးသော အတ္ထုပ္ပတ္တိရှင်နှင့်ပတ်သက်၍ အစွဲမျက်မှန်တပ်ထားလျှင် မိမိရေးသားသော အတ္ထုပ္ပတ္တိရှင်၏ ပုံရိပ်သည် အရှိကိုအရှိအတိုင်း ပေါ်လာလိမ့်မည်မဟုတ်ပေ။ အစွဲမျက်မှန်တပ်မထားသော စာရေးဆရာ၏ အမြင်၌သာ သူရေးသော အတ္ထုပ္ပတ္တိရှင်၏ပုံရိပ်က အရှိအတိုင်း ပေါ်လာနိုင်သည်ဟု စာရေးဆရာကြီးပါရဂူမှ ရှင်းပြဖူးသည်။

### တစ်သံတည်း၊ တစ်မျိုးတည်းထွက်

ထို့ကြောင့် အစွဲမျက်မှန်တပ်ထားလျှင် လူတို့နှင့်ပတ်သက်၍ဖြစ်စေ၊ အကြောင်းအရာတို့နှင့်ပတ်သက်၍ဖြစ်စေ ပြောဆိုရာ၌ "အားလုံးကောင်းပါသည်"၊ "အားလုံး မကောင်းပါ" ဟူ၍ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ တစ်သံတည်း၊ တစ်မျိုးတည်းထွက်လာတတ်သည်။ အဖြစ်အပျက်အကြောင်းအရာများသည် အစွဲမျက်မှန်တပ်ပြီး ကြွေးကြော်နေကြသော ပုဂ္ဂိုလ်များ၏ လက်ထဲရောက်သွားသောအခါ ဝေဖန်စရာ၊ ထောက်ပြစရာများဖြစ်လာ၍ ထောက်ပြရခြင်းဖြစ်ပါသည်။ အစွဲဟူသည် ပြင်ရ၊ ဖျက်ရ အလွန်ခက်သောကိစ္စဖြစ်၍ မှားယွင်းသော အစွဲကိုမစွဲမိရန် အလွန်အရေးကြီးပါသည်။ အစွဲဟူသည် သူ့အလိုလို ဖြစ်လာသည် မဟုတ်။ တစ်စုံတစ်ရာသော ပယောဂကြောင့် ဖြစ်လာရသည်။ ဥပမာ ကြည်လင်သန့်ရှင်းနေသော ရေကို အရောင်ဆိုးလိုက်သကဲ့သို့ မည်သို့မျှ အဖြူပြန်မဖြစ်သော အရောင်ပြောင်းသကဲ့သို့ပင် ဖြစ်သည်။

### မည်သို့အမှန်ကိုရှင်းပြရှင်းပြ လက်မခံ

အားလုံးထက်ဆိုးသည့်အစွဲကြီးမှာ ယုံကြည်မှုဝါဒ ဖြစ်သည်။ ရှေးက မျိုးချစ်လူငယ်များသည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် နည်းလမ်းရှာကြံကြသောအခါတွင် ကွန်မြူနစ်ဝါဒကို လက်ခံခဲ့ကြသည်။ မြန်မာလူငယ်ခေါင်းဆောင်တချို့ ကွန်မြူနစ်ဝါဒစွဲဖြင့် လှုပ်ရှားမှုပြုလုပ်ကြရာ လွတ်လပ်ရေးအတွက် လက်တွဲမဆောင်ရွက်ဘဲ မြန်မာအချင်းချင်း တိုက်ခိုက်ကြသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ကွန်မြူနစ်ခေါင်းဆောင်များကို ဖယ်ထုတ်ရသည့်သမိုင်းကို မှတ်သားမိကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရသောအခါ လွတ်လပ်ရေးတိုက်ပွဲတွင် အတူလက်တွဲခဲ့သည့် ရဲဘော်သုံးကျိပ်အချို့သည်ပင် နှစ်ပေါင်းများစွာ တောခို၍ အစိုးရကို ပြန်လည်တော်လှန်ခဲ့သည်။ ရဲဘော်သုံးကျိပ်အချို့နှင့် အချို့သခင်များသည် ကွန်မြူနစ်ဝါဒကို သေသည့်တိုင်အောင် ကိုင်စွဲခဲ့ကြသည်။ နိုင်ငံရေး အန်တုခြင်း၊ အာဏာဖီဆန်ခြင်း၊ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများပါမကျန် ဆန့်ကျင်ခြင်း၊ ရက်စက်ခြင်းပြုလုပ်ခဲ့ကြသော ကွန်မြူနစ်ဝါဒသည် မြန်မာ့သမိုင်းတွင် အမည်းစက်ကြီးများ စွန်းထင်းကျန်ခဲ့သည်။ မကောင်းမှန်းသိလျက်နှင့် ဝါဒမှိုင်းထဲတွင် နစ်မြုပ်နေကြသည်။ အမှန်တွင် ဝါဒထက် ခေါင်းဆောင်လုပ်သူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အမြင်၊ အစွဲ၊ စရိုက်၊ ဉာဉ်ကြောင့်ဟုသာ ဆိုနိုင်သည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ အစွဲကြောင့်ဟု ဆိုရမည်ဖြစ်သည်။

### နိုင်ငံရေး၊ ပုဂ္ဂိုလ်ရေးဝါဒစွဲများ

မည်သို့မျှလည်းပြင်မရ၊ မည်သို့မျှလည်း မပြင်ကြသည့် နိုင်ငံရေး၊ ပုဂ္ဂိုလ်ရေးဝါဒစွဲများ မျက်မှောက်ကာလတွင်လည်း ရှိနေဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင် ကွန်မြူနစ်တို့၏ လှုပ်ရှားမှုများကို လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလမှစ၍ ၁၉၈၈ ခုနှစ်ကုန်ပြီးသည်အထိ ရှိခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာလူမျိုးများသည် တစ်ခုခုကို ယုံကြည်သည်နှင့် အားလုံးလိုက်ယုံသည့် အစွဲအလမ်းကြီးသည်ဟု ဆိုရမလိုဖြစ်သည်။ ၁၉၈၈ ခုနှစ်အလွန် ကာလတွင် ကွန်မြူနစ်ဝါဒ ပျောက်ကွယ်သွားပြီဟုဆိုသော်လည်း ဒီမိုကရေစီအမည်ခံကာ အသွင်ပြောင်းနေသည်ဟုပင် ဆိုရမလိုဖြစ်နေသည်။ ရှေးလူကြီးသူမများ၏ ဆိုစကားအရ သံသရာတစ်ပတ်လည်တတ်သည်ဟု ဆိုသကဲ့သို့ ဖြစ်နေပြီလားပင် ထင်မှတ်ရသည်။ ၁၉၈၈ ခုနှစ်လွန်ကာလ နိုင်ငံရေးသမားနှင့် လူငယ်အချို့၏လုပ်နည်းလုပ်ဟန်များကို အကဲခတ်ကြည့်နိုင်ပါသည်။

လွန်ခဲ့သောကာလများက ဖြစ်ပျက်ခဲ့သော မြန်မာ့နိုင်ငံရေးအခြေအနေများအား မှန်ပါသည်/မှားပါသည်ဟု မပြောဆိုလိုတော့ပါ။ မှန်သည်ဟု ပြောလျှင်လည်း လက်မခံ၊ မှားသည်ဟုပြောလျှင်လည်း လက်မခံ။ အာဏာရှင်ကို လက်မခံ၊ ဒီမိုကရေစီကိုသာ လိုလားသည်ဆိုပြီး မိမိတို့ အယူအဆသာ မှန်သည်၊ မိမိတို့ဝါဒသာ မှန်သည်ဟု တရားသေစွဲထားသည်။ တရားသေဆုပ်ကိုင်ထားသော နိုင်ငံရေးလောကတွင် အမှန်တရားကို မည်သို့မျှ ရှင်းပြမရသည့် အနေအထားဖြစ်နေသည်။ မည်သို့ပင်ဖြစ်စေ ယနေ့ဖြစ်စဉ်အမှန်များကို အစွဲမျက်မှန် မတပ်ဘဲ ရှုမြင်ကြရန် တိုက်တွန်းချင်ပါသည်။

### ကြီးမားသည့်ပြစ်မှုများကျူးလွန်

မဲစာရင်းမမှန်ကန်မှု၊ မဲမသမာမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ဖောက်ဖျက်မှုတို့ကြောင့် နိုင်ငံရေးအပြောင်းအလဲ ဖြစ်ပေါ်လာသည်ကို လုံးဝလက်မခံဘဲ တရားသေဝါဒ ဆုပ်ကိုင်ထားသော နိုင်ငံရေးသမားများက ပြည်သူကို ခုတုံးလုပ်ကြသည်။ ဒီမိုကရေစီကို ခုတုံးလုပ်ကြသည်။ အာဏာရှင်ကို အကြောင်းပြကြသည်။ ဝါဒမှိုင်းတိုက်ခံထားရသူများ၊ အစွဲမျက်မှန်တပ်ခြင်းခံရသူများ၊ မသိနားမလည်သောပြည်သူများ၊ ပညာတတ်သိ နားလည်ပါလျက် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ စွဲနေသူများသည် ဖြစ်စဉ်အမှန်ကို မည်သို့မျှ လက်မခံကြပါ။ လက်မခံရုံသာမက ကွန်မြူနစ်များကဲ့သို့ အာဏာဖီဆန်ရေး၊ တော်လှန်ပုန်ကန်ရေး ကြီးမားသည့်ပြစ်မှုများကို ကျူးလွန်ရန်ပင် ကြံစည်လုပ်ဆောင်နေကြသည်ကို တွေ့ရမည် ဖြစ်သည်။

အခြေခံပြည်သူများ၏ စိတ်ရင်းမှာ အေးအေးချမ်းချမ်း ရှာဖွေလုပ်ကိုင်စားသောက် နေထိုင်နိုင်ရေးဖြစ်သည်။ ထမင်းတစ်ဝမ်းကို မပူမပင် ရှာဖွေ စားသောက်လုပ်ကိုင်နိုင်ရေးဖြစ်သည်။ သို့သော် နိုင်ငံရေးသမား၊ အဟောင်း/အသစ်များ၊ ထိုမှ ပေါ်ထွက်လာသည့် နိုင်ငံရေးပါတီကြီးသည်ပြည်သူများအား အစွဲမျက်မှန်တပ်ပေးရေးကို ၁၉၈၈ ခုနှစ် ဆူပူလှုပ်ရှားမှုကာလမှ ယနေ့ကာလအထိ တစိုက်မတ်မတ်လုပ်ဆောင်ခဲ့သည်။ အာဏာရှင် ဆန့်ကျင်ရေး၊ အနိုင်ကျင့်ဖိနှိပ်မှု တွန်းလှန်ရေးအတွေးများကို ပြည်သူများအား ရိုက်သွင်းပေးခဲ့သည်။ ဒီမိုကရေစီကို မျက်နှာဖုံးစွပ်ပြီး အာဏာတည်ဆောက်ရေးကို ကြိုးပမ်းအားထုတ်ခဲ့သည်။ အမုန်းဇာတ်ခင်းကာ ပြည်သူများ၏ ထောက်ခံအားပေးမှုကို ရယူခဲ့သည်။

### အရောင်ဆိုးခံထားရသောအစွဲ

ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးအပြောင်းအလဲနှင့် လက်ရှိဖြစ်ပေါ်နေသော တိုင်းပြည်အခြေအနေတို့အပေါ် ပြင်ပမှ ဝေဖန်သူများက အဖြစ်မှန်ကို သေချာစွာလေ့လာကြည့်ရှုခြင်းမပြုဘဲ တပ်ပြီးသား အစွဲမျက်မှန်ဖြင့် ရှုမြင်၍ တရားသေ၊ တစ်ဖက်သတ် စွပ်စွဲပြောဆို နေကြသည်။ ပါတီကြီးအာဏာ ပြန်ရရေးကိုသာမြင်ပြီး ဥပဒေရှုထောင့်မှမမြင်ဘဲ "တောင်းတာ ဒီမိုကရေစီ၊ ပေးတာကျည်ဆန်"ဟု တောင်စဉ်ရေမရ ပရမ်းပတာပြောဆိုနေကြသည်။ ဖြစ်ချင်နေသည်၊ မြင်ချင်နေသည်တို့ကိုသာ ဇွတ်အတင်းပုံဖော်နေကြသည်။ ဆူပူအကြမ်းဖက် တိုက်ခိုက်မှုများ၊ မင်းမဲ့စရိုက်ဆန်စွာလုပ်ဆောင်မှုများ၊ မြို့ရွာများရှိ လမ်းများပေါ်တွင် အတားအဆီးများပြုလုပ်ကာ လုံခြုံရေးတပ်ဖွဲ့များအား ပြန်လည်တိုက်ခိုက်ကြသည့် လုပ်ဆောင်မှုများကို "လုံခြုံရေး တပ်ဖွဲ့များက အပြစ်မဲ့ပြည်သူတွေကို မတရား လုပ်နေပါတယ်"ဟူ၍ ဗီဒီယိုရိုက်ယူကြကာ လူမှုကွန်ရက်ပေါ်တွင် မျှဝေနေကြသည်မှာ အရောင်ဆိုးခံထားရသော အစွဲဖြင့် လုပ်ကိုင်နေကြခြင်းသာ ဖြစ်သည်။

ပြည်သူများအနေဖြင့် အစွဲမျက်မှန်တပ်ဆင်ရှုမြင်ကာ စိတ်ခံစားချက်ဖြင့် ဥပဒေဘောင် အပြင်ဘက်သို့ ရောက်မှန်းမသိရောက်နေကြခြင်း ဖြစ်သည်။ ထို့ကြောင့် လက်ရှိ ပကတိဖြစ်ပျက်နေသည်များကို တစ်ထိုင်တည်း ဆုံးဖြတ်ချက်မချဘဲ ဓမ္မဓိဋ္ဌာန်ကျကျ မှန်မှန်ကန်ကန်ရှုမြင်ပြီးမှ

*စာမျက်နှာ ၂၄ သို့*

**"သွေးထိုးလှုံ့ဆော် မြှောက်ပင့်ပေးနေသူများသည် ထိပ်တိုက်တွေ့ဆုံသည့်ရှေ့တန်းတွင် မရှိပါ။ ပြည်ပနိုင်ငံများမှလည်းကောင်း၊ လုံခြုံသည့်နေအိမ် နေရာများမှလည်းကောင်း ဖန်တီးနေကြခြင်းဖြစ်သည်ကို မြင်အောင်ကြည့်ဖို့ လိုမည်ဖြစ်သည်။ လူငယ်များအနေဖြင့် ထိပ်တိုက်တွေ့ဆုံကြ၍ ရှေ့တန်းတွင် အသက်သေဆုံး၊ ထိခိုက်ဒဏ်ရာရမှုများရှိနေခြင်းသည် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများ၊ ကြိုတင်အစွဲကပ်အောင် လုပ်ဆောင်မှုများကြောင့်ဖြစ်သည်။ လူငယ်လူရွယ်များ လမ်းမများပေါ်သို့ထွက်ကာ ထိပ်တိုက်တွေ့အောင် ဖန်တီးပေးနေသူများအား အပြစ်တင်ရမည့်အစား တည်ဆဲအစိုးရအပေါ်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်တင်မှုများ၊ အမုန်းပွားမှုများ ဖြစ်နေသည်မှာ မိမိတို့တွင် တစ်စုံတစ်ရာ အစွဲကပ်နေမှုကြောင့်ဖြစ်သည်ကို သတိပြုမိရန် လိုပါသည်။ ထိုအစွဲကို ခွာချရန် အရေးကြီးပါသည်"**

# ဗန်းမော်မြို့နယ်၌ သွားလာရေးအဆင်ပြေစေရန် ကျေးရွာချင်းဆက် မဲဇာချောင်းကူးတံတားတစ်စင်း တည်ဆောက်



**ဗန်းမော် မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမော်မြို့နယ်တွင် သွားလာရေး အဆင်ပြေစေရန် နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အာစီစီကွန်ကရစ်တံတားတစ်စင်း တည်ဆောက်နေကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၁၄ ဒသမ ၅၅ သန်းဖြင့် မဲဇာချောင်း အရှည်ပေ ၁၅၀၊ အကျယ် ၁၈ ပေ၊ အမြင့် ၂၅ ပေ ကမ်းကပ်ခုံပါ ကွန်ကရစ်တံတားကို တင်ဒါအောင်ကုမ္ပဏီက တည်ဆောက်နေပြီး ကွန်ကရစ်တံတားဆောက်လုပ်ရာ ဦးအောင်ထွန်းမြင့်(ဗန်းမော်မြို့နယ်လုပ်ငန်း ကြီးကြပ်မှူး တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး)၏ ညွှန်ကြားမှုဖြင့် တာဝန်ခံ ဦးသန်းမင်းဇော်က ကြီးကြပ်ပြီး တံတားဆောက်လုပ်ရေးလုပ်ငန်းတာဝန်ခံ ဦးညွန့်ရွှေနှင့် ဦးခင်မောင်စိုးတို့ ဦးစီး၍ လုပ်သားများနှင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၉ ရက်က စတင်တည်ဆောက်ကြောင်း သိရသည်။

အဆိုပါ တံတားဆောက်လုပ်ပြီးစီးပါက ဗန်းမော်မြို့နယ် အနီး ပတ်ဝန်းကျင်ကျေးရွာဒေသများပါမကျန် လူ၊ ဆိုင်ကယ် တန်၂၀ အထိ တင်ဆောင်နိုင်သော မော်တော်ယာဉ်များဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်မှု အဆင်ပြေချောမွေ့မည်ဖြစ်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးများ လွယ်ကူတော့မည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဆွေ (မော်လူး)**

## ကျွန်းလှမြို့နယ်၌ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

**ကျွန်းလှ မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်အတွင်း မီးဘေးကာကွယ်ရေးအတွက် အရေးပေါ် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းကို မတ် ၁၈ ရက် ညနေပိုင်းက မြို့နယ် စုပေါင်းရုံးဝင်းအတွင်း၌ ပြုလုပ်ခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြုနည်းနှင့် မီးငြိမ်းသတ်နည်းများကို မြို့နယ်စုပေါင်းရုံးအတွင်းရှိ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများအား လက်တွေ့သရုပ်ပြ၍ ရှင်းလင်းပြသခြင်းဖြစ်ပြီး ဝန်ထမ်းများကလည်း လက်တွေ့ မီးငြိမ်းသတ်မှုများကို ဆောင်ရွက်ကြသည်။

အဆိုပါ မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ငဖဲမြို့နယ်၌ (၃၈)ဖြာမင်္ဂလာ တရားတော်များ စာဖတ်ဝိုင်း၊ ပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ငဖဲ မတ် ၂၀**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ် စာအုပ်စာပေ ချစ်မြတ်နိုးသူများအသင်း(Book Club)တို့ ပူးပေါင်း၍ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန်နှင့် လိမ္မာယဉ်ကျေးပြီး မင်္ဂလာတရားတော်နှင့်အညီ လိုက်နာ နေထိုင်တတ်စေရန် ရည်ရွယ်လျက် ၃၈ ဖြာ မင်္ဂလာ တရားတော်များဆိုင်ရာ စာဖတ်ဝိုင်း၊ ပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့က မြို့နယ်ပြန်/ဆက်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်ယုယုသိန်းက စာဖတ်ဝိုင်းနှင့် ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ် စာအုပ်စာပေချစ်မြတ်နိုးသူများအသင်း ဥက္ကဋ္ဌ ဦးသန်းဦးက မင်္ဂလသုတ်အကြောင်း၊ မင်္ဂလာတရားတော် ပေါ်ပေါက်လာပုံနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြား၍ ၃၈ ဖြာမင်္ဂလာ တရားတော်များ စာဖတ်ဝိုင်းကို ကျင်းပခဲ့သည်။ ထို့နောက် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦး၏ မင်္ဂလာတရားတော်ဆိုင်ရာပြိုင်ပွဲကို ကျင်းပပေးပြီးနောက် ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများပေးအပ်ချီးမြှင့်သည်။ **မယု(ငဖဲ)**



*စာမျက်နှာ ၂၃ မှ*

**လုပ်ကိုင်ဆောင်ရွက်ကြဖို့ လိုအပ်ပါသည်။ တပ်မတော်ကို အဆိုးဝါဒဖြင့် ရှုမြင်ရန်မသင့်ပေ။ တပ်မတော်အနေဖြင့် မဲမသမာမှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ပြီး အာဏာရယူရေး ဆောင်ရွက်မှုများကြောင့် မလွှဲမရှောင်သာ နိုင်ငံ့တာဝန်ရယူပြီး ဒီမိုကရေစီလမ်းကြောင်းကို တည့်မတ်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။**

**ဒီမိုကရေစီမှသွေဖည်မည်မဟုတ်**

နိုင်ငံတော်၏ လိုအပ်ချက်အရ အရေးပေါ်အခြေအနေ ကြေညာခဲ့ရသော်လည်း ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်သွားမည်မဟုတ်ကြောင်း အကြိမ်ကြိမ်ပြောကြားထားပြီး ဖြစ်သည်။ နိုင်ငံရေးပါတီကြီးသည်သာ ဒီမိုကရေစီလမ်းကြောင်း အတိုင်းမသွားဘဲ အာဏာရှင်လမ်းကြောင်းသို့ သွားနေသဖြင့် ပြန်လည်တည့်မတ်ပေးနေခြင်း ဖြစ်သည်။ အစွဲမျက်မှန်မတပ်ဘဲ သေချာစွာ မြင်အောင်ကြည့်လျှင် မြင်နိုင်ပါသည်။ ရိုးသားစွာ နေထိုင်ခဲ့ကြသည့် ပြည်သူများမှာ အပြစ်မရှိပါ။ အချိန်ကာလရှည်ကြာစွာ ပြည်သူများအား အစွဲမျက်မှန်တပ်ပေးရေး ကြိုတင်စီမံဆောင်ရွက်ခဲ့သဖြင့် ပြည်သူများကိုတပ်ပေးခဲ့သော အစွဲမျက်မှန်ကို ပြန်လည်ချွတ်ယူရန် အတော်ခက်ခက်ခဲခဲ လုပ်ယူနေရပါသည်။

**ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုများကို အင်အားသုံးကာ ပိတ်ပင်တားဆီးခြင်းမရှိပေ။ အရေးပေါ်ကာလဖြစ်၍ လုံခြုံရေးတပ်ဖွဲ့များက မေတ္တာရပ်ခံ နားလည်သဘောပေါက်အောင် ပြောကြားပေးနေသည်ကို ပြည်သူများ၏ ဗီဒီယိုမှတ်တမ်းများကို ပြန်ကြည့်လျှင် တွေ့နိုင်ပါသည်။ ဆူပူအကြမ်းဖက်မှုများ၊ လုယက်ဖျက်ဆီးမှုများ၊ မင်းမဲ့စရိုက်ဆန်စွာ လုပ်ဆောင်မှုများ၊ လက်နက်စွဲကိုင် အကြမ်းဖက်တိုက်ခိုက်မှုများကိုသာ အသက်သာဆုံးနည်းလမ်း၊ အင်အားအနည်းဆုံး ထိန်းသိမ်းမှုများဖြင့်သာ လုပ်ဆောင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အပြစ်မရှိသော၊ ရောနှောလိုက်ပါလာကြသော ကလေးသူငယ်များ၊ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအား ခေတ္တထိန်းသိမ်းထားရာမှ မိဘရင်ခွင်သို့ စနစ်တကျ ပြန်လည်လွှတ်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။**

**ပြည်သူများအား ကာကွယ်ပေးနေ**

တပ်မတော်အနေဖြင့် မင်းမဲ့စရိုက်ဆန်စွာ ဆူပူအကြမ်းဖက်၊ မီးရှို့ဖျက်ဆီးသူများ၊ ပြည်သူများအပေါ် အကြောင်းမဲ့ စွပ်စွဲတိုက်ခိုက်နေသူများ၊ လက်နက်စွဲကိုင် ရန်ပြုသူများအား တားဆီးနှိမ်နင်းနေခြင်းဖြစ်သည်။ မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်တိုက်ခိုက်မှုများအား မည်သည့်နိုင်ငံမှ အားပေးထောက်ခံခြင်းမရှိပေ။ နိုင်ငံတကာတွင် ဖြစ်ပွားခဲ့သော မင်းမဲ့စရိုက်ဆူပူမှုများကို နိုင်ငံအစိုးရတိုင်းက ထိရောက်စွာ နှိမ်နင်းခဲ့ကြသည်ချည်းသာ ဖြစ်သည်။ မြန်မာနိုင်ငံတွင် အကြမ်းဖက်ဆူပူမှု နှိမ်နင်းရေးကို နိုင်ငံတကာစံနှုန်းများထက် လျော့နည်းစွာ ဆောင်ရွက်လျက်ရှိသဖြင့် ပျော့ညံ့သည်ဟုပင် ပြောဆိုမှုများ ရှိနေသည်ကို ကြားသိနေရသည်။

**သွေးထိုးလှုံ့ဆော် မြှောက်ပင့်ပေးနေသူများသည် ထိပ်တိုက်တွေ့ဆုံသည့်ရှေ့တန်းတွင် မရှိပါ။ ပြည်ပနိုင်ငံများမှလည်းကောင်း၊ လုံခြုံသည့်နေအိမ်နေရာများမှလည်းကောင်း ဖန်တီးနေကြခြင်းဖြစ်သည်ကို မြင်အောင်ကြည့်ဖို့ လိုမည်ဖြစ်သည်။ လူငယ်များအနေဖြင့် ထိပ်တိုက်တွေ့ဆုံကြ၍ ရှေ့တန်းတွင် အသက်သေဆုံး၊ ထိခိုက်ဒဏ်ရာရမှုများ ရှိနေခြင်းသည် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများ၊ ကြိုတင် အစွဲကပ်အောင် လုပ်ဆောင်မှုများကြောင့်ဖြစ်သည်။ လူငယ်လူရွယ်များ လမ်းမများပေါ်သို့ထွက်ကာ ထိပ်တိုက်တွေ့အောင် ဖန်တီးပေးနေသူများအား အပြစ်တင်ရမည့်အစား တည်ဆဲအစိုးရအပေါ်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်တင်မှုများ၊ အမုန်းပွားမှုများ ဖြစ်နေသည်မှာ မိမိတို့တွင် တစ်စုံတစ်ရာ အစွဲကပ်နေမှုကြောင့်ဖြစ်သည်ကို သတိပြုမိရန် လိုပါသည်။ ထိုအစွဲကို ခွာချရန် အရေးကြီးပါသည်။**

ထို့ကြောင့် မိဘပြည်သူ ဆွေမျိုးအသိုက်အဝန်းများအနေဖြင့် စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ပေါ်နေမှုများ အေးငြိမ်းစေရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာရေးအတွက် မိမိတို့စိတ်တွင် ဖြစ်ပေါ်နေသော ဒေါသ၊ မောဟများနှင့် စိတ်ခံစားချက်များအား တတ်နိုင်သမျှလျှော့ချကာ လက်ရှိပကတိ ဖြစ်ပေါ်နေသော အမှန်တရားများကို အစွဲမျက်မှန်ကိုချွတ်ပြီး ရှာဖွေကြစေလိုပါကြောင်း။ ။

*စာမျက်နှာ ၂၂ မှ*

ဆူပူအုံကြွမှုတွေ ပိုမိုကြီးထွားလာအောင်၊ အဖျက်အမှောင့်လုပ်ငန်းတွေ ပိုမိုလုပ်ကိုင်လာအောင်၊ ပြည်သူတွေအချင်းချင်း မေတ္တာတရားကင်းမဲ့ပြီး ရန်ပြုတိုက်ခိုက်ချင်အောင်၊ တွေးခေါ်မြော်မြင်နိုင်စွမ်းတွေ ကျဆင်းလာပြီး မဟုတ်တာကို အဟုတ်ထင်အောင်၊ ယုံကြည်အောင် လှုံ့ဆော်လာကြပါတယ်။

ပြင်ပမှ ဝေဖန်သူတွေကလည်း အဖြစ်မှန်ကို သေချာမလေ့လာဘဲ သို့မဟုတ် မြင်ချင်တဲ့အပိုင်းကိုသာမြင်ပြီး ဒီမိုကရေစီတောင်းခံနေတဲ့သူတွေကို အကြမ်းဖက်ချေမှုန်းတယ်လို့ ထင်ရာမြင်ရာ စွပ်စွဲဝေဖန်ကြပါတယ်။ တိုက်ခိုက်ကြပါတယ်။ ဖြစ်နိုင်ခြေရှိတယ်ဆိုတဲ့ အချက်တစ်ခုနဲ့ အမှန်တရားလို့ ဆုံးဖြတ်ကြပါတယ်။ အတွေ့အကြုံ၊ ထင်မြင်ချက်နဲ့ ကိုယ်တိုင်မေးခွန်းထုတ်၊ ကိုယ်တိုင်အဖြေပေး မကျေနပ်စရာ အဖြေထွက်တော့ နိုင်ငံကို မငြိမ်သက်အောင် တိုင်းပြည် ပျက်စီးရာ ပျက်စီးကြောင်းကို ရွေးချယ်လုပ်ဆောင်ကြပါတယ်။

လူတစ်ဦးရဲ့ တွေးခေါ်မြော်မြင်နိုင်စွမ်း လျော့နည်းမှု၊ မဟုတ်သည်ကို အဟုတ်ထင် ယုံကြည်မှုတို့ဟာ သူတစ်ယောက်တည်းကိုသာ လောင်မြိုက်စေတာမဟုတ်ပါဘူး။ သူနဲ့ ဆက်စပ်ပတ်သက်နေတဲ့ လူ့အဖွဲ့အစည်း၊ နိုင်ငံကိုလည်း ဆင်းရဲဒုက္ခခံစားရစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် မကောင်းတာတွေ မဖြစ်ရအောင် မြတ်ဗုဒ္ဓရဲ့ ကာလာမသုတ္တန်အတိုင်း ဝေဖန်ပိုင်းခြား အမှားကင်းနိုင်ကြပြီး လိုက်နာကျင့်သုံးသူမှန်သမျှ ကောင်းကျိုးချမ်းသာသုခတွေ ရရှိနိုင်ကြပါစေကြောင်း ဆုမွန်တောင်းလိုက်ရပါတယ်။ ။

# လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များအား ဆန်၊ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်

**နေပြည်တော် မတ် ၂၀**

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် ၄ မျိုးနှင့် COVID-19 ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာ ရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။ ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၊ ရေတာရှည်မြို့၊ ညောင်လေးပင်မြို့နှင့် ပြည်မြို့တို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် ၄ မျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများအတွက် အလှူရှင်များက Cevit အလုံး(၁၀၀)ဝင် ဘူး ၄၀၀၀ အတွက် တန်ဖိုးငွေကျပ်သိန်း ၆၀ ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာခန်းမ၌ လာရောက်ပေးအပ်ရာ တိုင်းမှူးဗိုလ်ချုပ်ညွန့်ဝင်းဆွေက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့်သူနာပြုများက သွားရောက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံ့ဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့်သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့်ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံရှိ ဆရာဝန်များနှင့် သူနာပြုများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းမရှိဘဲ တာဝန်များ ပျက်ကွက်လျက်ရှိပြီး ဒေသခံပြည်သူများက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ အကူအညီတောင်းခံလာခဲ့သည်။ ထို့ကြောင့် ယနေ့တွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မှ တပ်မတော်သားဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့အား အဆိုပါဆေးရုံသို့ စေလွှတ်ခဲ့ရာ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူအင်အား ၅၀၀ ခန့်က လှိုက်လှဲစွာကြိုဆိုခဲ့ကြကြောင်း သိရှိရသည်။

ထို့ပြင် ဝဲလောင်တိုက်နယ်ဆေးရုံအတွက် တောင်သာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဆေးရုံအတွက် လိုအပ်သော ဆေးဝါးနှင့်ဆေးကုသရေး အထောက်အကူပြုပစ္စည်းများ ဝယ်ယူရန်အတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် ကျောက်ပန်းတောင်းတပ်နယ်မှ တာဝန်ရှိသူများက စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ ဆေးရုံမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မတ် ၂၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၈၃၆၄၈ ဦး၊ အတွင်းလူနာ ၄၀၀၁ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ယာယီအရေးပေါ်ကုသရေးဆေးရုံနှင့်တပ်မတော်ဆေးရုံများတွင် လူနာများအား ကုသပေးစဉ်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၈၇၄ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၂၀၆၅ ဦး စုစုပေါင်း ၅၉၃၉ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၁၄၂ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၃၁၈၄ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၅၃၂၆ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ထို့ပြင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် မျက်စိရောဂါဖြင့် လာရောက်ဆေးကုသမှုခံယူလျက် ရှိသော ဒေသခံတိုင်းရင်းသားပြည်သူများကို မျက်စိစမ်းသပ်ကုသပေးနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ မျက်စိခွဲစိတ်ကုသမှုခံယူခဲ့သည့် အတွင်းတိမ်မျက်စိလူနာများအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက ယနေ့တွင် သွားရောက်ကြည့်ရှုပြီး ဆေးမျက်မှန်များ တပ်ဆင်ပေးကာ ထောက်ပံ့ငွေများ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

၎င်းအပြင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံတွင် လာရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် ဒေသခံပြည်သူများ သွေးလိုအပ်မှုမရှိစေရေးအတွက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများက စုပေါင်းသွေးလှူဒါန်းပေးခဲ့ကြောင်း သိရှိရသည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို သက်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရေထုညစ်ညမ်းမှုကို ကာကွယ်လို့ ရေသယံဇာတကို ထိန်းသိမ်းစို့

## ကိုကျော်စွာ(ကျိုက်ပိ)

မြန်မာနိုင်ငံတွင် မြေပေါ်မြေအောက် သဘာဝသယံဇာတများ များစွာရှိသည့်အနက် ရေချိုသယံဇာတသည်လည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။ မြစ်၊ ချောင်း၊ အင်းအိုင်များ အလွန်ပေါများသလို ရေချိုလည်း အလွန်များပြားလှပြီး သင်္ကြန်ကာလတွင် ရေချိုဖြင့် ရေပက်သည်အထိ ရေချိုပေါများလှသည့် နိုင်ငံဖြစ်သည်။

ရေသည် စာရေးသူတို့၏ ကမ္ဘာကြီးနှင့် လူတို့အတွက် မရှိမဖြစ်လိုအပ်သော သယံဇာတတစ်ခုပင်ဖြစ်သည်။ "ထမင်းအသက် ခုနစ်ရက် ရေအသက် တစ်မနက်"ဟု ရှေးဆိုရိုးစကားအရ ထမင်းမစားရလျှင် ခုနစ်ရက် အသက်ရှင်နိုင်သော်လည်း ရေမသောက်ရပါမူ တစ်မနက်လောက်သာ အသက်ရှင်နိုင်လိမ့်မည်ဟု ဆိုဟန်ရှိသည်။ ရေသည် ဤမျှအထိ လူသားတို့အတွက် အရေးပါလှသည်။ ထို့ကြောင့် ရေထုညစ်ညမ်းမှုများ မဖြစ်ရအောင်လည်း လူသားတိုင်းက ကာကွယ်ဖို့ လိုပါသည်။

ကမ္ဘာပေါ်ရှိ မြေထုဧရိယာနှင့် ရေထုဧရိယာတွင် ရေထုဧရိယာက ပိုများသည်။ ရေသည် ကမ္ဘာမြေကြီး၏ လေးပုံသုံးပုံကို ဖုံးလွှမ်းနေသော်လည်း သောက်သုံးနိုင်သော ရေချိုမှာမူ အနည်းငယ်သာရှိသည်။ ကမ္ဘာ့ရေထု၏ ၉၇ ရာခိုင်နှုန်းသည် ပင်လယ်သမုဒ္ဒရာထဲမှ ဆားငန်ရေများဖြစ်ပြီး ရေချိုသည် ၃ ရာခိုင်နှုန်းသာရှိသည်ဟု သိရသည်။

ယနေ့ ကမ္ဘာပေါ်တွင် လူဦးရေသည် အဆမတန် တိုးပွားလျက်ရှိသည်။ လူဦးရေ တိုးပွားလာသည်နှင့် အမျှ စားနပ်ရိက္ခာကို ပြည့်စုံအောင် ထုတ်လုပ်ပေးနိုင်ရန် လိုအပ်လာသည်။ စားနပ်ရိက္ခာများ ထုတ်လုပ်ရာတွင်လည်း ရေကို လိုအပ်ပေသည်။

အချို့ဒေသနှင့် နိုင်ငံများတွင် စားနပ်ရိက္ခာသည် စိုက်ပျိုးရေးထုတ်ကုန်များဖြစ်သည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်၍ စားနပ်ရိက္ခာသည် စိုက်ပျိုးရေးကို အခြေခံထားသည်ဟု ဆိုနိုင်သည်။ လူသားတို့အတွက် သောက်ရေ၊ သုံးရေကိုသာမက စိုက်ပျိုးရေးနှင့် အခြားသောနေရာများတွင် အသုံးပြုနိုင်ရန်လည်း ရေကောင်းရေသန့်များ လိုအပ်ပေသည်။

လူသားများနှင့် သက်ရှိများ အသက်ရှင်သန်ရေးအတွက် ရေကောင်းရေသန့် ရရှိရေးသည် အလွန်အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်ပြီး ရေထုညစ်ညမ်းပါက ရောဂါဘယများ ထူပြောကာ အန္တရာယ်များ ကျရောက်လာနိုင်သည်။ ရေထုညစ်ညမ်းရသည့် အကြောင်းရင်းများ များစွာရှိသည်ကို ဒေါက်တာအာလော၏ "ကျွန်ုပ်တို့အတွက် လေနှင့် ရေ"ဟူသော စာအုပ်ကို အနည်းငယ်မျှ ကိုးကားဖော်ပြချင်ပါသည်။ ယင်းစာအုပ်တွင် ရေထုညစ်ညမ်းရသည့် အကြောင်းရင်း လေးမျိုးရှိသည်ဟု ဆိုထားသည်။

(၁)သဘာဝအလျောက် ညစ်ညမ်းခြင်း၊ (၂)အပူကြောင့်ညစ်ညမ်းခြင်း၊ (၃)မိလ္လာရည်ကြောင့် ညစ်ညမ်းခြင်း၊ (၄)စက်မှုလုပ်ငန်းများကြောင့် ညစ်ညမ်းခြင်းတို့ ဖြစ်သည်။ စာရေးသူအနေဖြင့် (၅)လူတို့စွန့်ပစ်သော အမှိုက်သရိုက်များကြောင့် ရေထုညစ်ညမ်းခြင်း ဟူသောအချက်ကို ထပ်မံဖြည့်စွက်ချင်သည်။

**(၁)သဘာဝအလျောက် ရေထုညစ်ညမ်းခြင်း**

လူတို့ပြုလုပ်ထားခြင်းကြောင့် မဟုတ်သော သဘာဝအလျောက်ဖြစ်ပေါ်လာသည့် ရေထုညစ်ညမ်းမှုကို ဆိုလိုခြင်းဖြစ်သည်။ သဘာဝ အညစ်အကြေးဆိုသည်မှာ သက်ရှိသတ္တဝါတို့၏ ခန္ဓာကိုယ်များမှ အလိုအလျောက်ဖြစ်လာသော အညစ်အကြေးများနှင့် အပင်များမှ အရွက်များ အပါအဝင် ထွက်ရှိလာသော အမှိုက်သရိုက် အညစ်အကြေးများသည် မြစ်၊ ချောင်း၊ အင်းအိုင်များထဲသို့ ရောက်ရှိသွားပြီး ရေထုကို ညစ်ညမ်းစေခြင်း ဖြစ်သည်။



စက်ရုံတစ်ရုံမှ ရေဆိုးများကို မြစ်အတွင်းသို့ စွန့်ပစ်နေပုံ။ ဓာတ်ပုံ (www.nrdc.org)

ယနေ့ အဘက်ဘက်မှ တိုးတက်လာသော ခေတ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသော လုပ်ငန်းများကို ပိုမိုကောင်းမွန်စေရန် နည်းပညာများကို အသုံးပြုလာကြသည်။ ဥပမာအားဖြင့် စိုက်ပျိုးရေးတွင် အသီးအနှံနှင့် အပင်များ ကြီးထွားဖွံ့ဖြိုးစေရန် အတွက် ဓာတုဆေးများ၊ ဖျက်ပိုးများကို နှိမ်နင်းရန်အတွက် ပိုးသတ်ဆေးများ၊ ပေါင်းမြက်များ သေစေရန်အတွက် ပေါင်းသတ်ဆေးများ စသည့် ဆေးမျိုးစုံကို တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိသည်။ ထိုဆေးများသည် တစ်နည်းအားဖြင့် လူသားများနှင့် အခြားသောသက်ရှိတို့အတွက် အဆိပ်ဖြစ်သည်။

ထိုဆေးများသည် ကမ္ဘာ့မြေထု၏ နေရာ အနှံ့အပြားတွင် ရှိနေသည်။ မိုးရေအပါအဝင် အခြားရေများသည် ကမ္ဘာ့မြေထုပေါ်ရှိ သက်ရှိတို့၏ အညစ်အကြေးများကိုဖြစ်စေ၊ လူကို အန္တရာယ်ဖြစ်စေနိုင်သော ဓာတ်သတ္တုများပေါ်ဖြစ်စေ၊ အထက်တွင် ဖော်ပြခဲ့သော ဓာတုဆေးများကိုဖြစ်စေ ဖြတ်သန်းစီးဆင်းသွားပြီး မြစ်၊ ချောင်း၊ အင်း၊ အိုင်များထဲသို့ စီးဆင်းသယ်ယူသွားခြင်းဖြင့်လည်း ရေထုကို ညစ်ညမ်းစေသည်။ မိုးရေကိုထိန်းသိမ်းထားသော သစ်တော သစ်ပင်များကို စည်းကမ်းမဲ့စွာ ခုတ်လှဲခြင်းကြောင့် မြေပေါ်တွင် စီးဆင်းသွားသော ရေပမာဏသည် တိုးလာပြီး ညစ်ညမ်းနေသောရေများသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်းသို့ ပို၍ ရောက်ရှိသွားကြသည်။

**(၂)အပူကြောင့် ရေထုညစ်ညမ်းခြင်း**

အချို့သော စက်ရုံများမှ အပူချိန်မြင့်မားသော ရေများကို သောက်ရေသုံးရေပေးရာ မြစ်ချောင်းများအတွင်းသို့ စွန့်ပစ်ကြသည့်အခါ ရေထု၏ သဘာဝညီညွတ်မှုကို ပြောင်းလဲသွားစေသည်။ အပူကြောင့် ရေညစ်ညမ်းမှုဖြစ်ပေါ်ရာတွင် အကြီးမားဆုံးသော အန္တရာယ်တစ်ခုမှာ ရေထု၏ ပင်ကိုရုပ်သတ္တိများ ပြောင်းလဲသွားခြင်း ဖြစ်သည်။ ရေပူသည် ရေအေးလောက် ဓာတ်ငွေ့များကို ထိန်းသိမ်းနိုင်စွမ်း မရှိသဖြင့် ရေထဲတွင် အောက်ဆီဂျင်ကို ထိန်းသိမ်းမှုနည်းသွားသည်။ အောက်ဆီဂျင်မရှိပါက သက်ရှိတို့ အသက်မရှင်နိုင်ပေ။ ထို့ကြောင့် ရေထု၏ အပူချိန်များပြီး ရေထဲတွင် အောက်ဆီဂျင် နည်းလေလေ ရေသတ္တဝါတို့ အသက်ရှင်နိုင်မှု နည်းလေလေ ဖြစ်သည်။ တစ်ဖန် ထိုသတ္တဝါအသေများကပင် ရေထုကို ထပ်၍ ညစ်ညမ်းစေပြန်ပါသည်။ ထိုသတ္တဝါ အသေများကြောင့် ညစ်ညမ်းနေသော ရေကို လူတို့လည်း သောက်သုံး၍ မရပေ။ ယင်းမှာ အပူကိုအခြေခံ၍ ဖြစ်ပေါ်လာသော ရေထုညစ်ညမ်းမှုပင် ဖြစ်သည်။

**(၃)မိလ္လာကြောင့် ရေထုညစ်ညမ်းခြင်း**

ရေထုညစ်ညမ်းရသည့် အခြားအကြောင်းတစ်ခုမှာ မိလ္လာကြောင့် ဖြစ်သည်။ မိလ္လာရည်သည်လည်း ရေထုအတွင်းရောက်ရှိပါက ရေထုကို ညစ်ညမ်းစေသည်။ ထို့ကြောင့် အိမ်သာများဆောက်ပါက မြစ်၊ ချောင်း၊ ရေတွင်းရေကန်များနှင့် အနည်းဆုံး ပေ ၅၀ အကွာတွင် ဆောက်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ သို့ရာတွင် လူအချို့မှာ အလွယ်တကူပင် မြစ်ကမ်းဘေး၊ ချောင်းနံဘေးများတွင် အိမ်သာများ ဆောက်တတ်ကြသည်။

မိလ္လာဟုဆိုရာတွင် နေအိမ်မိလ္လာပိုက်လိုင်းထဲသို့ စွန့်ပစ်လိုက်သောအရာမှန်သမျှ ပါဝင်သည်။ ကျင်ကြီး ကျင်ငယ် စသည့် အညစ်အကြေးအပြင် ရေချိုးကန်၊ ရေဆေးခွက်နှင့် အဝတ်လျှော်စက်တို့မှ ရေတို့လည်း ပါဝင်သည်။ မိလ္လာချေးချွတ်ဆေးများ၊ ဆပ်ပြာရည်များလည်း ပါဝင်သည်။ ထိုအညစ်အကြေးများသည် ရေထုကို အလွန်ဆိုးရွားစွာ ပျက်စီးစေပြီး ကျန်းမာရေးကိုလည်း များစွာ ထိခိုက်စေနိုင်သည်။

၁၉၅၃ ခုနှစ်က ကနေဒါနိုင်ငံ အက်ဒမန်တန်မြို့၌ လူအများအပြား ပိုလီယိုရောဂါ ဖြစ်ပွားခဲ့ရာ ထိုရောဂါသည် အက်ဒမန်တန်မြို့သို့ သောက်ရေပေးသော ဆက်စကက်ချီဝမ်မြစ်ထဲရှိ လူအညစ်အကြေးများကြောင့် ဖြစ်ပေါ်ရကြောင်း ဆရာဝန်များက တွေ့ရှိခဲ့သည်ဟု ဆိုကြပါသည်။ မိမိတို့နိုင်ငံအနေဖြင့် အထူးသတိပြုရမည့်အချက်ပင်ဖြစ်သည်။

**(၄)စက်မှုလုပ်ငန်းများကြောင့် ရေထုညစ်ညမ်းခြင်း**

ယနေ့ကမ္ဘာကြီးသည် စက်မှုခေတ်သို့ တိုးတက်ပြောင်းလဲလျက်ရှိရာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အလုပ် ပိုမိုတွင်ကျယ်စေရန် စက်ယန္တရားများ အသုံးပြုလာကြသည်။ ရေဝတီတိုင်းဒေသကြီးသည် မြစ်၊ ချောင်း အလွန်ပေါများသောဒေသဖြစ်သည့်အလျောက် ရေထုညစ်ညမ်းမှုလည်း အများဆုံး ဖြစ်နိုင်သည်ဟု ယူဆနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ဆန်စပါးအထွက်များသော ဒေသဖြစ်၍ ဆန်စက်အများအပြား ရှိနေသောကြောင့်ဖြစ်သည်။ ဆန်စက် အများစုသည် မြစ်ချောင်းများဘေးတွင်ရှိပြီး ထိုဆန်စက်များသည် စက်ဖွဲပြာများနှင့် ရေဆိုးများကို မြစ်ချောင်းများအတွင်းသို့သာ စွန့်ပစ်လေ့ရှိကြသည်။ အချို့သော ချောင်းရေများသည် စက်ဖွဲပြာများ ရောနှောနေသောကြောင့် သောက်ရေအဖြစ်မဆိုနှင့်၊ သုံးရေအဖြစ်တောင် မသုံးသင့်ပေ။

ထို့အပြင် အချို့ စက္ကူစက်ရုံလို နေရာမျိုးမှ စွန့်ပစ်လိုက်သော သစ်သားအပိုင်းအစများ၊ အထည်စက်ရုံများမှ ပိတ်အပိုင်းအစများ၊ စည်သွပ်စက်ရုံလို နေရာမျိုးမှ အစားအစာများ စသည့် စက်ရုံထွက် စွန့်ပစ်ပစ္စည်းများသည် ရေထုအတွင်းရောက်ရှိလျှင် ရေထုညစ်ညမ်းမှုကို ဖြစ်စေသည်။ ဓာတ်မြေဩဇာစက်ရုံများမှ နိုက်ထရိတ်များ၊ သတ္တုစက်ရုံမှ သတ္တုအပိုင်းအစများနှင့် သံမဏိစက်ရုံများမှ အမှုန်များ၊ စက်ဆီများသည်လည်း စက်မှုလုပ်ငန်းများကြောင့် ရေထုညစ်ညမ်းရမှုများပင် ဖြစ်သည်။ ဒေါက်တာအာလော၏ စာအုပ်တွင် ကလေးငယ်တစ်ဦးသည် နံရံကပ်စက္ကူထုတ်လုပ်သောစက်ရုံမှ ဓာတုပစ္စည်းများဖြင့် ညစ်ညမ်းနေသော ချောင်းတစ်ခုထဲသို့ ဆင်းမိရာ ခြေထောက်နှင့် ခြေဖဝါးမှ အရည်ခွံများ ကွာကျခဲ့သည်ဟု ဖော်ပြထားသည်။

**(၅)လူတို့စွန့်ပစ်သော အမှိုက်သရိုက်များကြောင့် ရေထုညစ်ညမ်းခြင်း**

ရေထုညစ်ညမ်းမှုများသည် သဘာဝသက်သက်ကြောင့် မဟုတ်ပေ။ လူတို့က ညစ်ညမ်းအောင် ပြုလုပ်ကြခြင်းကြောင့် ဖြစ်သည်။ အမှိုက်သရိုက်များကို စနစ်တကျမပစ်ဘဲ မြစ်ချောင်းအတွင်းသို့ အလွယ်တကူ စွန့်ပစ်နေကြသောကြောင့်လည်း ရေထုကို ညစ်ညမ်းစေသည်။ စာရေးသူ၏အိမ်သည် မြစ်ကမ်းနံဘေးတွင် ရှိသောကြောင့် နေ့စဉ် မြစ်အတွင်း၌ ဖော့ဘူးခွံများ၊ ပလတ်စတစ်အမှိုက်နှင့် အခြားသော အမှိုက်ထုပ်များ အစုန်အဆန် မျောပါနေသည်ကို မြင်တွေ့နေရသလို မြစ်ချောင်းများထဲသို့ တိရစ္ဆာန်အသေကောင်များ စွန့်ပစ်ကြသည်ကိုလည်း တွေ့ဖူးသည်။

လူသားတို့အနေဖြင့် ဤကဲ့သို့ မပြုလုပ်ကြဘဲ ဆင်ခြင်သင့်ပါသည်။ လာမည့် ၂၀၂၅ ခုနှစ်လောက်တွင် ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံသည် အတော်အသင့် ရေရှားပါးခြင်း သို့မဟုတ် ရေအလွန်ရှားပါးခြင်းကို ရင်ဆိုင်ကြုံတွေ့ရနိုင်ဖွယ်ရှိကြောင်း ဆောင်းပါးတစ်ပုဒ်တွင် ဖတ်ရှုမှတ်သားခဲ့ရဖူးပါသည်။

ရေသည် လူသားတို့အတွက် မရှိမဖြစ် လိုအပ်သည့် အဖိုးအတန်ဆုံးသော သယံဇာတတစ်ခုလည်း ဖြစ်သည်။ ထို့ကြောင့် ရေထုကို ညစ်ညမ်းစေသည့် အပြုအမူများကို လုံးဝရှောင်ကြဉ်ဖို့ လိုအပ်ပါသည်။ တာဝန်ရှိသူများအနေဖြင့်လည်း ရေထုညစ်ညမ်းမှုမရှိစေရန် ဥပဒေစည်းကမ်းများဖြင့် တားမြစ် ထိန်းချုပ်ဖို့ လိုပါသည်။ ညစ်ညမ်းသောရေကို သောက်သုံးမိ၍ ရောဂါရရှိပြီး သေဆုံးသူ နှစ်စဉ် ငါးသန်းကျော်ရှိနေကြောင်းလည်း သိရသည်။

ထို့ကြောင့် ကမ္ဘာကြီးတွင် ရေထုညစ်ညမ်းလာနေမှုများကို ကာကွယ်နိုင်ရန် ရည်ရွယ်ပြီး နှစ်စဉ် မတ်လ ၂၂ ရက်ကို "ကမ္ဘာ့ ရေသယံဇာတနေ့"ဟု သတ်မှတ်ခဲ့ကြပြီးဖြစ်သည်။ မြန်မာနိုင်ငံသူ နိုင်ငံသားတိုင်းအနေဖြင့်လည်း မိမိ၏ အသိစိတ်ဓာတ်ဖြင့် ရေထုညစ်ညမ်းမှုကို ကာကွယ်ရင်း ရေသယံဇာတများကို ထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

# တကယ်တော့ အဲဒီလို လမ်းတွေပိတ်တဲ့လုပ်ရပ်ဟာ ဘာအကျိုးသက်ရောက်မှုမှ မရှိပေမယ့် လောလောဆယ် သွားလာဖို့ အခက်အခဲဖြစ်တာကတော့ ပြည်သူတွေပဲ

ဦးညီမြင့်

## အင်တာဗျူး - မြင့်မိုရ်

ယခုအခါ CDM (Civil Disobedience Movement) လှုပ်ရှားမှုကို အကြောင်းပြုကာ ပြည်သူ အများ သွားလာနေသော လမ်းမများပေါ်တွင် ပိတ်ပင်တားဆီးမှုများ လုပ်ဆောင်နေခြင်း၊ ပြည်သူများအား အနှောင့်အယှက်ပေးနေခြင်း စသည့် အဖျက်အမှောင့် လုပ်ရပ်များအား လိုက်လံရှင်းလင်းနေသည့် သက်ဆိုင်ရာ ဝန်ထမ်းများ၏ ရင်တွင်းစကားသံများကို ပြန်လည်မျှဝေရေးသား ဖော်ပြလိုက်ပါသည်။

**CDM လှုပ်ရှားမှုကို အေးအေးချမ်းချမ်းလေး ပြီးသွားစေချင်တယ်**

“ အမှန်တကယ်တော့ ကျွန်တော်တို့လည်း အခုလို ပြည်သူတွေနဲ့ ထိပ်တိုက်မတိုးချင်ဘူး။ တကယ်တော့ ကျွန်တော်တို့က နိုင်ငံ့ဝန်ထမ်းတွေဆိုပေမယ့် ပြည်သူထဲက ပြည်သူတွေပါပဲ။ ကျွန်တော်တို့မှာလည်း မိသားစုရှိကြသလို ကိုယ်ချင်းစာစိတ်လည်း ရှိကြတာပေါ့။ လူထဲက လူတွေပဲလေ။ ဒါပေမယ့် တာဝန်ဆိုတာက ကျွန်တော်တို့ရဲ့ အသက်ထက် တန်ဖိုးထားလေးစားရတယ်ဆိုတာ ပြည်သူတွေ သိစေချင်တယ်။ ကျွန်တော်တို့ရဲ့ အထက်အမိန့်နဲ့ အလုပ်တာဝန်ဟာ ဦးလည်မသုန် ထမ်းဆောင်ကြရတယ်ဆိုတာ နားလည်စေချင်တယ်။ ကျွန်တော်ဆို အခုလို နိုင်ငံ့အရေးအခင်းတွေနဲ့ ကြုံတာ ဒီ CDM လှုပ်ရှားမှုက သုံးကြိမ်မြောက်ပဲ။ ဒီသုံးကြိမ်မြောက် ဆူပူနှိမ်နင်းမှုဟာ ကျွန်တော် တွေ့ကြုံခဲ့တဲ့ အကြမ်းဖက်နှိမ်နင်းမှုတွေထဲမှာ အပျော့ပါးဆုံးလို့ ပြောရမယ်။ ကျွန်တော် ပထမဦးဆုံး စကြုံခဲ့တာက ၈၈ အရေးအခင်း ဆူပူအကြမ်းဖက်ဆန္ဒပြမှုတွေ နှိမ်နင်းခဲ့ရတယ်။ အခု CDM လှုပ်ရှားမှုက လူငယ်တွေလည်း များ၊ အကြမ်းဖက်မှုလည်း သိပ်မရှိလို့ ပေါ့ပေါ့ပါးပါးပါပဲ။ တစ်ဖက်က တကယ်အကြမ်းဖက်လာပြီဆိုရင်တော့ ကျွန်တော်တို့ကလည်း နိုင်ငံတကာ လုပ်ထုံးလုပ်နည်းအတိုင်း တင်းတင်းကျပ်ကျပ် ကိုင်တွယ်ရတာတွေ ရှိတာပေါ့။ ဒါပေမယ့် အခု CDM လှုပ်ရှားမှုက မြို့နယ်အားလုံးမှာတော့ တည်ငြိမ်အေးဆေးသွားပါပြီ။ ကျွန်တော်တို့အနေနဲ့လည်း CDM လှုပ်ရှားမှုကို အေးအေးချမ်းချမ်းလေး ပြီးသွားစေချင်တယ်။

**အတတ်နိုင်ဆုံး စိတ်ရှည်ရှည်နဲ့ လိုက်လံရှင်းလင်း**

“ တစ်ခုရှိတာက အခုရက်ပိုင်း ကားလမ်းတွေနဲ့ ရပ်ကွက်လမ်းတွေကအစ ပိတ်ထားတယ်ကြားလို့ ကျွန်တော်တို့ လုံခြုံရေးအဖွဲ့တွေနဲ့ သက်ဆိုင်ရာ စည်ပင်အဖွဲ့တွေပေါင်းပြီး သန့်ရှင်းဖယ်ရှားလုပ်တာတွေရှိပါတယ်။ ပြည်သူပိုင် အများသူငါသွားတဲ့ လမ်းတွေကို အဲဒီလို လုပ်တာက တကယ်တော့ ရပ်ကွက်လုံခြုံရေးအတွက်ဆိုပေမယ့် ဥပဒေနဲ့ ငြိစွန်းပါတယ်။ လုပ်တဲ့သူတွေထဲမှာလည်း ဥပဒေနဲ့ ပတ်သက်ပြီး သိနားလည်တဲ့သူရှိသလို မသိနားမလည်တဲ့သူလည်း ရှိမယ်ထင်ပါတယ်။ ကျွန်တော်တို့ အနေနဲ့ကတော့ အတတ်နိုင်ဆုံး စိတ်ရှည်ရှည်နဲ့ လိုက်လံရှင်းလင်းပေးနေပါတယ်။ အဲဒီလို ရှင်းလင်းပေးနေတာကို အနှောင့်အယှက် တစ်ခုခုပေးလာရင်တော့ ဥပဒေအရ ဖြေရှင်းရတာလေးတွေ ရှိပါတယ်။ အဲဒီအပေါ်မှာ အေးအေးချမ်းချမ်းနေလိုချင်တဲ့ ပြည်သူတွေအနေနဲ့ ကျွန်တော်တို့အပေါ် အမြင်ရှင်းပေမယ့် အဖျက်အမှောင့်ကို အားပေးအားမြှောက်ပြုနေတဲ့ ပြည်သူအချို့ကတော့ တစ်မျိုးမြင်နေမှာပါ။ တချို့ဆို အဲဒီလို လမ်းပိတ်ဆို့နေတာတွေကို လိုက်လံရှင်းလင်းပေးနေတာ တွေ့တာတောင် ပြည်သူတွေကိုလာပြီး ဒုက္ခပေးနေတယ်၊ CDM လှုပ်ရှားမှုမှာပါတဲ့ သူတွေကို လိုက်ပြီးဖမ်းနေတယ် အမျိုးမျိုးပြောနေကြသေးတာ။

**ဒီလောကရဲ့ဒဏ်ကို ကြံ့ကြံ့ခံနိုင်တာပါ**

အခုရက်ပိုင်းတွေမှာဆို ကျွန်တော်တို့အဖွဲ့အနေနဲ့ ညနေဘက်တွေမှာ အားရင်အားသလို အဲဒီလမ်းပိတ်တာတွေကို လိုက်လံရှင်းလင်းနေရတာက အဓိကအလုပ်ကြီးလို ဖြစ်နေတယ်။ တချို့နေရာတွေ မှာဆို ညနေဘက်ရှင်းသွားတယ်၊ မနက်ဘက်ဆို ပြန်ပိတ်ထားတာတွေ ရှိနေတော့ ကျွန်တော်တို့မှာ တစ်ခါတလေ ခြိမ်းခြောက်မပစ်ချင်ဘဲ ပစ်ရတာတွေ ရှိတယ်။ ကျွန်တော်တို့ဘက်ကိုလည်း နားလည်ပြီး ကိုယ်ချင်းစာစေချင်ပါတယ်။ တကယ်တော့ တိုင်းပြည်တစ်ပြည်ရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးဝန်ထမ်းတွေဟာ ၂၄ နာရီ ထမ်းဆောင်ကြရတာပါ။ အဲဒီလို ထမ်းဆောင်ကြပေမယ့်လည်း တချို့ကတော့ အပြစ်မြင်နေဆဲပါ။ ဒါပေမယ့် တကယ်လက်တွေ့ သူတို့လာပြီးတာဝန်ထမ်းဆောင်ကြမလားဆိုရင် အများစုက မထမ်းဆောင်ချင်ကြပါဘူး။ တကယ့် ဝါသနာအခြေခံရှိတဲ့သူတွေလောက်ပဲ ဒီလောကရဲ့ဒဏ်ကို ကြံ့ကြံ့ခံနိုင်တာပါ။ ကျွန်တော်တို့ဟာ ဝန်ထမ်းဆိုပေမယ့် သာမန်ဝန်ထမ်းတွေ မဟုတ်ပါဘူး၊ လူ ၁၀ ဦးမှာ အနည်းဆုံး ခုနစ်ဦးလောက် မလုပ်ချင်တဲ့ တာဝန်မျိုးတွေကို ကျွန်တော်တို့တစ်တွေက ထမ်းဆောင်နေကြတာပါ”ဟု ရန်ကုန်မြို့တွင်း CDM လှုပ်ရှားမှုနောက်ကွယ်က လမ်းများလိုက်လံ ပိတ်ဆို့ထားမှုကို ဦးဆောင်ဖယ်ရှားပေးနေသော ရဲအုပ်တစ်ဦးက ကြုံတွေ့ခံစားသမျှကို ရင်ဖွင့်ပြောကြားသည်။

**လမ်းအပြည့် အခိုင်အမာချထားကြတာ**

ရန်ကုန်မြို့အတွင်း ပိတ်ဆို့ထားသောလမ်းများ လိုက်လံရှင်းလင်းရာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ လိုက်ပါဆောင်ရွက်နေသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းတစ်ဦးဖြစ်သည့် ဦးညီမြင့်(နာမည်လွှဲ)ကလည်း “ ကျွန်တော် အခုလို လမ်းတွေ လိုက်လံရှင်းလင်းရာမှာ ဘက်ဟိုးကား မောင်းပေးရတာပါ။ ကျွန်တော်တို့မှာ လမ်းရှင်းရတာ အမျိုးမျိုးအဖုံဖုံတွေ့ရတယ်။ တချို့ဆို သဲအိတ်တွေပဲ လမ်းအပြည့် အခိုင်အမာချထားကြတာ ရှိသလို၊ တချို့နေရာတွေဆိုရင်

“တစ်နေ့ထက်တစ်နေ့ နည်းလာတယ်မရှိဘဲ အမှိုက်တွေက ပိုပိုပြီးများလာတယ်။ တချို့ဆို အခုလို CDM လှုပ်ရှားမှုကို အကြောင်းပြုပြီး အိမ်မှာ နှစ်ရှည်လများ သိမ်းထားတဲ့အမှိုက်သရိုက်တွေ၊ အတိုအစတွေကို လမ်းထွက်ပြီး ချထား၊ ပုံထားတော့တာပဲ။ တချို့ဆို လမ်းမှာကြဲတောင် ကြဲဖြန့်ထားကြသေးတယ်။ ဟိုနေ့ကဆို နေလည်းသိပ်မကောင်းတာနဲ့ အလုပ်နှစ်ရက်မဆင်းဘဲနေလိုက်တော့ ဝမ်းရေးအတွက် အခက်အခဲကြုံရတော့တာပဲ။ တစ်နေ့လုပ်မှ တစ်နေ့ဝင်ငွေရတာမို့သာ ဒီအလုပ်ကိုလုပ်နေရတာ။ ဖြည်းဖြည်းချင်း စိတ်ကုန်လာတယ်။ အလုပ်တွေကလည်း ခုနောက်ပိုင်း မလွယ်တော့ဘူးလေ။ တကယ်တော့ သူတို့တစ်တွေက ရည်ရွယ်ချက်တစ်ခုခုကြောင့် လုပ်တာဆိုပေမယ့် အမှန်တကယ်ထိခိုက်တာက ကျွန်မတို့ အခြေခံလူတန်းစားတွေပဲ။ အခုဆို ဆန်ရော၊ ဆီရော ဘာမှကို ဈေးကျတာမရှိဘူး။ အားလုံးဈေးတက်တာချည်းပဲ။ သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့လည်း ကုန်ဈေးနှုန်းတွေကို ပြန်လည်ထိန်းညှိပေးစေချင်တယ်”

သံတူးရွှင်းနဲ့ သေချာကိုတူးပြီး ကတ်တွေစိုက်ထားတာ။ ကတ်တုံးတွေ၊ ခတ်မီးတိုင်တွေနဲ့ သေချာကို ပိတ်ထားတာတွေအထိ ရှိတယ်။ သူတို့ကလည်း အခုလို အဖျက်အမှောင့်အလုပ်တွေကို သေသေချာချာ အကုန်အကျခံ လုပ်ထားကြသလို တချို့ဆို အခုလို ကျွန်တော်တို့လာဖယ်မှာစိုးရိမ်လို့ စောင့်ကြည့်ကြတာတောင် ရှိတယ်။ တချို့နေရာတွေဆို လမ်းပိတ်ဆို့နေတာကို ကျွန်တော်တို့အဖွဲ့ သွားရောက်ဖယ်ရှားရင် သူတို့ကိုရန်မူဖို့လာသလို နောက်ကွယ်ကနေ အော်ဟစ်ဆဲဆိုကြိမ်းမောင်းတာတွေအထိ တွေ့ရတယ်။ အခုခေတ် မိန်းကလေးတွေက ပိုဆိုးနေကြတယ်။ တချို့ မိန်းကလေးတွေဆို နားမခံသာအောင်တောင် အော်ကြီးဟစ်ကျယ် ပြောဆိုကြိမ်းမောင်းတဲ့အထိ ရှိတယ်။ လုံခြုံရေးအဖွဲ့ရော ကျွန်တော်တို့အနေနဲ့ကတော့ အခုလို လမ်းတွေဖယ်ရှားတဲ့အခါမှာ အတတ်နိုင်ဆုံး သည်းခံကြပါတယ်။

**တိုက်ရိုက်ထိခိုက်တာက ပြည်သူတွေ**

“ ဟိုနေ့ကဆို အတော်ကိုဆိုးတာ။ လမ်းအပြည့်လည်း သဲအိတ်တွေ အခိုင်အမာ ချထားတဲ့အပြင် အပေါ်မှာလည်း မဖွယ်မရာတွေ ကြိုးတန်းထားတာတွေကို ဖယ်ထုတ်ရတယ်။ တစ်ခါတလေ ကျွန်တော် ပြန်စဉ်းစားမိတယ်။ ဘယ်လိုရည်ရွယ်ချက်၊ ဘယ်လိုစိတ်ကူးတွေနဲ့များ ဒီလိုတွေ လုပ်ကြသလဲလို့။ တကယ်တော့ အဲဒီလိုတွေ လမ်းတွေပိတ်တဲ့ လုပ်ရပ်ဟာ ဘာအကျိုးသက်ရောက်မှုမှ မရှိပေမယ့် လောလောဆယ် သွားလာဖို့ အခက်အခဲဖြစ်တာကတော့ ပြည်သူတွေပဲ။ အဓိက ပြည်သူတွေပဲ သွားလာကြတာဖြစ်လို့ တိုက်ရိုက်ထိခိုက်တာက ပြည်သူတွေပဲလေ။ ဟိုနေ့ကဆို ဆွမ်းခံထွက်တဲ့ သံဃာတော်တွေ လမ်းတစ်ခုလုံး ထဘီတွေ ကြိုးတန်းထားတာတွေ့တော့ နောက်ပြန်ကျော့ပြီး ဟိုးဘက်တစ်လမ်းကနေ သွားကြရတယ်။ စိတ်ထဲအလိုလိုနေ အတွေးတစ်စ ထပ်ပေါ်လာတယ်။ ဪ လူတွေ ဘာမဟုတ်တာတွေလုပ်ရင်းနဲ့ အကုသိုလ်ရှာနေကြပါလားလို့။ အခုဆို အတော်များများ အလုပ်လက်မဲ့တွေ ဖြစ်ကုန်ကြပြီ။ အခြေခံစားသောက်ကုန်စည်တွေကလည်း တဖြည်းဖြည်း ကြီးမြင့်လာတာ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာက တိုင်းပြည် အခုလို မငြိမ်မသက်ဖြစ်လိုက်တာနဲ့ အနစ်နာခံမယ့်သူထက် အမြတ်ကြီးထုတ်မယ့် စီးပွားရေးသမားတွေက များတယ်။ အခုမှ မဟုတ်ပါဘူး၊ ဟိုး အရင်ကတည်းကလည်း ဒီအတိုင်းပါပဲ။ စီးပွားရေးလုပ်ငန်းရှင် ကုန်သည်ကြီးတွေက ဒီအကွက်တွေကို ချောင်းနေကြတာ အများကြီး ” ဟု သူ၏ အမြင်ကို ပြောသည်။

“ ဒီရက်ထဲ မနက်မနက် လမ်းဘေးအမှိုက်လှည်းရတာ စိတ်ညစ်လာတယ်။ တစ်နေ့ထက်တစ်နေ့ နည်းလာတယ်မရှိဘဲ အမှိုက်တွေက ပိုပိုပြီး များလာတယ်။ တချို့ဆို အခုလို CDM လှုပ်ရှားမှုကို အကြောင်းပြုပြီး အိမ်မှာ နှစ်ရှည်လများ သိမ်းထားတဲ့ အမှိုက်သရိုက်တွေ၊ အတိုအစတွေကို လမ်းထွက်ပြီး ချထား၊ ပုံထားတော့တာပဲ။ တချို့ဆို လမ်းမှာကြဲတောင် ကြဲဖြန့်ထားကြသေးတယ်။ ဟိုနေ့ကဆို နေလည်းသိပ်မကောင်းတာနဲ့ အလုပ်နှစ်ရက်မဆင်းဘဲနေလိုက်တော့ ဝမ်းရေးအတွက် အခက်အခဲ ကြုံရတော့တာပဲ။ တစ်နေ့လုပ်မှ တစ်နေ့ ဝင်ငွေရတာမို့သာ ဒီအလုပ်ကိုလုပ်နေရတာ။ ဖြည်းဖြည်းချင်း စိတ်ကုန်လာတယ်။ အလုပ်တွေကလည်း ခုနောက်ပိုင်းမလွယ်တော့ဘူးလေ။ တကယ်တော့ သူတို့တစ်တွေက ရည်ရွယ်ချက်တစ်ခုခုကြောင့် လုပ်တာဆိုပေမယ့် အမှန်တကယ်ထိခိုက်တာက ကျွန်မတို့ အခြေခံလူတန်းစားတွေပဲ။ အခုဆို ဆန်ရော၊ ဆီရော ဘာမှကို ဈေးကျတာမရှိဘူး။ အားလုံးဈေးတက်တာချည်းပဲ။ သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့လည်း ကုန်ဈေးနှုန်းတွေကို ပြန်လည်ထိန်းညှိပေးစေချင်တယ်၊ အခုအတိုင်း ဆက်သွားမယ်ဆိုရင် ပြည်သူတွေ တော်တော်အခက်တွေ့ရလိမ့်မယ်” ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနတွင် နေ့စားအဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်ခင်နွဲ့ရီ(အမည်လွှဲ) က ပြောသည်။ ။

# နေပြည်တော် ပျဉ်းမနားမြို့၌ လူစုလူဝေးဖြစ်ပွားမှုအား လူစုခွဲ

**နေပြည်တော် မတ် ၂၀**



ပျဉ်းမနားမြို့ တောင်သာရပ်ကွက် ဘိုးဘွားရိပ်သာလမ်း၌ ယနေ့ နံနက် ၁၁ နာရီခွဲခန့်တွင် ဆူပူဆန္ဒပြသူ လူစုလူဝေးအင်အား ၁၀၀ ခန့်သည် အများပြည်သူ သုံး လမ်းမကြီးအား အတားအဆီးများဖြင့်ပိတ်ဆို့ကာ ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည်အခြေအနေကို ထိန်းသိမ်းနိုင်ရေး သွားရောက်ထိန်းသိမ်းလူစုခွဲခဲ့ရကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူဆန္ဒပြနေသော လူစုလူဝေးအား လူစုခွဲနိုင်ရေးဥပဒေနှင့်အညီ ညှိနှိုင်းဖြေလျှော့ခဲ့သော်လည်း အဆိုပါလူစုလူဝေးမှ လိုက်နာမှု မရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေးခွများ၊ အုတ်ခဲများ၊ ဓာတ်ဆီပုလင်းများ မီးရှို့၍ ပစ်ပေါက်ခြင်းတို့ဖြင့် အကြမ်းဖက်ရန်ပြုတိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ပစ်ခတ်လူစုခွဲခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူ လူအုပ်စုအတွင်းမှ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၂ ဦး၊ စုစုပေါင်း ၁၇ ဦးတို့အား ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

ဆူပူအကြမ်းဖက်သူများ၏ အကြမ်းဖက်ရန်ပြုတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့သုံး မော်တော်ယာဉ် ၃ စီး ထိခိုက်ပျက်စီးခဲ့ပြီး ဆူပူအကြမ်းဖက်သူများ အသုံးပြုခဲ့သည့် မော်တော်ယာဉ် ၁ စီး၊ ဆိုင်ကယ် ၈ စီး၊ ဒိုင်း ၁၄ ခု၊ အနက်ရောင်အလံ ၂ ခု၊ အင်ဂျင်ဝိုင်ဆီပုံး ၃ လုံး၊ အဝတ်စတပ်ဆင်ထားသော ရေနံဆီပုလင်း ၃၅ လုံး၊ မီးသတ်ဆေးဘူး ၃ ဘူးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း။

ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်အတွင်း ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်သာယာမြို့နယ်အတွင်း ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် မတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်အတွင်း ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည့် စိန်သောင်း (ဘ)ဦးလှမြင့်၊ အောင်ပြည့်ဖြိုး(ဘ)ဦးလှမြင့်၊ စိုးသန်း(ဘ) ဦးလှဝင်း၊ တင်ထွန်း (ဘ) ဦးစိုးသိန်း၊ ကျော်သက် (ဘ) ဦးတင်ဝင်းတို့အား စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ၁၈၇၈ ခုနှစ်၊ လက်နက်များအက်ဥပဒေပုဒ်မ ၁၉(င) ပါ ပြဋ္ဌာန်းချက်များအရ ပြစ်ဒဏ်ထိုက်သင့်သည့် ကိုင်ဆောင်ခွင့် မရှိဘဲနှင့် လက်နက်တစ်ခုခုကို စွဲကိုင်သွားလာမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် (၃)နှစ် အသီးသီးကျခံစေရန် မတ် ၁၉ ရက်တွင် အမိန့်ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ ဂျင်ကလိ၊ မှိန်းနှင့် ဆက်စပ်ပစ္စည်းများ လက်ဝယ်ထားရှိသူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၀**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်လုပ်လက်နက်ကိရိယာများ ပြုလုပ်နေကြောင်းသတင်းအရ လှည်းကူးမြို့နယ် မြို့မရပ်ကွက်နေ ယဉ်ဌေး (၅၈)နှစ် (ဘ) ဦးခင်မောင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့သည်။

**အမှုဖွင့်လှစ်ထားရှိ**

ထိုသို့ရှာဖွေခဲ့ရာ ယဉ်ဌေး နေထိုင်ရာအိမ်အတွင်းမှ ဂျင်ကလိ ၄၂ ချောင်း၊ အရိုးအသွား ၅ ပေ ခန့်ရှိ မှိန်း ၂ ချောင်း၊ အရှည် ၅ ပေခန့်ရှိ သံချွန် ၅ ချောင်း၊ မီးသတ်ဆေးဘူးအခွံ ၁ ခု၊ မောင်းခလုတ် တပ်ဆင်ထားသော ဘောစေ့ထည့်ပစ်ခတ်ရသည့် Air Gun ပြုလုပ်ဆဲအပိုင်းအစ ၁ ခု၊ လေးခွ ၃ လက်၊ လောက်စာလုံး ၁၀ လုံးနှင့် ခွပ်ဒေါင်းနှင့် ကြယ်တံဆိပ်ပါ အလံ ၂ ခုတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုရန် လက်လုပ်လက်နက်ကိရိယာများပြုလုပ်၍ လက်ဝယ်ထားရှိသူ ယဉ်ဌေးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(တောင်ပိုင်း)နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်များ အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ရန် ဖယ်ခုံမြို့သို့ သွားရောက်စဉ် ဆူပူအကြမ်းဖက်သူလူတစ်စုက အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်

**နေပြည်တော် မတ် ၂၀**

ရှမ်းပြည်နယ်တောင်ပိုင်း နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်များ အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ရန် ဖယ်ခုံမြို့သို့သွားရောက်စဉ် ဆူပူအကြမ်းဖက်သူ လူတစ်စုက အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခံခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ်တောင်ပိုင်း နယ်မြေခံတပ်ရင်းမှ အရာရှိ ၂ ဦး၊ အခြားအဆင့် ၂ ဦးတို့သည် မတ် ၁၅ ရက် နံနက် ၆ နာရီခန့်တွင် ဖယ်ခုံမြို့ရှိ နယ်မြေခံတပ်ဌာနချုပ်သို့ အုပ်ချုပ်မှုကိစ္စများဆောင်ရွက်ရန်အတွက် Pajero အမျိုးအစား မော်တော်ယာဉ်အမှတ်၊ MDY-71/... ယာဉ်ဖြင့်ထွက်ခွာခဲ့ရာ မွန်းလွဲ ၂ နာရီခွဲခန့်တွင် ဖယ်ခုံမြို့နယ်၊ ဖလိုင်တောင်ခြေကျေးရွာအနီးသို့အရောက်၌ အရပ်သားအကြမ်းဖက်လူအုပ်စုနှင့် တွေ့ဆုံနေရကြောင်း တပ်ရင်းဌာနချုပ်သို့ ဖုန်းဆက်သွယ်မှုပြုလုပ်ပြီးနောက် ဆက်သွယ်မှုပြတ်တောက်သွားခဲ့ကြောင်း။

အဆိုပါ အရာရှိ၊ စစ်သည်များနှင့် ဆက်သွယ်မှုရရှိရေး နယ်မြေခံတပ်ရင်းများမှ မတ် ၁၆ ရက်မှစ၍ နည်းလမ်းမျိုးစုံဖြင့် စိစစ်ဖော်ထုတ်ခဲ့ရာ ဖလိုင်တောင်ခြေကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဆက်သွယ်မှုရရှိခဲ့ကာ ၎င်းတို့ရွာသားများထိန်းသိမ်းထားသည်ဟု သိရှိရကြောင်း။

အဆိုပါ ထိန်းသိမ်းခံထားရသည့် အရာရှိ၊ စစ်သည်များအား ပြန်လည်ခေါ်ဆောင်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၁၆ ရက်တွင်ပင် ဖလိုင်တောင်ခြေကျေးရွာသို့ရောက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရွာတွင်းဝင်ရောက်မှုကိုလည်း ရွာသားအများစုက ပိတ်ဆို့ဆန့်ကျင်ခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များက ညှိနှိုင်းပြောဆိုမှုကြောင့် ရွာအတွင်း ဝင်ရောက်ရှာဖွေခဲ့ရာ ဖမ်းဆီးခံရသူများ တွေ့ရှိရခြင်းမရှိသည့်အပြင် သတင်းဆက်ပါ ပျောက်ဆုံးခဲ့သဖြင့် ယင်းကျေးရွာအနီးတစ်ဝိုက်မှ မသင်္ကာသူ ၂၀ ဦးခန့်အား စစ်ဆေးမေးမြန်းမှုများပြုလုပ်ခဲ့ကြောင်း။

ထိုသို့ စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်စဉ် ကဖုကျေးရွာတွင် နေထိုင်သူ အန်ထောင်ညို ၏ ပြောပြချက်အရ မတ် ၁၅ ရက်တွင် ဆူပူအကြမ်းဖက်သူ လူတစ်စုက လူစိမ်းများအား ခေါ်ယူစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြောင်း၊ မတ် ၁၆ ရက်တွင် အဆိုပါ လူစိမ်းများအား ဆူပူအကြမ်းဖက်သူ လူတစ်စုက လယ်ထွန်ကျေးရွာ၏ အရှေ့မြောက်ဘက် တောင်ကုန်းပေါ်သို့ ၎င်းတို့စီးနင်းလာသည့် ယာဉ်နှင့်အတူ ခေါ်ဆောင်သွားကြောင်း ကြားသိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဖွဲ့များခွဲ၍ မတ် ၁၉ ရက်တွင် ရှာဖွေမှုများဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁၂ နာရီခန့်တွင် ၃၅ ပေခန့်နက်သော ချောက်အတွင်း၌ ကား ၁ စီး မီးလောင်နေကြောင်း တွေ့ရှိရသဖြင့်စိစစ်ခဲ့ရာ ပျောက်ဆုံးနေသည့် အရာရှိ၊ စစ်သည်များ စီးနင်းလာသည့် မော်တော်ယာဉ်ဖြစ်ကြောင်းတွေ့ရှိရပြီး ယင်းနေရာတစ်ဝိုက်အား ဆက်လက်ရှာဖွေခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် အဝ ၅ ပေခန့်၊ အနက်ပေ ၄၀ ခန့်ရှိ ကျင်း ၁ ကျင်းအတွင်း၌ လက်ပြန်ကြိုးတုပ်ထားလျက်သေဆုံးနေသည့် အလောင်းများအား တွေ့ရှိရသဖြင့် အနီးဆုံးတပ်မတော်စစ်ဆေးရုံသို့ ပို့ဆောင်လျက် ရင်ခွဲစစ်ဆေးချက်နှင့် အတည်ပြုချက်



ဆောင်ရွက်ခဲ့ရာ ပျောက်ဆုံးနေကြသည့် အရာရှိ၊ စစ်သည်များအား အရပ်ဝတ်ဖြင့် ရက်စက်စွာ အကြောင်းမဲ့ သတ်ဖြတ်ခံခဲ့ရသည်ကို တွေ့ရှိရကြောင်း။

အဆိုပါ အုပ်ချုပ်မှုကိစ္စဆောင်ရွက်မည့် အရာရှိ၊ စစ်သည်များသည် လက်နက်ကိုင်ဆောင်ခြင်း မရှိဘဲ အရပ်ဝတ်၊ အရပ်ယာဉ်ဖြင့် တပ်ဌာနချုပ်သို့ ညောင်ရွှေ-စံကား- မိုးဗြဲအင်း အရှေ့လမ်းကြောင်း အတိုင်းလာရောက်စဉ် ကားလမ်းဘေးရှိ ဖလိုင်တောင်ခြေ ကျေးရွာမှ စိစစ်ဖော်ထုတ်ဆဲ အကြမ်းဖက်လူအုပ်စု၏ ဥပဒေမဲ့အကြောင်းမဲ့ နှိပ်စက်သတ်ဖြတ်မှုကို တွေ့ကြုံရခြင်းဖြစ်ကြောင်း သိရှိရသည်။

ဥပဒေမဲ့အကြမ်းဖက်လူအုပ်စုကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် အရာရှိ၊ စစ်သည်များအပေါ် အကြောင်းမဲ့သတ်ဖြတ်ခဲ့သည့် လူသတ်တရားခံများအား အမြန်ဆုံးလက်ရဖမ်းဆီး၍ တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး နေ့/ညမပြတ် ဖလိုင်တောင်ခြေ ကျေးရွာ ပတ်ဝန်းကျင်အနှံ့စုံစမ်းဖော်ထုတ်ခဲ့ရာ မတ် ၂၀ ရက်အထိ အမှုတွင်ပါဝင် ကျူးလွန်ခဲ့သည်ဟု ယုံကြည်ရသည့် ဦးကေကော်ရီရို ၅၅ နှစ်(ဘ) ဦးဘဲနီနှင့် ဦးမောင်လာ ၄၈ နှစ်(ဘ) ဦးခရိုင်း၊ ဖယ်ခုံမြို့၊ လယ်ထွန်ကျေးရွာ၊ ဦးမောင်ငြိမ်း ၅၁ နှစ် (ဘ)ဦးဟွီနှင့် ဦးမောင်ခုန်း ၄၅ နှစ် (ဘ) ဦးကောင်း ဖလိုင်တောင်ခြေကျေးရွာတို့ ၄ ဦးအား စစ်ဆေးဖော်ထုတ်လျက်ရှိပြီး ဥပဒေနှင့်အညီ ထိရောက်ပြင်းထန်စွာ အမြန်ဆုံးအရေးယူနိုင်ရေး သက်ဆိုင်ရာမှ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စုဖွဲ့မှုအားကောင်းနေတဲ့ ချယ်ဆီးကို ကျော်ဖြတ်ဖို့ မလွယ်ကူတဲ့ ရှက်ဖီးလ်



အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ချယ်ဆီးအသင်းနဲ့ ရှက်ဖီးလ်အသင်းတို့ပွဲစဉ်ကို မတ် ၂၁ ရက် ည ၈ နာရီမှာ ချယ်ဆီးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ နည်းပြ တူချယ်ရဲ့ ချယ်ဆီးအသင်းက လက်ရှိမှာခြေစွမ်းထက်မြက်နေပါတယ်။ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် အက်သလက်တီကို မက်ဒရစ်အသင်းနဲ့ပွဲစဉ်မှာလည်း နှစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပြီး နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-ဂိုးမရှိနဲ့ နောက်တစ်ဆင့်ကို တက်ရောက်ထားနိုင်တဲ့အသင်းဖြစ်ပါတယ်။ ချယ်ဆီးအသင်းအနေနဲ့ အဆိုပါ ပွဲစဉ်မှာ လာလီဂါ အမှတ်ပေးဇယားကို ဦးဆောင်နေတဲ့ အက်သလက်တီကို မက်ဒရစ်အသင်းကို ဘောလုံးပိုင်ဆိုင်မှု အသာ၊ ခြေအသာဖြင့် ကစားထားနိုင်တာကို တွေ့ရတယ်။ ပြိုင်ဘက်ရှက်ဖီးလ်အသင်းရဲ့ ခြေစွမ်းက ပြီးခဲ့တဲ့နှစ်ပွဲမှာ နှစ်ပွဲစလုံးဂိုးပြတ်ရှုံးနိမ့်ထားတာကြောင့် အားရစရာမရှိပါဘူး။

### နှစ်ကြိမ်စလုံးနိုင်ပွဲရယူထား

ဒီနှစ်သင်းရဲ့ အမှတ်ပေးဇယားရပ်တည်မှုကိုကြည့်ရင် ချယ်ဆီးအသင်းက ၂၉ ပွဲကစားပြီး ၅၁ မှတ်နဲ့ အဆင့် (၄) နေရာမှာ ရပ်တည်နေပါတယ်။ ရှက်ဖီးလ်အသင်းက ၂၉ ပွဲကစား ၁၄ မှတ်နဲ့ အမှတ်ပေးဇယားအောက်ဆုံးမှာ ရပ်တည်နေပါတယ်။ ရှက်ဖီးလ်အသင်းအနေနဲ့ အမှတ်ပေးဇယားအောက်ဆုံးမှာ ရပ်တည်နေပေမယ့်လည်း အက်ဖ်အေဖလားပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့်အထိ တက်ရောက်ထားနိုင်တာ သတိပြုရမယ်။ ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ နှစ်ကြိမ်မှာ ချယ်ဆီးအသင်းကသာ နှစ်ကြိမ်စလုံးနိုင်ပွဲရယူထားနိုင်တာကို တွေ့ရတယ်။ ချယ်ဆီးအသင်းက တိုက်စစ်ပိုင်းမှာ ဇီယက်၊ ဝါနာ၊ ဟာဗက်ဇ်တို့ ခြေစွမ်းပြသထားနိုင်တာကြောင့် အားတက်စရာ အနေအထားပါ။

### အသင်းလိုက် စွမ်းဆောင်ရည် ကျဆင်းခဲ့

ဒဏ်ရာရကစားသမား စာရင်းမှာလည်း အနည်းငယ်သာရှိတဲ့အတွက် ယနေ့ပွဲစဉ်ကို နည်းပြတူချယ် စိတ်ကြိုက်ပြင်ဆင်လာမှာ ပါ။ ရှက်ဖီးလ်အသင်းက ပြီးခဲ့တဲ့ပွဲစဉ် လက်စတာအသင်းကို ငါးဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ ပွဲစဉ်မှာ အသင်းလိုက် စွမ်းဆောင်ရည် ကျဆင်းခဲ့တာ တွေ့ရတယ်။ စုစုပေါင်း ဂိုးကန်သွင်းချက်ကလည်း တစ်ကြိမ်သာ ရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှုမရှိခဲ့တာကြောင့် အဆိုပါပွဲစဉ်မှ လိုအပ်ချက်များကို အကောင်းဆုံးပြင်ဆင်လာမှာပါ။ ဒါပေမယ့်လည်း ရှက်ဖီးလ်အသင်းအနေနဲ့ နည်းပြတူချယ်လက်အောက်မှာ စုဖွဲ့မှုအားကောင်းနေတဲ့ ချယ်ဆီးအသင်းကို အနိုင်ရရှိဖို့ မလွယ်ကူပါဘူး။ ဒါကြောင့် ချယ်ဆီး အသင်း နောက်တစ်ဆင့်တက်မယ်။

# လက်စတာနဲ့ မန်ယူအသင်းတို့ တွေ့ဆုံနေတဲ့ အက်ဖ်အေဖလားကွာတားဖိုင်နယ်



အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လက်စတာအသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်ကို မတ် ၂၁ ရက် ည ၁၁ နာရီခွဲမှာ လက်စတာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ဒီနှစ်သင်းက ပရီမီယာလိဂ် အမှတ်ပေးဇယားမှာ အဆင့် (၂) နဲ့ (၃) နေရာမှာ ရပ်တည်နေတဲ့အသင်းတွေဖြစ်တာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒ့ါအပြင် ဒီနှစ်သင်းရဲ့ ရမှတ်ကွာဟမှုကလည်း တစ်မှတ်သာရှိတာကြောင့် ယနေ့ပွဲစဉ်မှာ ပြိုင်ဆိုင်မှု ပြင်းထန်လာမှာပါ။ အဆိုပါ နှစ်သင်းရဲ့ ခံစစ်ပိုင်းကို ကြည့်ရင် ပရီမီယာလိဂ် ၂၉ ပွဲကစားပြီးချိန်မှာ ၃၂ ဂိုးစီ ခွင့်ပြုပေးထားရတာကို တွေ့ရတယ်။ ဒါကြောင့် အက်ဖ်အေဖလားပြိုင်ပွဲမှာ ခြေရည်တူနှစ်သင်း ဆုံတွေ့နေတာကြောင့်လည်း ပရိသတ်အကြိုက်ပွဲကောင်း တစ်ပွဲဖြစ်လာမှာပါ။

လက်စတာအသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ သုံးပွဲမှာ နိုင်ပွဲ နှစ်ပွဲနဲ့ သရေတစ်ပွဲ ကျထားတာကြောင့် ခြေစွမ်းအကောင်းဘက် ဦးတည်နေပါတယ်။ လက်စတာအသင်းအနေနဲ့ ပြီးခဲ့တဲ့ ရှက်ဖီးလ်အသင်းကို ငါးဂိုးပြတ်အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ ရှက်ဖီးလ်အသင်းအပေါ် ခြေအသာ၊ ဂိုးအသာဖြင့် ကစားထားနိုင်တာကို တွေ့ရတယ်။ ဒ့ါအပြင် တိုက်စစ်ပိုင်းမှ အီဟီယာနာချို အထူးခြေစွမ်းပြသထားနိုင်ခဲ့ပြီး ဟက်ထရစ်ရယူနိုင်ခဲ့တာကို တွေ့ရတယ်။ လက်စတာအသင်းအနေနဲ့ နောက်ဆုံးနှစ်ပွဲမှာ ရဂိုးက ခုနစ်ဂိုးရှိပြီး ပေးဂိုးက တစ်ဂိုးသာရှိတာကြောင့် အသင်းလိုက်စွမ်းဆောင်ရည် ကောင်းမွန်နေတယ်လို့ ဆိုနိုင်ပါတယ်။

### နားရက်ပိုရထား

မန်ယူအသင်းက ပြီးခဲ့တဲ့ ယူရိုပါလိဂ်ပွဲစဉ်မှာ အေစီမီလန်အသင်းကို တစ်ဂိုး-ဂိုးမရှိ အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးနဲ့ နောက်တစ်ဆင့်တက်ရောက်ထားနိုင်တာကြောင်း အားတက်နေ နိုင်ပါတယ်။ မန်ယူအသင်းက ပြီးခဲ့တဲ့ နှစ်ပွဲမှာ နှစ်ပွဲစလုံးနိုင်ပွဲရရှိထားတယ်ဆိုပေမယ့် တိုက်စစ်က အဆိုပါနှစ်ပွဲမှာ နှစ်ဂိုးသာ သွင်းယူထားနိုင်တာကို တွေ့ရတယ်။ ဒါကြောင့် လက်တလောဒီနှစ်သင်းရဲ့ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ပိုင်းမှာတော့ လက်စတာအသင်းက အသာရထားတာကို တွေ့နိုင်ပါတယ်။ ဒ့ါအပြင် ယနေ့ပွဲစဉ်မတိုင်မီ လက်စတာအသင်းက ကြားပွဲကစားထားရခြင်းမရှိတာကြောင့် မန်ယူအသင်းထက် နားရက်ပိုရထားပါတယ်။ ဒါကြောင့် ပွဲပန်းနေတဲ့ မန်ယူအသင်းထက် လက်စတာအသင်းကို ပိုသဘောကျမိပါတယ်။

■ မိုးဇက် - စုစည်းသည်

## နောက်ဆုံးရ သတင်းတိုများ

■ ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်အသင်းတို့သည် မန်စီးတီးနှင့် မန်ယူအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသည့် ဒေ့ါမွန်အသင်းမှ အသက် (၂၀နှစ်) အရွယ် နော်ဝေတိုက်စစ်ကစားသမား ဟာလန်းကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း စပိန်အခြေစိုက်သတင်းများတွင် ဖော်ပြထားသည်။ ဟာလန်းသည် ယခုနှစ်ရာသီဒေ့ါမွန်အသင်းတွင် ခြေစွမ်းပြသထားနိုင်သည့်ကစားသမားတစ်ဦး ဖြစ်ပြီး ဘွန်ဒက်စ်လီဂါ ပွဲ ၂၀ တွင် ၁၉ ဂိုးအထိ သွင်းယူပေးထားနိုင်သည်။ အခြားသတင်းတစ်ရပ်တွင် ဟာလန်းသည် ယခုနှစ် နွေရာသီတွင် ဒေ့ါမွန်အသင်းမှ ထွက်ခွာပြီး စပိန်နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် စိတ်အားထက်သန်နေကြောင်း ဖော်ပြထားသည်။

■ စီးရီးအေပွဲစဉ် (၂၈) အဖြစ် ပါးမားအသင်းနှင့် ဂျီနိုအာ အသင်းတို့ပွဲစဉ်ကို မတ် ၂၀ ရက် နံနက်ပိုင်းက ပါးမားအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျီနိုအာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဂျီနိုအာအသင်းအတွက် စကမ်မာကာက နှစ်ဂိုးစလုံးသွင်းယူပေးနိုင်ခဲ့သည်။ ပါးမားအသင်းသည် ယခုပွဲစဉ်ကို ရှုံးနိမ့်ခဲ့သောကြောင့် တန်းဆင်းဇုန်မှ လွတ်မြောက်နိုင်ရန်အတွက် လာမည့်ပွဲစဉ်များကို ရုန်းကန်ရတော့မည်ဖြစ်သည်။



■ မန်စီးတီးတိုက်စစ်မှူး အဂူရို (၃၂နှစ်) နှင့် လီဗာပူး ကွင်းလယ်ကစားသမား ဝီလ်ဂျေနေဒမ် (၃၀နှစ်) တို့ကို ဘာစီလိုနာအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

■ ဂျူဗင်တပ်စ်အသင်းသည် မန်ယူအသင်းမှ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာ၏ အခြေအနေကို စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။ အသက် (၂၈နှစ်) အရွယ် ပေါ့ဂ်ဘာနှင့် မန်ယူအသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၂၀၂၂ ခုနှစ်အထိ ရှိနေသည်။

■ နာပိုလီအသင်းသည် လီဗာပူးအသင်းမှ ဘယ်ခံစစ်ကစားသမား ဆီမီကပ်စ် (၂၄နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ၎င်းသည် ယခုနှစ်ရာသီတွင် အသင်းအတွက် ခြောက်ပွဲသာ ပါဝင်ကစားခွင့်ရရှိထားသည်။

## မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပြီးစီးပါကြောင်း

တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ အောင်သပြေနယ်မြေ၊ (၂)ရပ်ကွက်နေ
ဦးနေဝင်းဦးနှင့် ဒေါ်အေးအေးမြင့်တို့၏သား

**ဗိုလ်ကြီးမျိုးဆက်ပိုင်**

B.C.Sc (DSA), MICSC (MIET., Russia)

နှင့်

ရေနံချောင်းမြို့၊ မြို့မတောင်ရပ်ကွက်နေ ဦးသောင်းစိန်နှင့် ဒေါ်ခင်စမ်းဝေ တို့၏သမီး

**မသဲဝါ**

(မန်နေဂျာ၊ ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး)
BA (Myanmar), MA (International Communication)
Communication University of China, Beijing

တို့သည် ၂၀-၃-၂၀၂၁ရက် (စနေနေ့) Aureum Palace Hotel, Nay Pyi Taw တွင် နှစ်ဖက်သော လူကြီးမိဘများ၏ ခွင့်ပြုချက်အရ မော်ကွန်းတင်လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးမျိုးဆက်ပိုင်-မသဲဝါ**

## တနင်္သာရီမြို့နယ်၌ ပထမအကြိမ် ကိုဗစ်ကာကွယ်ဆေးထိုးနှံပေး

**တနင်္သာရီ မတ် ၂၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်း ဒုတိယအသုတ် ပထမအကြိမ်အဖြစ် နိုင်ငံ့ဝန်ထမ်းများ၊ ဆရာတော် သံဃာတော်အရှင်သူမြတ်များနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ ပရဟိတအဖွဲ့ဝင်များအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၅ ရက်မှစ၍ ထိုးနှံပေးလျက်ရှိရာ မတ် ၁၇ ရက် ညနေပိုင်းအထိ သုံးရက်အတွင်း စုစုပေါင်း ၄၆၆ ဦးအား ထိုးနှံပေးနိုင်ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်၏ ညွှန်ကြားမှုဖြင့် တနင်္သာရီမြို့နယ် မောတောင်မြို့(၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံမှ တာဝန်ခံဆရာဝန် ဒေါက်တာသီဟအောင် ကြီးကြပ်၍ ညောင်ပင်ကွင်းရွာ ကျေးလက်ကျန်းမာရေးဌာန ကျန်းမာရေးမှူး ဦးမြတ်သီလနှင့် သားဖွားဆရာမများ၊ တနင်္သာရီတပ်နယ်မှ သားဖွားဆရာမများက ကာကွယ်ဆေးထိုးနှံပေးကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးသည်။

ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းပေးခြင်း၊ ဆေးမထိုးရအုပ်စု မှန်/မမှန် စိစစ်ပြီး မှတ်ပုံတင်ခြင်း၊ ကာကွယ်ဆေးကို ထိုးနှံပေးခြင်း ဆောင်ရွက်ပေးပြီး ဆေးခါတ်မတည့်ခြင်းနှင့် ဆေး၏ ဘေးထွက်ဆိုးကျိုးလက္ခဏာတစ်စုံတစ်ရာဖြစ်ပေါ်လာပါက ချက်ချင်းအရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မိနစ် ၃၀ ကြာ စောင့်ကြပ်ကြည့်ရှုပေးရန် စီစဉ်ထားကြောင်း သိရသည်။

တနင်္သာရီမြို့နယ်နှင့် မောတောင်မြို့တွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်း ၁၃၀၀ ခန့်၊ ဆရာတော် သံဃာတော်အရှင်သူမြတ်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ ပရဟိတအဖွဲ့ဝင် ၂၀၀ ခန့်ကို ပြီးစီးအောင် ထိုးနှံပေးမည်ဖြစ်ပြီး နောက်ထပ် ၂၈ ရက်အကြာ ဧပြီ ၂၂ ရက်တွင် ဒုတိယအကြိမ်အဖြစ် ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း ဒေါက်တာသီဟအောင်ထံမှ သိရသည်။

တနင်္သာရီမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ် ပထမအကြိမ်အဖြစ် ကျန်းမာရေးဌာနဝန်ထမ်း ၁၆၄ ဦးတို့ကို ဇန်နဝါရီလ ၂၇ ရက် နှင့်၂၈ ရက်က ထိုးနှံပေးပြီးဖြစ်သည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## ကသာခရိုင် ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်

**ကသာ မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ထောက်ပံ့လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကို ကသာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှတစ်ဆင့် ကသာခရိုင်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများအား ယမန်နေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ လွှဲပြောင်းပေးအပ်သည်။

မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ တာဝန်ရှိသူများက ကသာမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများဖြစ်သည့် PPE level-3 (PPE၊ N-95၊ လက်အိတ်၊ မျက်မှန်)များ ပါဝင်သည့် ဝတ်စုံများကို ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးအပ်ရာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ် ဒေါက်တာသွယ်သွယ်ထွန်းက လက်ခံယူကြောင်း၊ ထိုသို့ လွှဲပြောင်းပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ကျွန်းစုမြို့တွင် ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ကျွန်းစု မတ် ၂၀**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် မတ် ၁၅ ရက်မှစ၍ မတ် ၁၉ ရက်အထိ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲမင်းဦး နှင့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်ဆေးစစ်သည်များက ကြီးကြပ်ဆောင်ရွက်မှုဖြင့် ကျွန်းစုမြို့၊ အမှတ်(၁) ရပ်ကွက်ရှိ မြို့နယ်ခန်းမ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် မိသားစုဝင်များ၊ အသက် ၆၅ နှစ် အထက် သက်ကြီးရွယ်အိုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သာသနာ့ဝန်ထမ်း၊ ရဟန်းသံဃာတော်များနှင့် သီလရှင်များအား ပထမအကြိမ်အဖြစ် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ကာကွယ်ဆေးထိုးနှံခြင်းကို မတ် ၁၅ ရက်မှ ၁၈ ရက်အထိ ကာကွယ်ဆေး လာရောက်ထိုးနှံသူ စုစုပေါင်း ၆၂၁ ဦးရှိပြီး ကာကွယ်ဆေးထိုးနှံသူအချို့တွင် ဆေးအာနိသင် တုံ့ပြန်မှုကြောင့် ကိုယ်လက်ကိုက်ခဲပြီး တုပ်ကွေးရောဂါကဲ့သို့ ဝေဒနာခံစားရမှုများ ဖြစ်ပေါ်ခြင်း၊ ကိုယ်လက် မအီမသာမှုများ ဖြစ်ပေါ်လျက်ရှိပြီး ဆေးရုံဆေးခန်းများ၌ အရေးပေါ်တက်ရောက်ကုသမှုများ မရှိကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**


ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် တစ်ဦးနှင့်တစ်ဦးအချင်းချင်း

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန



### အသိပေး/သတိပေး

### ပြောကြားရမည့်အချက်များ

**၁ ကိုဗစ် - ၁၉ ရောဂါ ပြင်းထန်စွာခံစားရပုံ**

(ကိုဗစ် - ၁၉) ကူးစက်ခံရသူများအနက် အချို့သည် အသက်ရှူရ အလွန်ခက်ခဲသောကြောင့် အထူးကြပ်မတ်ကုသဆောင် (ICU) တွင် ကုသမှုအမျိုးမျိုး (အောက်စီဂျင်ပေးခြင်း၊ ပိုက်ထည့်၍ အသက်ရှူအားကူစက်တပ်ရခြင်း၊ သွေးရည်ကြည်ကုထုံးဖြင့် ကုသခြင်းစသည့် ...) ခံယူရပြီး အချို့သည် ရောဂါပြင်းထန်စွာခံစားရကာ အသက်သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။

**၂ ကိုဗစ် - ၁၉ ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ**

(ကိုဗစ် - ၁၉) ကူးစက်ခံရသူများအနက် အချို့မှာရောဂါပြန်လည်ကောင်းမွန် သက်သာလာသော်လည်း နောက်ဆက်တွဲရေရှည်ဆိုးကျိုးများဖြစ်သည့် နှလုံး၊ အဆုတ်၊ ဦးနှောက်နှင့် အာရုံကြောရောဂါများ၊ သွေးကြောများအတွင်း သွေးခဲခြင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှု ကြီးမားစွာခံစားရခြင်း၊ အလွန်အမင်း မောပန်းခြင်း၊ ချောင်းဆိုးခြင်းစသည့် နာတာရှည် ကျန်းမာရေးပြဿနာများ ခံစားရခြင်းတို့ကို တွေ့ရှိနေရပါသည်။

**၃ ကိုဗစ် - ၁၉ ရောဂါ ထိရောက်စွာ ကာကွယ်နိုင်ရန်အတွက်**

* တတ်နိုင်သမျှ အိမ်မှာနေပါ၊ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ပါ၊ လူအများနှင့်ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield) များကိုပါ တွဲဖက်တပ်ဆင်ပါ၊
* ပါးစပ်နှင့်နှာခေါင်းစည်း (Mask)နှင့် မျက်နှာအကာ (Face Shield) မတပ်သော ဈေးရောင်းသူများထံမှ ဈေး လုံးဝ (လုံးဝ) မဝယ်ပါနှင့်၊ ဈေးမသွားခင်တွင် ဝယ်ယူရန်စာရင်းကို အိမ်၌ရေးသားပြီးမှ ဈေးသို့ သွားရောက်ခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းနှင့် ဈေးထဲ၌အချိန်အတိုဆုံးဖြင့်ဝယ်ယူခြင်းတို့ လုပ်ဆောင်ကြပါ။
* တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ (၆)ပေအကွာ ခပ်ခွာခွာနေထိုင်ပါ၊ လူစုလူဝေးရှောင်ကြဉ်ပါ၊ လက်ကို စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျဆေးကြောပါ။
* အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင် / လေထွက်မကောင်းသောအခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ။
* အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိ အသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို / သွေးတိုး / နှလုံး စသည့်... နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ။
* ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း စသည်... သံသယရောဂါလက္ခဏာများ ခံစားရပါက ချက်ချင်းနီးစပ်ရာဆေးရုံသို့ သွားရောက်ပါ။
* ပြည်သူများအနေဖြင့် မိသားစုဝင်အချင်းချင်း၊ မိတ်ဆွေအချင်းချင်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း တစ်ဦးနှင့် တစ်ဦး အသိပေးပါ၊ သတိပေးပါ။

**၄ ကာကွယ်ရေးနည်းလမ်းတွေကို လူတိုင်း၊ မိသားစုတိုင်းက ပါဝင်ဆောင်ရွက်ရန် လိုပါသည်။**

အထက်ပါ ကာကွယ်ရေးနည်းလမ်းများကို လူတိုင်း၊ မိသားစုတိုင်းမှ တိကျစွာလိုက်နာဆောင်ရွက်ခြင်းမရှိပါက ထိန်းချုပ်ရန်ခက်ခဲသော လူအစုလိုက်အပြုံလိုက် (ကိုဗစ် - ၁၉) ဖြစ်ပွားမှုများစွာ ထပ်ခါထပ်ခါကြုံတွေ့ရနိုင်ပြီး မိမိတို့နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည့် ဖွံ့ဖြိုးတိုးတက်မှုများကို ကြီးမားစွာထိခိုက်နိုင်ပါသည်။

**လူတိုင်း၊ မိသားစုတိုင်း အနေဖြင့် -**

၁။ ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို စနစ်တကျတပ်ဆင်ပါ။
၂။ တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ။
၃။ လက်ကို မကြာခဏ ဆေးကြောပါ။
၄။ တစ်ဦးနှင့် တစ်ဦး အသိပေး၊ သတိပေးပါ။

ကျန်းမာရေးနှင့်စပ်လျဉ်း၍ ဆောင်ရန် ရှောင်ရန်များကို သိရှိနိုင်ရန်အတွက် ဤ QR Code ကို Scan ဖတ်ပါ။
မတ်လ၊ ၂၀၂၁

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၂၀ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့၏ မဲဆန္ဒရှင် စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မဲရုံပေါင်း ၅၃ ရုံ | ၅၆၀၂၈ | ၃၃၃၈၃ | ၁၉၃၄ | ၆၇ | ၁၉၃၄ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် မဲရုံပေါင်း ၂၃၈ ရုံ | ၂၇၃၄၈၁ | ၁၂၇၃၅၅ | ၂၃၇၆၃ | ၈၃၇ | ၁၆၈၂၈ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် မဲရုံပေါင်း ၃၈ ရုံ | ၃၃၂၈၈ | ၂၅၃၂၇ | ၇၁၂ | ၆ | ၃၂၄ |
| ၄ | ရန်ကုန်တိုင်းဒေသကြီးလှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မဲရုံပေါင်း ၂၈၇ ရုံ | ၂၇၈၂၁၉ | ၁၃၈၃၁၄ | ၅၂၉၂၅ | ၂၃၅ | ၈၀၅၈ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မဲရုံပေါင်း ၁၈၀ ရုံ | ၈၉၉၃၂ | ၈၇၀၀၇ | ၁၅၇၆၈ | ၁၇၈ | ၄၃၇၂ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်များ၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❖

# ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် COVID-19 ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် တာဝန်လဲလှယ်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ (၁၅)ကြိမ်မြောက် ထွက်ခွာ

နေပြည်တော် မတ် ၂၀

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ထားရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် COVID-19 ရောဂါကုသရေးဌာန (ဖောင်ကြီး)တွင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ပါရဂူများနှင့် ဆေးမှူးဆရာဝန်များ ပါဝင်သော ဆေးအဖွဲ့များက ပါဝင်ကူညီတာဝန်ထမ်းဆောင်လျက်ရှိသည်။

အဆိုပါ လှည်းကူးမြို့နယ် COVID-19 ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် (၁၄)ကြိမ်မြောက်အဖြစ်

*စာမျက်နှာ ၁၈ ကော်လံ ၁* ✤

# ရွှေပိတောက်ငါးဈေးကြီးတွင် ပုံမှန်အရောင်းအဝယ်ရှိနေပြီး မြို့နယ်ဈေးများသို့ ရေထွက်စားကုန်များ ဖြန့်ဖြူးပေးလျက်ရှိ

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မြို့နယ်များအတွက် ရေထွက် စားသောက်ကုန်များကို သီရိမင်္ဂလာဈေးနှင့် ကပ်လျက်ရှိသည့် ရွှေပိတောက်ငါးဈေးကြီးမှ နေ့စဉ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ယခုအခါ သွားလာမှု အဆင်ပြေချောမွေ့လာပြီဖြစ်၍ မြို့နယ်အသီးသီးရှိ ဈေးများ၌ ငါးဈေးများကျလာပြီး ပြည်သူများ အဆင်ပြေစွာ ဝယ်ယူစားသုံးနိုင်ပြီဖြစ်သည်။

*စာမျက်နှာ ၁၈ ကော်လံ ၁* ❍



ရွှေပိတောက်ငါးဈေးကြီးတွင် ရောင်းသူဝယ်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

**ကိုဗစ် - ၁၉ ကူးစက်မှုများ များလာသဖြင့် ရီယိုဒီဂျနေးရိုးတွင် ကမ်းခြေများပိတ်**

စာ ၁၂

**အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ လူနာသစ် ၅၆၅၆ ဦးရှိလာပြီး ထပ်မံသေဆုံးသူ ၁၀၈ ဦးရှိလာ**

စာ ၁၃



# လိဒ်စ်ကို ရှုံးနိမ့်ခဲ့ခြင်းကြောင့် လာမည့်ပွဲစဉ်များကို ရုန်းကန်ရတော့မည့် ဖူလ်ဟမ်

ပရီမီယာလိဂ်ပွဲစဉ် (၂၉) အဖြစ် ဖူလ်ဟမ်အသင်းနှင့် လိဒ်စ်အသင်းတို့ပွဲစဉ်ကို မတ် ၂၀ ရက် နံနက်ပိုင်းက ဖူလ်ဟမ် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လိဒ်စ်အသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ လိဒ်စ်အသင်းအတွက် ဂိုးများကို ဘမ်းဖို့ဒ်နှင့် ရာဖင်ဟာက သွင်းယူပေးနိုင်ခဲ့သည်။

စကော့ပါကား၏ ဖူလ်ဟမ်အသင်းသည် တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ရန်အတွက် ယနေ့ ပွဲစဉ်ကို လီမီနာ၊ ရိဒ်၊ မာဂျာ၊ လွတ်ခ်မန်း စသည့်အဓိကကစားများအဖြင့် ပွဲထွက်လာခဲ့သည်။ ဘီလ်ယဲလ်ဆာ၏ လိဒ်စ်အသင်းကလည်း ရလဒ်ကောင်းပိုင်ဆိုင်နိုင်ရန်အတွက် မက်စ်လီယာ၊ ဟာရစ်ဆင်၊ ရောဘတ်စ်၊ ဒါးလပ်စ်၊ ရာဖင်ဟာ၊ ဘမ်းဖို့ဒ် စသည့် ကစားသမားများဖြင့် ဖူလ်ဟမ်အသင်းကို ရင်ဆိုင်လာခဲ့သည်။

ပွဲချိန် ၈ မိနစ်တွင် လိဒ်စ်အသင်း ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။ လိဒ်စ်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၂၉ မိနစ်တွင်

*စာမျက်နှာ ၁၈ ကော်လံ ၅* ❐